
တာရေတာ

# ဝဋ်ကြွေးကြောင့် မိစ္ဆာ





## ုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ-ဦးဘုန်းဇော်(၀၀၄၅၃)

အမှတ်-၂၈၂၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ-ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ်-၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံး- မောင်နေကြည်

ကွင်းပန်းချီ- ကေလတ်

ကွန်ပျူတာ-ဇာနည်မော်

ာအုပ်ချုပ်- ဇာနည်

အုပ်ရေ-၁၀၀၀-အုပ်၊၂၀၂၀၊ ဇန်နဝါရီလ

တန်ဖိုး-၆၀၀-ကျပ်

ဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ်(၂၇)၊ မာန်ပြေ(၁၀)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်။

ဖုန်း၊ ၀၉၄၂၁၀၅၆၃၅၄၊ ၀၉၄၀၃၇၉၇၀၄၈

# တာတေ

# ဝိညာဉ်နတ်တဲ့မဖဲဝါ





# မာတိကာ



၁။ ဝိညာဉ်နှုတ်တဲ့မဖဲဝါ — စာ-၅

၂။ မဲကြီးအင်း — စာ-၅၀

၃။ သေမင်းနေတဲ့ရွာ — စာ-၉၂

၄။ တစ္ဆေကျောင့်းတဲ့နွား — စာ-၁၃၃

မြိုရှင် ★ တဝေ



# ဝိညာဉ်နှုတ်တဲ့မဖဲဝါ

ဒီနေ့တော့ ယာထဲကို အဘ မဆင်းနိုင်ဘူးဗျ။ ကျုပ်တစ်ယောက်တည်း ယာထွန်နေတာ။ မနက်ဝေလီဝေလင်းကတည်းက ကျုပ် ယာထွန်လိုက်တာ ဘန့်ဘွေးပင်အခင်းကြီး ပြီးကာနီးပြီဗျ။ နွားတွေလည်း ပန်းလာသလို ကျုပ်လည်း တော်တော်ပန်းလာပြီဗျို့။ တစ်မနက်လုံး မနားတမ်း ထွန်နေတာလေဗျာ။

အရှေ့ဘက်ကောင်းကင်

"တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ"

ဟော ပုဇွန်ရုံကျောင်းကတောင် ဆွမ်းစားဖို့ တုံးခေါက်နေပြီဗျာ။ ကျုပ်လည်း နွားတွေကို ထွန်တုံးကနေ ဖြုတ်လိုက်တယ်။ အရိပ်ကောင်းတဲ့ ဘန့်ဘွေးပင်ကြီးအောက်မှာ နွားတွေကို ချည်ထားလိုက်တယ်ဗျ။ လှည်းပေါ်မှာ ပါလာတဲ့ ပြောင်းရိုးအိတ်ထဲက ပြောင်းရိုးတွေကို ကျွေးလိုက်တယ်။

မလှမ်းမကမ်းက ဘန့်ဘွေးပင်ကြီးတစ်ပင်အောက်မှာ ထိုင်ပြီး ထမင်းစားဖို့ ထမင်းတောင်းလေးကို လှပ်လိုက်တယ်။

"ကိုကြီးတာတေ၊ ထမင်းစားတော့မှာလားဗျ"

"ဟကောင်တွေ၊ ကျောက်ခဲနဲ့ သံမဏိပါလား၊ မင်းတို့ ဘယ်သွားမလို့တုံး"

"ဘယ်မှမသွားဘူးဗျ၊ ကိုကြီးတာတေ တစ်ယောက်တည်း ယာထွန်နေတယ်ဆိုလို့ လိုက်လာကြတာ"

"ဟော...မင်းတို့ ငါ့အိမ်ကို ရောက်သွားကြလို့လား"

"ရောက်သွားတာပေါ့ ကိုကြီးတာတေရ၊ ညက အိပ်မက်အကြောင်းကို မေးချင်လို့ဗျ"

"ဘာ၊ အိပ်မက်ဟုတ်လား၊ ကျောက်ခဲ"

ဒီကောင်နှစ်ကောင် ကျုပ်ထမင်းစားနေတဲ့ဘေးမှာ ဝင်

ထိုင်လိုက်ကြရောဗျို့။

"အရီးက ဘာဟင်းကောင်း ချက်ပေးလိုက်တုံး ကိုကြီးတာတေ"

"မကောင်းပါဘူးကွာ၊ ခြံစည်းရိုးဟင်းပါပဲ၊ ပြီးတော့ ပဲကြီးလေး နှပ်ပေးလိုက်တယ်၊ မင်းတို့ရော ထမင်းစားခဲ့ပြီးပြီလား"

"ကျုပ်တို့ စားပြီးမှ ကိုကြီးတာတေတို့အိမ်ကို သွားကြတာဗျ၊ ဟိုရောက်တော့ ဘိုးညဏ်က ပြောလို့ ဘန့်ဒွေးပင်အခင်းမှာ ကိုကြီးတာတေ ယာထွန်လို့ ရှိတယ်ဆိုတာနဲ့ ကျုပ်တို့နှစ်ယောက် လိုက်ချလာတာဗျ"

ကျုပ်က ထမင်းစားသောက်ပြီးတော့ ထမင်းတောင်းထဲက ရေနွေးကြမ်းကရားကို ထုတ်လိုက်တယ်။ စဉ့်ရေနွေးကရားလေးကို ပုဆိုးဟောင်းလေးနဲ့ ကျစ်နေအောင် ထုတ်ထားတော့ ရေနွေးကြမ်းက နွေးနေတုန်း ရှိသေးတာဗျ။ ပုဆိုးနဲ့ ပတ်တဲ့အခါ ရေနွေးကရားရဲ့ နှုတ်သီးလေးကိုဖော်ပြီး ပတ်ရတာဗျ။ ဒါမှ ရေနွေးကြမ်းငှဲ့ရင် ပုဆိုးကို ဖြည်စရာမလိုဘဲ ဒီအတိုင်း ငှဲ့လို့ရတာပေါ့ဗျာ။

ကျုပ်က အကြမ်းပန်းကန်လုံးထဲကို ရေနွေးကြမ်းငှဲ့ပြီး

တစ်ငုံသောက်လိုက်တယ်။ ပြီးတော့ နဂါးဆေးပေါ့လိပ်ကလေး တစ်လိပ် မီးညှိပြီး သုံးလေးဖွာ ဆက်တိုက်ဖွာပစ်လိုက်တယ်။ တစ်ချက် နှစ်ချက် ရှိုက်လိုက်ပြီးတော့မှ ရေနွေးကြမ်းကို ဖူးကနဲ သောက်ပစ်လိုက်တယ်။

“ကျောက်ခဲနဲ့ သံမဏိ အကြမ်းသောက်ကြ၊ ထမင်း တောင်းထဲမှာ အမေထည့်ပေးလိုက်တဲ့ ကြံသကာပြားရှိတယ်၊ ယူစားကြ၊ ရေနွေးကြမ်းနဲ့ သောက်ကြကွာ”

“ဟုတ်ကဲ့ ကိုကြီးတာတေ”

ထမင်းစားပြီးရင် ဘန့်ဒွေးပင်ရိပ်မှာ တစ်မှေးလောက် မှေးမလို့ဗျ။ ဒါပေမဲ့ ကျောက်ခဲတို့ ရောက်လာတော့ မမှေးဖြစ် တော့ဘူးပေါ့ဗျာ။

“နေပါဦး ကျောက်ခဲရဲ့၊ မင်းက ဘာအိပ်မက် မက်လို့ တုံးကွ”

ကျုပ်က မေးလိုက်တော့ ကျောက်ခဲက သောက်မလို့ ကိုင်ထားတဲ့ ရေနွေးကြမ်းပန်းကန်ကို မသောက်တော့ဘဲ သံမဏိ လက်ထဲကို ထည့်ပေးလိုက်တယ်။ သံမဏိကတော့ ထုံးစံအတိုင်း ပေါ့ဗျာ။ မေးနိုင်မှ စကားတစ်ခွန်းပဲ ပြောတဲ့ကောင်ဗျ။ တစ်ခွန်း မေးမှ တစ်ခွန်းဖြေတဲ့ကောင်၊ ဘာမှမမေးရင် ဘာမှမဖြေဘဲ

ပါးစပ်ကြီးပိတ်ပြီး ထိုင်နေတာဗျ။

"ဒီလို ကိုကြီးတာတေရဲ့၊ ကျုပ်က လေထဲမှာ ရောက်နေတာဗျ"

"ဟော…ဟုတ်လား၊ ကောင်းကင်မှာလား"

"မဟုတ်ဘူးဗျ၊ အိမ်ထဲမှာပဲ၊ လေထဲမှာ မျောနေသလိုပဲဗျ၊ ကျုပ် အောက်ကို ငုံ့ကြည့်လိုက်တော့ ဖျာပေါ်မှာ စောင်ခြုံပြီး ခွေခွေလေး အိပ်နေတဲ့ ကျုပ်ကို မြင်နေရတယ်ဗျ။ ကျုပ်ပြောတာ ကိုကြီးတာတေ နားရှုပ်သွားပြီလား မသိဘူး၊ ကျုပ်ပြောချင်တာက လေထဲမှာလည်း ကျုပ်ပဲဗျ၊ ဖျာပေါ်မှာ အိပ်နေတာလည်း ကျုပ်ပဲဗျ၊ ကျုပ်က နှစ်ယောက်လိုဖြစ်နေတဲ့ သဘောပေါ့ဗျာ။ ကျုပ် ဒီလိုအိပ်မက်မျိုး တစ်ခါမှ မမက်ဖူးဘူးဗျ။ ဒီအိပ်မက်က ဘာကို များ နိမိတ်ပြတာတုံး ကိုကြီးတာတေရဲ့၊ ကျုပ် သေများသေမလို့လား ကိုကြီးတာတေ"

"ဟာ…မသေပါဘူး ကျောက်ခဲရာ၊ အဲဒါ အိပ်မက်မဟုတ်ဘူးကွ၊ မင်း အိပ်နေတုန်းမှာ မင်းကိုယ်က ကိုယ်ပွားထွက်သွားတာကွ"

"ဗျာ၊ ကိုယ်ပွား၊ ဟုတ်လား ကိုကြီးတာတေ"

"ဟုတ်တယ် ကျောက်ခဲ၊ ထုတ်တတ်ရင် လူ့တိုင်း

ကိုယ်ပွားထုတ်လို့ရတယ်၊ တစ်ခါတလေကျတော့လည်း ကိုယ်ပွားက မထုတ်ဘဲ သူ့ဟာသူ ထွက်လာတာလည်း ရှိတယ်ကွ၊ မင်းတို့ ငါတို့တွေ အိပ်ပျော်နေတုန်းမှာ မရောက်ဖူးတဲ့နေရာတွေ ရောက်သွားတာတို့၊ မမြင်ဖူးတဲ့သူတွေကို မြင်ရတာတို့၊ မဖူးဘူးတဲ့ ဘုရားတွေ ဖူးရတာတို့ အိပ်မက်တွေ မက်ဖူးတယ်မို့လားကွ"

"ဟုတ်တယ်၊ မက်ဖူးတယ် ကိုကြီးတာတေ"

ဒီတစ်ခါတော့ ပါးစပ်အမြဲပိတ်ထားတဲ့ သံမဏိက ဝင်ပြောတာဗျို့။

"ဟေ…ဟုတ်လား သံမဏိ၊ မင်း အဲဒီလို အိပ်မက်တွေ မက်ဖူးလား"

"မက်ဖူးတယ်ဗျ၊ တစ်ခါမှ မရောက်ဖူးတဲ့ ဘုရားတွေကို မကြာ မကြာ ရောက်သွားပြီး ဖူးရတယ် ကိုကြီးတာတေရ"

"အေး…အဲဒါ မင်းကိုယ်ထဲက ကိုယ်ပွားထွက်သွားပြီး ရောက်သွားတာကွ"

"ဟာ…ဒါဆိုရင် ကျုပ် တကယ်ဖူးရတာပေါ့ ဟုတ်လား ကိုကြီးတာတေ"

"ဟုတ်တယ် သံမဏိ၊ အဲဒါ တကယ်ဖူးရတာကွ"

ကျုပ်ပြောတာကို စဉ်းစားနေတဲ့ ကျောက်ခဲက ကျုပ်ကို

မေးရောဗျို့။

"ကိုကြီးတာတေ၊ ကိုယ်ပွားဆိုတာ ဘယ်လိုဟာတုံးဗျ"

"ဒီလိုကွ ကျောက်ခဲရ၊ မင်းတို့ ငါတို့တွေရဲ့ ခန္ဓာကိုယ်ကြီးကို ရုပ်ကြမ်းလို့ ခေါ်တယ်ကွ၊ အတွင်းမှာ ငါတို့ရုပ်နဲ့ တစ်ပုံစံတည်းတူတဲ့ ရုပ်နုတစ်ခု ကိန်းအောင်းနေတယ်ကွ"

"ဟာ ဟုတ်လား ကိုကြီးတာတေ၊ ဒါတွေကို ကိုကြီးတာတေ ဘယ်လိုသိတာတုံး"

"ဒါတွေကို ငါ ခုနစ်တန်းလောက်ကတည်းက သိတာကွ ကျောက်ခဲရ၊ မြို့မှာ ကျောင်းသွားတက်တုန်းက ဘချစ်လို့ ခေါ်တဲ့ သူငယ်ချင်းတစ်ယောက် ငါ့မှာ ရှိခဲ့ဖူးတယ်။ ဒီကောင် ဘချစ်က စကားပြောရင် အထစ် အထစ်နဲ့ ပြောတာကွ၊ စကားလွတ်ထစ်တာ၊ ဒါကြောင့် ဒီကောင်ကို ဘချစ်လို့ မခေါ်ဘဲ ဘထစ်လို့ ခေါ်ကြတာ၊ ဘချစ်က မြို့က သုသာန်ကျောင်းမှာနေတာ ကျောက်ခဲရ။ သုသာန်ကျောင်းဆရာတော်က ဘချစ်ကို မွေးစားထားတာ၊ သုသာန်ကျောင်းမှာက လူတော်တော်စုံတာကွ၊ အထက်လမ်းဆရာကြီးတွေ၊ အထက်လမ်းလိုက်တဲ့ ဘုန်းကြီးတွေ၊ ဝိဇ္ဇာလိုင်းလိုက်တဲ့လူတွေ အစုံလာပြီး တည်းကြခိုကြတာကွ။ တစ်ခါတလေ ဘချစ်တို့ ဘုန်းကြီးကျောင်းရှိတဲ့ သုသာန်မှာ

အောက်လမ်းဆရာတွေလည်း ရောက်လာတတ်တယ်ကွ။ ဒီတော့ ဘချစ်က ငယ်ငယ်ရွယ်ရွယ်နဲ့ အတတ်ပေါင်းစုံ တတ်နေတော့တာ ပေါ့ကွာ။ ဒီကောင်က ကိုယ်ပွားထုတ်တတ်တယ်ကွ။ နောက်တော့ ဘချစ်က ကိုယ်ပွားထုတ်တဲ့နည်းငါ့ကို သင်ပေးတယ်၊ တော်တော်တော့ လေ့ကျင့်ရသားကွ ကျောက်ခဲရ၊ နောက်တော့ ငါလည်း ကိုယ်ပွားထုတ်တတ်သွားတယ်"

"ဟာ...ဟုတ်လား ကိုကြီးတာတေ၊ ဒါဆိုရင် ကျုပ်ကို ကိုယ်ပွားထုတ်နည်း သင်ပေးဗျာ"

ကျောက်ခဲက ကျုပ်လိုပဲ လွတ်စပ်စုတဲ့ကောင်ဗျ။ ဒီကောင် မသိချင်တာ မတတ်ချင်တာ ဘာမှမရှိဘူး။

"မလုပ်နဲ့ ကျောက်ခဲ၊ အန္တရာယ်များတယ်၊ အချိန်နဲ့ အခါနဲ့ ပြန်မဝင်တတ်ရင် ဒုက္ခတွေ ဖြစ်ကုန်တတ်တယ်၊ ငါတောင် မှ တစ်ခါ အချိန်တွေကျော်သွားလို့ ငါ့အမေ ဆရာတွေ ဘာတွေ ပင့်ပြီး ပြန်ခေါ်ယူခဲ့ရတာ၊ အဲဒီနောက်ပိုင်း ဒါတွေကို ငါသိပ် မလုပ်တော့ဘူးကွ"

"ဒါဆိုရင် ညကဖြစ်တာ ကျုပ်ကိုယ်ထဲက ကိုယ်ပွား ထွက်သွားတာပေါ့ ဟုတ်လား ကိုကြီးတာတေ"

"အေး ဟုတ်တယ်၊ မင်းကိုယ်ထဲက ကိုယ်ပွားက မင်းရဲ့

ခန္ဓာကိုယ်ကို ပြန်ပြီးတော့ မြင်နေရတာကွ၊ ဒါပေမဲ့ ခဏနေရင် မင်းကိုယ်ထဲကိုပဲ ပြန်ရောက်သွားမှာပါ"

ကျုပ် ယာပြန်ထွန်တော့ ကျောက်ခဲနဲ့ သံမဏိက တစ်လှည့်စီ ဝင်ထွန်ကြတယ်ဗျ။ ဒါပေမဲ့ ယာထွန်တယ်ဆိုတာက ထွန်သွားခြစ်ခွဲရုံနဲ့ ရတာမဟုတ်ဘူးလေဗျာ။ အောက်ကို ထွန်သွား နက်နက်ဝင်အောင် ထွန်ရတာဗျ။ ဒါမှ မြေဆီက အပေါ်ကို တက်လာတာ။ မြေဆီများများတက်မှ သီးနှံက အောင်တာဗျ။ ကျောက်ခဲနဲ့ သံမဏိကတော့ ယာထွန်တဲ့သဘောကို သိနေကြတဲ့ ကောင်နှစ်ကောင်ဗျို့။ ဒီကောင်နှစ်ကောင် တော်တော်လေး ထွန် ဘတ်ကြတယ်။ ဒါပေမဲ့ အားတော်တော်စိုက်လုပ်ရတော့ ပင်ပန်း ကြတာပေါ့ဗျာ။

ကျုပ် ယာထွန်တာပြီးတော့ ညနေစောင်းနေပြီ။ ထွန်တုံး ဖြုတ်ပြီး လှည်းပေါ်တင်တယ်။ နွားတွေကို လှည်းပေါ်မှာတပ်ပြီး ရွာကို ပြန်ခဲ့ကြတယ်။ အပြန်မှာ ကျုပ် လှည်းမမောင်းရပါဘူး။ ကျောက်ခဲနဲ့ သံမဏိပဲ တစ်လှည့်စီ မောင်းခဲ့ကြတာပါဗျာ။

အိမ်ရောက်တော့ အဘလည်း တော်တော်နေကောင်းနေ ပါပြီ။

ကျုပ်က နွားတွေဖြုတ်၊ အစာကျွေး ရေတိုက် လုပ်ရ

တယ်။ ကျောက်ခဲနဲ့ သံမဏိကတော့ လမ်းမှာတင် လှည်းပေါ်က ဆင်းပြီး နေခဲ့ကြတာဗျ။

ယာခင်းတွေအားလုံးထွန်ပြီး နှမ်းကြဲပြီး နှမ်းပင်တွေ ပေါက်လာလို့ ပေါင်းတစ်ခါလိုက်ပြီးတဲ့အချိန်ကျမှ အလုပ်က နည်းနည်းပါးသွားတာဗျို့။ မနက်ကို အိပ်ရေးဝဝ အိပ်ကြရတာ ပေါ့ဗျာ။

အိပ်ရာကနိုးတော့ မနေ့က ကျန်တဲ့ဝက်သားဟင်းကျန်နဲ့ ထမင်းကြမ်း စားလိုက်တယ်ဗျ။ ဝက်သားကို သရက်သီးခြောက် ကလေး ရေစိမ်ပြီး ထည့်ချက်တော့ စားလို့ကောင်းတော့တာပေါ့ ဗျာ။ အိမ်ရှေ့ခန်းက ခုံတန်းလျားလေးမှာထိုင်ပြီး ရေနွေးကြမ်း သောက်လိုက်၊ နဂါးဆေးပေါ့လိပ်ကလေး ဖွာလိုက်နဲ့ အညာသား စည်းစိမ်လေး ယစ်နေတာပေါ့ဗျာ။

"တာတေရေ၊ တာတေ"

"ဗျာ၊ လာဗျို့ ကျုပ်ရှိတယ် လာ၊ လာ"

ဘယ်သူမှန်းမသိဘဲ ကျုပ်က ရမ်းအော်လိုက်တာဗျ။

ပြီးတော့မှ ဝိုင်းဝကို လှမ်းကြည့်လိုက်တော့ ခေါင်းမှာ ဝါးဖတ်ခမောက်ကလေး ဆောင်းထားပြီး လက်ထဲမှာ ဝါးတုတ် ကလေးတစ်ချောင်းကိုင်လို့ ဝိုင်းထဲကို ခပ်သုတ်သုတ် လျှောက်ဝင်

လာတာ ဘန့်ဘွေးကုန်းက ဝက်သိုးအစ်ကိုကြီး ကိုဆောင်းတင်ဗျ။

ကိုဆောင်းတင်က ဝက်သိုးတို့အစ်ကိုအကြီးဆုံး အသက်က လေးဆယ်လောက် ရှိပြီ။ ကျုပ်ဆီကို တစ်ခါမှ လာဖူးတာ မဟုတ်ဘူးဗျ။

"ဟာ၊ ကိုကြီးဆောင်းတင် လာဗျ"

ကျုပ်က အိမ်ပေါက်ဝထွက်ပြီး ရိုရိုသေသေ ခေါ်လိုက်တယ်။

"အရီး နေကောင်းလား၊ ဘိုးညာဏ်ရော ဘယ်သွားတုံး"

"ဟဲ့ ဆောင်းတင်ပါလား၊ နင် ဝနေပါလား ဆောင်းတင်ရဲ့၊ ဘယ်သူတုံးဆိုတာ မနည်းကြည့်ယူရတယ်၊ နင့်ဘိုးညာဏ်တော့ ဘိုးညီလေးအိမ် သွားတယ်"

"ဩော်...ဘိုးညီလေးရော နေကောင်းရဲ့လား အရီးရဲ့"

"ဒူးတွေနာလို့တဲ့ဟယ့်၊ အဲဒါ နင့်ဘိုးညာဏ်က လိမ်းဆေး သွားပေးတာ"

"အင်း အသက်ကြီးလာရင် ဒီအတိုင်းပဲ အရီးရေ၊ ကျုပ် အဘလည်း ဟိုတလောက ခါးနာလို့ဗျာ၊ ခါးကြီးကိုင်းပြီး လျှောက်နေရတာ အထိုင်အထဆို အော်ချည်းနေရတာ အရီးရေ"

"ဟေ...ဟုတ်လား၊ နို့ နင့်အဘ ကိုပိုင်းက အသက်

ဘယ်လောက်ရှိပြီလဲ ဆောင်းတင်ရဲ့"

"ဟာ အဘက ခုနစ်ဆယ်ကျော်ပြီလေ အရီးရဲ့"

"အခုရော ခါးက နာတုန်းပဲလား"

"ပျောက်သွားပြီ အရီးရဲ့၊ ကပ္ပလီစုက ဆေးထိုးဆရာ ပင့်ပြီး ဆေးထိုး ဆေးသောက် လုပ်လိုက်တာ ကောင်းသွားပြီ"

"အေး အေး၊ တော်သေးတာပေါ့၊ ကဲ နင့်ညီ တာတေနဲ့ စကားပြောကြဦး၊ အရီး ဟင်းချက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အရီး"

"ကိုကြီးဆောင်းတင်၊ ကျုပ်ဆီလာတာ ကိစ္စရှိလို့လား"

"ငါ မနေ့က မြို့သွားတာ မင်းဆရာကြီး ဘိုးလူပေနဲ့ တွေ့ခဲ့လို့ကွ၊ ဘိုးလူပေက မင်းကို ပေးပေးပါဆိုပြီး စာတစ်စောင် ပေးလိုက်တယ်၊ ရော့ ဒီမှာ ဘိုးလူပေ ပေးတဲ့စာ"

ကိုကြီးဆောင်းတင်က ကျုပ်ကို စာတစ်စောင် လှမ်းပေးတယ်။ ကိုကြီးဆောင်းတင် ရေနွေးကြမ်းသောက်ပြီး ကျုပ် တည်ထားတဲ့ နဂါးဆေးပေါ့လိပ်ကလေး ဖွာနေတုန်းမှာ ကျုပ်က ဘိုးလူပေ ပေးလိုက်တဲ့စာကို စာအိတ်ဖောက်ပြီး ဖတ်လိုက်တယ်။

*လူကလေး မောင်တာတေ*

*ကိစ္စ အရေးကြီးလို့ မြို့ကို အမြန်လာခဲ့ပါ၊ ပြီးရင်*

*ရန်ကုန်ကို ခရီးဆက်ရမယ်၊ အဝတ်အစား အပိုထည့်ယူခဲ့ပါ၊ နှစ်ရက် သုံးရက် ကြာနိုင်တယ်။*

*ဘိုးလူပေ*

ကိုကြီးဆောင်းတင် ပြန်သွားတာနဲ့ ကျုပ်က ခရီးထွက်ဖို့ ပြင်လိုက်တယ်။ အဘနဲ့ အမေကို ဘိုးလူပေဆီက စာကိုပြပြီး ခွင့်တောင်းလိုက်ရတာပေါ့ဗျာ။ အဘနဲ့ အမေကလည်း ခွင့်ပြုကြပါတယ်။ နောက်နေ့ မနက်စောစော ဘန့်ဘွေးကုန်းကထွက်တဲ့ ကားနဲ့ ကျုပ် မြို့ကိုလိုက်ခဲ့ရတယ်။

မြို့ရောက်တော့ ဘိုးလူပေက ကားဂိတ်ကနေ ကျုပ်ကို စောင့်ကြိုနေတယ်ဗျ။

"မောင်တာတေရေ၊ ဒီလောကမှာ မဖြစ်နိုင်လောက်အောင် ထူးဆန်းတဲ့ အဖြစ်အပျက်ကို မင်း မြင်ရတော့မှာဟေ့"

"ဟင် ဟုတ်လား ဆရာကြီး၊ ဘာတွေများ ဖြစ်လို့တုံးဗျာ"

ဆရာကြီး တည်းခိုတဲ့ ဘုန်းကြီးကျောင်းမှာပဲ ကျုပ်လိုက်တည်းလိုက်တယ်။ ဘကြီးအိမ်ကို ကျုပ် မသွားတော့ဘူး။ ဘုန်းကြီးကျောင်းမှာ တစ်ညအိပ်ပြီး မနက်ကားနဲ့ ရန်ကုန်ကို သွားဖို့ ဘိုးလူပေက စီစဉ်ထားပြီးသားဗျ။ ညရောက်တော့ ဘိုးလူ

သော ကျော်ကို ထူးဆန်းတဲ့ အဖြစ်အပျက်ကြီး ပြောပြတော့တာ ဗျို့။ ဘိုးလူပေ ပြောတာက ဒီလိုဗျ။

ရန်ကုန် ပုဇွန်တောင်က ထွက်လာတဲ့ သီတာ(၁) ကူးတို့ သင်္ဘောကြီး သန်လျင် သီတာဆိပ်ကို ကပ်တာနဲ့ အလုအယက် တိုးဝှေ့တက်လာတဲ့ လူတွေကြားမှာ ကိုကျော်သောင်း ဆိုတဲ့ လူတစ်ယောက်လည်း ပါလာတယ်တဲ့ဗျ။ ကိုကျော်သောင်း ဆိုတဲ့ လူက အရုပ်ခပ်ပြတ်ပြတ်၊ ကိုယ်လုံးကိုယ်ထည် ခပ်ကျစ်ကျစ်၊ အသားညိုညို၊ ဆံပင်တိုတိုနဲ့တဲ့ဗျ။ ထူးခြားတာက ကိုကျော် သောင်းရဲ့ မျက်လုံးတွေတဲ့ဗျို့။ ကိုကျော်သောင်းရဲ့ မျက်လုံးတွေက ခွန်ရဲတစ်ကောင်ရဲ့ မျက်လုံးတွေကို စူးရဲပြီး လျှင်မြန်တဲ့ အကြည့် တွေ ရှိသတဲ့ဗျ။

ခရမ်းသုံးခွဘက်ကို သွားတဲ့ကားဂိတ်မှာ အနီရောင် ဂျစ်ကားတွေက ရပ်စောင့်ပြီး လူတင်နေကြတာတဲ့ဗျ။ ကိုကျော် သောင်းက ခရမ်းကားတစ်စီးကို ဈေးမေးပြီး ကားပေါ်တက်ထိုင် လိုက်တယ်။ ဂျစ်ကားပေါ်မှာ သူ့အရင်ရောက်နေတဲ့ မိန်းမ နှစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်က သူတို့နဲ့ အတူသွားမယ့် ကိုကျော်သောင်းကို တစ်ချက်ကြည့်လိုက်ကြတယ်။

"ကဲ..ခရမ်းမှာ ကိစ္စရှိလို့ လူမစောင့်တော့ဘူး၊ ခရီးသည်

လေးယောက်နဲ့ပဲ မောင်းပေးမှာနော်"

လို့ ကားသမားက ပြောပြီး ကားကို စက်နှိုးလိုက်တယ်။ ကားပေါ်ပါလာတဲ့ မိန်းမနှစ်ယောက်ထဲက ခပ်ရွယ်ရွယ် မိန်းမက မခင်မြိုင်လို့ ခေါ်တယ်တဲ့ဗျ။ သူက ရေကျော်ဘက်မှာ နေတာတဲ့။ စက်ချုပ်သင်တန်း ဖွင့်ထားတဲ့ ဆရာမတဲ့ဗျာ။ သူနဲ့အတူပါလာတဲ့ မိန်းမက မလှမေတဲ့။ မခင်မြိုင်ရဲ့ စက်ချုပ်သင်တန်းမှာ မခင်မြိုင်ကို အစစအရာရာ ဝိုင်းဝန်းလုပ်ကိုင်ပေးနေတဲ့ မခင်မြိုင်ရဲ့ လက်ထောက် စက်ချုပ်ဆရာမတဲ့။ သူတို့နှစ်ယောက်ကတော့ မိန်းမပီပီ တစ်လမ်းလုံး စကားတွေ တွတ်ထိုးလာကြပေမယ့် ကိုကျော်သောင်းနဲ့ တခြားယောကျ်ားခရီးသည်ကတော့ စကားမပြောဘဲ ကိုယ့်အတွေးနဲ့ကိုယ် စီးလာကြတာဆိုပဲ။

ကျိုက်ခေါက်ဘုရားကျော်တော့ ဂျစ်ကားလေးက ခရမ်းဘက်ကို ကွေ့လိုက်တယ်တဲ့။ ဒီမှာ ဘိုးလူပေက ကျုပ်ကို ပြောပြတာက ကိုကျော်သောင်းအကြောင်းဗျ။ ကိုကျော်သောင်းက အိမ်ခြေယာခြေ အတည်တကျမရှိဘဲ နယ်လှည့်သွားလာနေတဲ့ ဗန်ဒိုဆရာတစ်ယောက်ဆိုပဲ။ အနယ်နယ် အရပ်ရပ်မှာ ကိုကျော်သောင်းရဲ့ တပည့်တပမ်း တော်တော်များတယ်တဲ့ဗျ။ အခုလည်း ခရမ်းနားက ရွာကလေးတစ်ရွာမှာ ဗန်ဒိုသင်ချင်တဲ့လူတွေ စုထား

ပြီး သူ့ကိုခေါ်လို့ သင်တန်းပေးဖို့လာတာဆိုပဲ။ သူ့ရဲ့ တပည့် ယောင်းတစ်ယောက်ဖြစ်တဲ့ မောင်ကွန့်ဆိုတဲ့လူက စီစဉ်ပေးတာတဲ့ ဗျ။

စက်ချုပ်ဆရာမ မခင်မြိုင်နဲ့ သူ့အဖော် မလှမေတို့က တော့ ခရမ်းမှာနေတဲ့ မခင်မြိုင်ရဲ့ အဒေါ်တစ်ယောက် နေမကောင်း လို့ သတင်းမေးလာကြတာတဲ့ဗျ။

ကိုကျော်သောင်းတို့ လိုက်လာတဲ့ ဂျစ်ကားလေးက ခရမ်း မရောက်ခင်မှာ ဝါးလှည်းတစ်စီးကို အရှိန်နဲ့ ကျော်အတက် ဘရိတ် ပြုတ်ပြီး လမ်းဘေးကို တလိမ့်ခေါက်ကွေး ထိုးကျသွားရောတဲ့ဗျို့။

ကားမောင်းတဲ့သူကတော့ နေရာမှာတင် ပွဲချင်းပြီး သေ သွားတယ်တဲ့။ ခရီးသည်လေးယောက်ကတော့ ဒဏ်ရာတွေပဲ ရကြတယ်။ ဒါပေမဲ့ ဗန်ဒိုဆရာ ကိုကျော်သောင်းနဲ့ စက်ချုပ်ဆရာမ မခင်မြိုင်ကတော့ ဒဏ်ရာပြင်းလို့ လုံးဝကို သတိမရကြတာတဲ့ဗျို့။ ခရမ်းဆေးရုံကို တင်လိုက်ကြရတယ်တဲ့။

မခင်မြိုင်ကိုတော့ သူနဲ့ အဖော်ပါလာတဲ့ မလှမေက စောင့်ရှောက်ပေးပေမယ့် တစ်ယောက်တည်းလာတဲ့ ဗန်ဒိုဆရာ ကိုကျော်သောင်းကိုတော့ စောင့်ရှောက်မယ့်သူ မရှိဘူးပေါ့ဗျာ။ တော်တော်ကြာတော့မှ ခရမ်းကားဂိတ်မှာ ကိုကျော်သောင်းကို

ကြိုဖို့ရောက်လာတဲ့ မောင်ကွန့်က ကားမှောက်တဲ့သတင်းရလို့ ဆေးရုံလာကြည့်သတဲ့။ ဒီတော့မှ သူ့ဆရာ ကိုကျော်သောင်း ဆေးရုံပေါ်မှာ သတိမေ့နေတာကို သွားတွေ့တာတဲ့ဗျို့။ ဒီတော့မှ မောင်ကွန့်လည်း သူ့ဆရာဘေးမှာနေပြီး စောင့်ရှောက်ရတာပေါ့ဗျာ။

ညသန်းခေါင်ကျော်လောက် ရောက်တော့မှ ကိုကျော်သောင်း သတိရလာတာတဲ့ဗျ။ အဲဒီအချိန်မှာပဲ စက်ချုပ်ဆရာမ မခင်မြိုင်လည်း သတိရလာသတဲ့ဗျို့။ ဆရာဝန်နဲ့ ဆရာမတွေလည်း တစ်ညလုံးစောင့်ပြီး ကုသပေးကြတာတဲ့ဗျာ။ ကိုကျော်သောင်းရော၊ မခင်မြိုင်ရော သတိရတယ်ဆိုပေမယ့် ဘာမှမမှတ်မိကြဘူးတဲ့ဗျ။ အတိတ်မေ့သွားတဲ့လူတွေလို ဖြစ်နေတာတဲ့ဗျာ။ နောက်တစ်နေ့ရောက်တော့ မခင်မြိုင်ကို သူ့အဖော် မလှမေက ရန်ကုန်ပြန်ခေါ်သွားပြီး ရန်ကုန်ဆေးရုံကြီးမှာ ဆက်ကုတယ်ဆိုပဲ။ ကိုကျော်သောင်းကိုတော့ သုံးရက်အကြာမှာ သူ့တပည့် မောင်ကွန့်က သူ့ရွာကို ခေါ်သွားခဲ့တယ်တဲ့။

မခင်မြိုင်က ဆေးရုံက ဆင်းပြီးတော့ ရေကျော်က သူ့အိမ်မှာ ပြန်နေပေမယ့် ဘာကိုမှ မမှတ်မိသလို ငိုင်တိုင်တိုင်ကြီး ဖြစ်နေလို့ စက်ချုပ်သင်တန်း မပေးနိုင်တော့ဘဲ သင်တန်းကို ပိတ်ထားလိုက်ရတယ်တဲ့။ တစ်ညကျတော့ ညအိပ်နေရင်း မခင်မြိုင်

ထန့်အော်လိုက်တာကို အိမ်နီးနားချင်းတွေပါ ကြားကြတယ်ဆိုပဲ ဗျာ။ အဲဒီမှာတင် မခင်မြိုင်ဟာ အားလုံးကို ပြန်သတိရသွားသတဲ့ ဗျို့။ မလှမေကလည်း သူ့အိပ်ခန်းထဲကနေ ပြေးထွက်လာတော့ ညအိပ်မီးလုံးလေးအောက်မှာ ထိုင်နေတဲ့ မခင်မြိုင်က မလှမေကို မမြင်ဖူးသလို စိုက်ကြည့်နေပြီးတော့မှ…

"ခင်ဗျားက ဘယ်သူတုံး"

"ဟင်…မြိုင်၊ မြိုင် ဘာဖြစ်တာလဲ၊ ကျွန်မက မလှမေ လေ"

"ဘာ…မြိုင် ဟုတ်လား၊ ဘယ်က မြိုင်လဲ၊ ကျုပ်က မြိုင်မဟုတ်ဘူး၊ ကျုပ်နာမည် ကျော်သောင်း၊ ဗန်ဒိုကျော်သောင်း ဗျ"

ပြောပြောဆိုဆိုနဲ့ မခင်မြိုင်က သူ့ကိုယ်သူ ငုံ့ကြည့်လိုက်တော့…

"ဟာ…ဒါ ထဘီကြီးပဲ၊ ဒါ ဘယ်လိုဖြစ်တာတုံး၊ ကျုပ်က ဘာဖြစ်လို့ ဒီထဘီကြီး ဝတ်ထားရတာတုံးဗျ၊ ကျုပ်က မိန်းမဆိုရင် အင်မတန်ရွံမုန်းတဲ့ အကောင်၊ ဒါကြောင့် ဒီကနေ့ အထိ အိမ်ထောင်မပြုတာ၊ ဘယ်မိန်းမနဲ့မှလည်း ကျုပ် မပတ်သက်ခဲ့ဘူး။ အခု ဘယ်လိုဖြစ်လို့ ကျုပ်က ကျုပ်မုန်းတဲ့ ထဘီကြီး

ကို ဝတ်ထားရတာတုံး"

"မဟုတ်ဘူးလေ မြိုင်၊ မြိုင် ဘာတွေပြောနေတာတုံး၊ မြိုင်က မိန်းမမို့လို့ ထဘီဝတ်ထားတာလေ"

"ဘာမြိုင်လဲ၊ ကျုပ်ကို နှောက်ထပ် မြိုင်လို့ မခေါ်နဲ့၊ ထပ်ခေါ်ရင် ခင်ဗျားကို ကျုပ်ရဲ့ ဇန်ဒိုလက်သီးစာ ကျွေးပစ်မယ်၊ ကြားလား ကျုပ်ပြောတာ"

မလှမေလည်း မခင်မြိုင်ကို ဘာပြောရမှန်း မသိအောင် ဖြစ်သွားပြီး ကြည့်နေရတဲ့ဗျို့။ ဒီမှာတင် မခင်မြိုင်က မတဲ့တတ် ထရပ်ပြီး ဘီရိုက ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ သူ့ကိုယ်သူ သွားကြည့်လိုက်တယ်တဲ့။

"ဟာ…ဒါက ဘယ်လိုဖြစ်တာတုံး၊ မိန်းမတစ်ယောက် ပါလား၊ ဒါ ကျုပ်မှမဟုတ်တာ၊ ကျုပ်က ဘာဖြစ်လို့ မိန်းမဖြစ် သွားရတာတုံး၊ အောင်မယ်လေးဗျာ၊ ဘုရား…ဘုရား၊ ကျုပ်က ယောကျ်ားစစ်စစ်ကနေ ဘာဖြစ်လို့ မိန်းမဖြစ်သွားရတာတုံး၊ ခင်ဗျား ဘာသိတုံး၊ ခင်ဗျား သိတာတွေ ကျုပ်ကို ပြောပြစမ်းပါ ဗျာ"

မခင်မြိုင်က ထဘီကို ပုဆိုးလို ပြင်ဝတ်လိုက်တယ်။

"ဒီအိမ်မှာ ပုဆိုးတို့ ယောကျ်ားဝတ်တဲ့ ရှပ်အင်္ကျီတို့

မရှိဘူးလားဗျ”

မလှမေက ကြောက်လန့်တကြားနဲ့ ပြန်ပြောလိုက်တယ်တဲ့ဗျ။

“မြိုင်ရယ်၊ ဒီအိမ်မှာ မြိုင်နဲ့ မလှမေနဲ့ နှစ်ယောက်တည်း နေကြတာလေ၊ ဘယ်လိုလုပ်ပြီး ပုဆိုးတို့ ရှပ်အင်္ကျီတို့ ရှိမှာတုံးကွယ်”

မခင်မြိုင်က မလှမေကို ရှုးရှုးဝါးဝါး လှမ်းကြည့်လိုက်တယ်။

“ခင်ဗျား ကျုပ်ကို မြိုင်လို့ ခေါ်ပြန်ပြီလား၊ ကျုပ် မြိုင် မဟုတ်ဘူး၊ ကျော်သောင်း၊ ဗန်ဒိုကျော်သောင်းလို့ ခင်ဗျားကို ဘယ်နှခါပြောရမလဲ”

ပြောပြောဆိုဆိုနှင့် မခင်မြိုင်က မလှမေဆီကို လျှောက်သွားပြီး မျက်နှာချင်းဆိုင် ရပ်လိုက်တယ်တဲ့ဗျ။

“ခင်ဗျားနာမည် ဘယ်လိုခေါ်တုံး”

“ကျ…ကျွန်မနာမည် လှမေလေ၊ မမှတ်မိတော့ဘူးလား မြိုင်၊ အဲ…ကျော်၊ အဲ…ဗန်ကျော်ဒိုသောင်း”

“ဘာ ဗန်ကျော်ဒိုသောင်းတုံး၊ ဗန်ဒိုကျော်သောင်းဗျ၊ ကျုပ်က နယ်တကာလှည့်ပြီး ဗန်ဒိုပညာကို သင်ပေးနေတဲ့ ဗန်ဒိုဆရာ ကျော်သောင်းတဲ့ဗျ၊ ခင်ဗျား သေသေချာချာ မှတ်ထားပါ

မလှမေ”

“ဟုတ်…ဟုတ်ကဲ့ပါရှင်၊ ကျွန်မ မှတ်ထားပါ့မယ်၊ အခုအချိန်ကစပြီးတော့ မြိုင်လို့ မခေါ်တော့ပါဘူး၊ ကိုကျော်သောင်းလို့ပဲ ခေါ်ပါတော့မယ်”

“ကဲ မလှမေ၊ ခင်ဗျား ကျုပ်ကို ပြောပြစမ်းပါ၊ ကျုပ်က ဘယ်လိုဖြစ်ပြီး ဒီလို မိန်းမဖြစ်သွားရတာတုံး”

“မိန်းမပုံ ပြောင်းသွားတာ မဟုတ်ဘူး၊ နဂိုတည်းက မိန်းမမို့လို့ မိန်းမပုံ ဖြစ်နေတာပဲ၊ ဟောဒီပုဇွန်တောင် ရေကျော်မှာ စက်ချုပ်သင်တန်းပေးတဲ့ မခင်မြိုင် ဆိုတာ လူတိုင်းသိနေတာပဲ၊ ကိုခင်မြိုင်မှ မဟုတ်တာ၊ မခင်မြိုင်ပဲ၊ မိန်းမဖြစ်နေမှာပေါ့ မြိုင်ရယ်၊ အဲ…ကိုကျော်သောင်းရယ်”

မလှမေ ပြောလိုက်တဲ့ စကားကိုကြားတော့ မခင်မြိုင် ငိုင်ကျသွားတယ်တဲ့ဗျ။ တစ်ခုခုကို ငိုင်ပြီးစဉ်းစားနေတယ်တဲ့။ နောက်နေ့ မိုးလင်းတာနဲ့ မလှမေလည်း ပယောဂကုတဲ့ဆရာ ရှာတော့တာတဲ့ဗျို့။

မခင်မြိုင်ကို ပယောဂကပ်နေတယ်။ ကပ်တဲ့ပယောဂက ကျော်သောင်းလို့ ခေါ်တဲ့ သရဲ။ လူ့ဘဝတုန်းက ဗန်ဒိုသင်တဲ့ ဗန်ဒိုဆရာ ဆိုပြီး ပြောပြတော့ ပယောဂဆရာတွေ တစ်ယောက်ပြီး

တစ်ယောက် လိုက်ချလာတော့တာတဲ့ဗျို့။

"ကဲ…ကျော်သောင်း၊ ဘုရားကို ဦးတိုက်၊ အထက်ဆရာတွေကို ဦးတိုက်၊ ပြီးတော့ ငါ့ဆရာကို ဦးတိုက်စမ်းဟေ့"

ပယောဂဆရာက မခင်မြိုင်ကို စိုက်ကြည့်ပြီး ကြိမ်လုံး တဝင့်ဝင့် လုပ်နေတာတဲ့ဗျ။

"ဟေ့ကောင် ငါက လူမှန်းသိတဲ့ အရွယ်ကစပြီး ကံငါးပါးကို လုံအောင်ထိန်းလာတဲ့ကောင်ကွ၊ ဘုရားအချိန်မှန် ရှိခိုးပြီး ပုတီးကိုလည်း မှန်မှန်စိတ်တဲ့ကောင်ကွ၊ မင်းထက်လည်း ငါက အသက်ကြီးတယ်၊ မင်းကို ငါက ဦးတိုက်စရာအကြောင်း ဘာမှမရှိဘူး"

"ဟာ တယ်လာတဲ့ သရဲပါလားကွ၊ ကဲ ပြောစမ်း ကျော်သောင်း၊ မင်း ဘယ်အပင်မှာ နေတာတုံး"

"ဟ…သစ်ပင်မှာ နေရအောင် ငါက သရဲမှ မဟုတ်တာ၊ လူကွ၊ လူ၊ လူငယ်တွေကို ဗန်ဒိုပညာ သင်ပေးတဲ့ ဆရာကွ၊ ငါ့တပည့်တွေရဲ့ အိမ်ဦးခန်းမှာ ငါနေတာကွ"

"အောင်မာ၊ သရဲက လူဟန်ဆောင်တာ တယ်လည်း ပီပြင်တာကိုး"

"ဝုန်း"

ပယောဂဆရာက ဝုန်းကနဲ မတ်တတ်ထရပ်လိုက်ပြီး ပြောသတဲ့ဗျ။

"ဟေ့ကောင် သရဲကျော်သောင်း၊ မင်း မှတ်ထားကွ၊ မင်းတို့လို မာယာများတဲ့ သရဲတွေကို ငါ နှင်ထုတ်ခဲ့တာ၊ ရေကို မရေနိုင်တော့ဘူးကွ၊ ငါ့နာမည် သရဲပြေး ဆရာအေးတဲ့၊ ငါနဲ့တွေ့တဲ့ သရဲတွေ ပြေးရတာချည်းပဲ သရဲကျော်သောင်းရဲ့၊ ကဲ မင်း လည်း ပြေးပေါက်ရှာထားပေတော့"

ပြောပြောဆိုဆိုနဲ့ ထဘီကို ပုဆိုးဝတ်သလို ဝတ်ထားတဲ့ မခင်မြိုင်ကို သရဲပြေးဆရာအေးက လက်ထဲကိုင်ထားတဲ့ နွားနှင် တံလောက်ရှိတဲ့ ကြိမ်တုတ်ကြီးနဲ့ ပြေးရိုက်တာတဲ့ဗျာ။ ဒီမှာတင် မခင်မြိုင်က ကိုယ်ကို ဖျတ်ကနဲ နေရာရွှေ့လိုက်ပြီး...

"ကဲကွာ၊ ကဲကွာ၊ ကဲကွာ၊ အဲဒါ ဗန်ဒိုလက်သီးကွ၊ ခံနိုင်ရင် ခံစမ်းဟေ့"

မခင်မြိုင်ရဲ့ လက်သီးချက်တွေက သရဲပြေးဆရာအေးရဲ့ မျက်နှာပေါ်ကို တရစပ်ကျသွားလိုက်တာ စက်သေနတ်ပစ်သလိုပဲ တဲ့ဗျာ။ အနီးအနားက ပယောဂချတ်တဲ့ပွဲကို လာကြည့်နေကြတဲ့ လူတွေဆိုတာ 'ဟာ' ဆိုပြီး ဝိုင်းအော်ကြတာ တစ်ပြိုင်တည်းပဲတဲ့ ဗျ။ မခင်မြိုင်က ဖြုန်းဖြုန်းနဲ့နဲ့ မိန်းမသားဆိုပေမယ့် ထိုးလိုက်တဲ့

လက်သီးက 'ခွပ်' 'ခွပ်' 'ခွပ်' နဲ့ကို မြည်နေတာတဲ့ဗျာ။ ပြင်းလိုက်တဲ့ လက်သီးချက်တွေတဲ့။ ရပ်လိုက်တာနဲ့ သရဲပြေး ဆရာအေးရဲ့ မျက်နှာကြီးဟာ ညိုမဲရောင်ကိုင်းနေပြီး သပြေသီး မှည့်ရောင် ပေါက်လို့တဲ့ဗျ။

"ဒုတ်"

ကြမ်းပြင်ပေါ်ကို ဒုတ်ကနဲမြည်အောင် ဒူးထောက်ရက် ကြီး ကျသွားတာတဲ့ဗျို့။ ဒူးထောက်ရက်ကျပြီးတော့မှ ရှေ့ကို ဟပ်ထိုးကြီး ထိုးကျပြီး မှောက်လျားထိုးကြီး လဲသွားတာ စကား မေးတောင် မရတော့ဘူးတဲ့ဗျ။

လာကြည့်တဲ့အထဲက ယောကျ်ားသုံးလေးယောက် ဝိုင်းမ ပြီး ဆိုက်ကားနဲ့ ဆေးရုံ ခေါ်သွားကြရသတဲ့ဗျို့။ သရဲပြေးဆရာ အေးလည်း မခင်မြိုင်တို့အိမ်ဘက်ကို ခြေဦးတောင် လှည့်မလာ တော့ဘူးတဲ့ဗျ။

ဆရာအေး ပြီးတော့ ဇော်ဂျီတောင် ဆရာထတဲ့ဗျ။ ဆေးနီတွေ ရဲနေအောင် သုတ်ထားတဲ့ ဆေးတောင်ဝှေးကြီး တဒေါက်ဒေါက်ထောက်ပြီး ကြွလာတာတဲ့ဗျို့။

သူ့ကိုလည်း ဘယ်သူမှ သွားပင့်တာ မဟုတ်ဘူးတဲ့။ တစ်ခါမှလည်း မမြင်ဖူးကြဘူးဆိုပဲ။ သူ့ဟာသူ မေးစမ်းပြီး ကြွ

လာတာတဲ့ဗျာ။ အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းကြီးနဲ့တဲ့ဗျို့။ ဝတ်ထားတာက ပုဆိုးကွက်တုံးနဲ့ အပေါ်က ဇော်ဂျီတွေဝတ်တဲ့ အင်္ကျီအနီကြီးနဲ့တဲ့ဗျ။ ခေါင်းကတော့ သျှောင်တစောင်းထုံးလို့တဲ့။

"ဒီအိမ်မှာ ပယောဂပူးနေတယ်လို့ အထက်ပုဂ္ဂိုလ်တွေကလွှတ်လိုက်လို့ ကြွလာခဲ့တာပဲ"

"ဟာ…ကြွပါ ,အဘရယ်၊ ကြွပါ၊ ကြွပါ"

အိမ်ဦးခန်းမှာ မလှမေက ဖျာဖျာသလဲ ဖျာခင်းပေးလိုက်တယ်။

"ကျုပ်နာမည်က ဇော်ဂျီတောင် ဆရာထတဲ့ဗျ။ ဇော်ဂျီတောင်မှာ သီတင်းသုံးတယ်"

ဆရာထက မလှမေ ခင်းပေးတဲ့ဖျာမှာ ဟန်ကျပန်ကျဝင်ထိုင်လိုက်ပြီးမှ ပြောတာတဲ့ဗျ။

ဇော်ဂျီတောင်ဆရာထက လမ်းထဲမှာ ဟိုလူ့မေး၊ ဒီလူ့မေးနဲ့ ကြွလာကတည်းက လမ်းထဲက လူတွေကလည်း ပွဲကြီးပွဲကောင်းတော့ ကြည့်ရတော့မယ်ဆိုပြီး ဆရာထနောက်က အုံလိုက်လာကြတာ၊ အိမ်ထဲမှာ လူတွေ ချက်ချင်းပြည့်သွားပြီး အိမ်ရှေ့ကလမ်းပေါ်မှာလည်း , အုံနေတာတဲ့ဗျို့။

"ကဲ…ပယောဂကပ်နေတဲ့ ကလေးမကို ဒီရှေ့ခေါ်ခဲ့ပါကွယ်၊ ခများ ပင်ပန်းနေရှာရောပေါ့"

ဆရာထက ပြောတော့ မလှမေက မခင်မြိုင် နေတဲ့ အခန်းဝကနေ မရဲတရဲနဲ့…

"မြိုင်…အဲ…မဟုတ်ပါဘူး၊ ကိုကျော်သောင်း၊ ဆရာကြီးက ရှင့်ကို တွေ့ချင်လို့တဲ့"

"ဘယ်က ဆရာက လာပြန်ပြီတုံး၊ ဒီမှာဖြင့် စိတ်တွေညစ်နေရတဲ့အထဲ"

ထဘီကို ပုဆိုးလိုဝတ်ထားတဲ့ မခင်မြိုင်က အခန်းထဲကနေ ထွက်လာတယ်ဗျ။

"ဒီမှာ ဆရာ၊ ကျုပ် သရဲမဟုတ်ဘူးဗျ၊ လူ၊ လူ၊ ကျုပ်နာမည် ကျော်သောင်းတဲ့"

မခင်မြိုင်က ခေါ်ဂျီအင်္ကျီအနီကြီး ဝတ်ထားတဲ့ ဆရာထရဲ့ရှေ့ ခပ်လှမ်းလှမ်းမှာ ခါးကြီးထောက်ပြီး ရပ်လို့တဲ့ဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ကျော်သောင်း ကျော်သောင်း၊ မင်းဟာလေ၊ မင်းကိုယ်မင်း လူလို့ပဲ ထင်နေတုန်းကိုး၊ တကယ်တော့ မင်းဟာ လူသားတွေနဲ့ ဘဝခြားနေပြီ ကျော်သောင်းရဲ့၊ မင်းက မခင်မြိုင် ဆိုတဲ့ သူငယ်မရဲ့ ကိုယ်ထဲကို ဝင်နေတဲ့

သရဲတစ်ကောင်ပဲ ကျော်သောင်း၊ ဒီတော့ နောက်နောင်ကို မင်း ဒီလိုမလုပ်ဝံ့အောင် ဇော်ဂျီတောင်ဆရာထလို့ အမည်ရတဲ့ ငါ့ဆရာ မောင်ထက မင်းကို ပြစ်ဒဏ်စီရင်ရတော့မှာပဲ၊ ဟောဒီက ဆေး တောင်ဝှေးနဲ့ရိုက်ပြီး ဆုံးမရတော့မှာပေါ့လေ"

လို့ ပြောပြီး ဆရာထက သူကိုင်လာတဲ့ တောင်ဝှေးအနီ ကြီးကို လက်နှစ်ဖက်နဲ့ မပြီး ပါးစပ်က ဂါထာလိုလို မန္တန်လိုလို တွေ ရွတ်တော့တာတဲ့ဗျို့။ အဲဒီလို ရွတ်လိုက်တာနဲ့ ဆရာထရဲ့ တောင်ဝှေးအနီကြီးက လေထဲကို ချက်ချင်းမြောက်တက်သွားပြီး မခင်မြိုင်ကို သူ့အလိုလို ပြေးရိုက်တော့တာတဲ့ဗျ။ ဆရာထက တော်တော်ကို စွမ်းတာပဲဗျို့။

"ဗိုး" "ဗိုး" "ဗိုး"

တောင်ဝှေးရိုက်တဲ့ အသံက လေထဲမှာ ဗိုးကနဲ ဗိုးကနဲ နေတာတဲ့ဗျ။

"ဟာ", "ဟာ" "ဟာ"

တစ်အိမ်လုံးပြည့်နေအောင် လာကြည့်နေတဲ့ ပရိသတ်ကြီး ကလည်း ဟာကနဲ၊ ဟာကနဲ ဖြစ်နေတာတဲ့ဗျာ။ ဆေးတောင်ဝှေး အနီကြီးက လူမပါဘဲ သူ့ဟာသူ လေထဲမှာ လိုက်ရိုက်နေတာကို တွေ့တော့ ဟာကနဲ ဟာကနဲ ဖြစ်တော့တာပေါ့ဗျာ။

ထဘီကို ပုဆိုးလိုဝတ်ထားတဲ့ မခင်မြိုင်ကတော့ လေထဲကနေ ဗိုးကနဲ ဗိုးကနဲ မြည်ပြီး သူ့ကို လွဲရိုက်နေတဲ့ ဆေးတောင်ဝှေးအနီကြီးရဲ့ ရိုက်ချက်တွေကို ဗန်ဒိုပညာနဲ့ လွတ်အောင်ရှောင်နေတာတဲ့ဗျ။

"အောင်မာ၊ ဒီသရဲက အရှောင်အတိမ်း တယ်ကောင်းပါလားဟာ၊ ထိအောင်ရိုက်ကွာ၊ တစ်ခါတည်း လဲကျသွားအောင် ဆော်လိုက်စမ်းဟေ့"

လို့ ဇော်ဂျီတောင်ဆရာထက အမိန့်ပေးလိုက်တော့ စောစောကထက် ပိုပြင်းတဲ့ ရိုက်ချက်တွေနဲ့ တောင်ဝှေးအနီကြီးက ရိုက်ရောတဲ့ဗျို့။ မခင်မြိုင်ကလည်း ဗန်ဒိုအကွက်တွေ လှလှပပနဲ့ကို ရှောင်တိမ်းနေတာတဲ့ဗျ။ ခဏကြာတော့ မခင်မြိုင်က ဆေးတောင်ဝှေးအနီကြီးကို လက်နှစ်ဖက်နဲ့ စုံလှမ်းဖမ်းလိုက်တာ မိသွားရောတဲ့ဗျို့။ လက်ထဲမှာ မိသွားတဲ့ ဆေးတောင်ဝှေးကြီးကို စုံကိုင်ပြီး ဖျာပေါ်မှာ ထိုင်နေတဲ့ ဆရာထကို ပြေးရိုက်လိုက်တာ။

"ခွပ်" "ခွပ်" "ခွပ်"

ဆိုတဲ့ အသံသုံးချက် ဆက်တိုက်ထွက်လာပြီးတဲ့နောက်မှာ ဆရာထခေါင်းက သွေးတွေ ဖြာကနဲကျလာပြီး ပက်လက်ကြီး လန်လဲသွားရောတဲ့ဗျို့။ သတိလည်း မေ့သွားတာနဲ့ သရဲပြေး

ဆရာအေးလိုပဲ ထမ်းခေါ်ပြီး ဆေးရုံပို့လိုက်ကြရသတဲ့ဗျာ။

ဒီလိုနဲ့ မခင်မြိုင်နေတဲ့ ရေကျော်အိမ်ကို ဆရာတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြ၊ ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် ပြေးကြရတဲ့ သတင်းဟာ ရန်ကုန်မြို့ထဲအနှံ့ ပျံ့နေတာပေါ့ဗျာ။

'ရေကျော်က မိန်းမတစ်ယောက်ကို သရဲပူးနေတာ၊ ဘယ်ဆရာမှ မထုတ်နိုင်ဘူး' ဆိုတဲ့ သတင်းကလည်း ကျော်နေတာတဲ့ဗျ။

တချို့ဆရာတွေကလည်း ဆေးဖယောင်းတိုင်တွေထွန်းပြီး အမိန့်ပေးကြ၊ တချို့ကလည်း ခြေမန်းကွင်းတွေစွပ်ကြ။ မခင်မြိုင်ကလည်း လာသမျှ ဆရာကို 'ဗန်ဒိုလက်သီးကွ' လို့ အော်ပြီး ထိုးလွှတ်။ ဆေးကြိမ်လုံးတွေ ပါလာတဲ့ ဆရာတွေကိုကျတော့ သူတို့ကြိမ်လုံးနဲ့ သူတို့ကို ပြန်ရိုက်လွှတ်နဲ့ တချို့ဆိုရင် ထိပ်ပေါက်ခေါင်းကွဲတွေတောင် ဖြစ်ကုန်တာတဲ့ဗျို့။

နောက်ဆုံးတော့ ဆရာရှာရင်းနဲ့ ကျုပ်ဆရာကြီး ဘိုးလူပေဆီကို ရောက်သွားကြရော ဆိုပါတော့ဗျာ။

"ဆရာကြီး၊ အဲဒါ ဘယ်လိုဖြစ်တာတုံး"

ကျုပ်က ကျုပ်ဆရာကြီး ဘိုးလူပေကို မေးလိုက်တယ်ဗျ။

"ကျုပ်က ရန်ကုန်ကို ကိစ္စတစ်ခုကြောင့် ရောက်နေတာ မောင်တာတေရဲ့၊ ကျုပ်တည်းခိုတဲ့ ဘုန်းကြီးကျောင်းကို မခင်မြိုင်ရဲ့ အစ်ကိုဝမ်းကွဲနှစ်ယောက် ရောက်လာကြတယ်။ တစ်ယောက်က မောင်တင်ကြိုင်တဲ့။ နောက်တစ်ယောက်က မောင်ထွန်းလှတဲ့။ မောင်တင်ကြိုင်နဲ့ မောင်ထွန်းလှတို့က ကျုပ်ကို တွေ့တွေ့ချင်းပဲ သူတို့ညီမ မခင်မြိုင်ဟာ ရိုးသားပြီး စိတ်နှလုံးဖြူစင်တဲ့သူ ဖြစ်တဲ့အကြောင်း၊ ခရမ်းကိုသွားတဲ့လမ်းမှာ မခင်မြိုင် ကားမှောက်ပြီး ဒဏ်ရာရတဲ့အကြောင်း၊ တော်တော်ကြာအောင် အတိတ်မေ့သလို ဖြစ်နေရာကနေ သတိပြန်ရလာတဲ့အခါကျတော့ ပယောဂပူးနေတဲ့အကြောင်း၊ သူ့ကို ဝင်ပူးနေတဲ့ သရဲကျော်သောင်း ဆိုတာ လှူဘဝတုန်းက ဗန်ဒိုဆရာ ဖြစ်တာကြောင့် အခုရောက်လာသမျှ ပယောဂကုတဲ့ ဆရာတွေကို ထိုးကြိတ်လွှတ်လို့ ဘယ်ဆရာမှ မကုရဲတော့တဲ့အကြောင်းတွေ ပြောပြသကွဲ့ မောင်တာတေရဲ့။ စောစောက မောင်တာတေကို ကျုပ်ပြောပြတဲ့ အကြောင်းတွေဟာ မောင်တင်ကြိုင်တို့ ပြောတဲ့ အကြောင်းတွေပေါ့ကွဲ့"

"ဒီလိုမျိုး ရက်ရှည်လများ ဝင်ပူးနေတဲ့ သရဲမျိုး ကျုပ်ဖြင့် တစ်ခါမှ မတွေ့ဖူးပါဘူး ဆရာကြီးရယ်၊ သရဲပူးတယ်ဆိုတာ ဝင်ပူးလိုက် ပြန်ခွာလိုက် လုပ်တာချည်းပါပဲဗျာ"

ကျုပ်ပြောတော့ ဘိုးလူပေက ခေါင်းညိတ်ပြီး ပြုံးတယ်ဗျ။

"မောင်တာတေ ပြောတာ ဟုတ်တယ်ကွဲ့၊ ဖုတ်ဝင်တာမှ မဟုတ်တာ၊ ပူးတုံ့ခွာတုံ့ ဖြစ်ရမှာပေါ့၊ အခုဟာက သရဲပူးတာမှ မဟုတ်တာ"

"ဗျာ၊ သရဲပူးတာ မဟုတ်ဘူး ဟုတ်လား ဆရာကြီး"

"ဟုတ်တယ် မောင်တာတေ၊ သရဲပူးတာ မဟုတ်ဘူး၊ မခင်မြိုင်တို့အိမ်ကို ကျုပ် ရောက်ကတည်းက သိတယ်၊ ကျုပ်ကို အိမ်ဦးခန်းမှာ နေရာထိုင်ခင်းပေးပြီးတာနဲ့ ကျုပ်က သူငယ်မကို ခေါ်ခိုင်းလိုက်တယ်။ ဒီမှာတင် ထဘီကြီး ခါးမှာ ပုံဆိုးလိုစည်းပြီး အခန်းထဲက ထွက်လာတဲ့ မခင်မြိုင် ကျုပ်ကို ခါးထောက်ကြည့်ဘယ်။ ကျုပ်က မခင်မြိုင်ကို မေတ္တာပို့လိုက်တယ်၊ ဒီမှာတင် မခင်မြိုင်က ခါးထောက်ထားတဲ့လက်ကို ဖြုတ်ချလိုက်ပြီး ကျုပ်ကို အံ့သြတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတယ်။ ကျုပ်က 'မောင်ကျော်သောင်း လာပါကွဲ့ ဒီကို' လို့ ခေါ်လိုက်တော့ မခင်မြိုင်က ကျုပ်ရှေ့မှာ လာထိုင်တယ်။

'အဖြစ်ကတော့ အတော်ကို ထူးဆန်းတာကလား မောင်ကျော်သောင်းရယ်၊ ဒီလိုအဖြစ်မျိုး ကျုပ်တစ်သက်မှာ တစ်ခါပဲ မြင်ဖူးတယ်ကွယ်၊ လူတွေက ပယောဂလို့ ထင်ကြတာ

လည်း အပြစ်ပြောစရာ မရှိပါဘူးလေ၊ လူတွေကို ခွင့်လွှတ်လိုက်ပါ မောင်ကျော်သောင်းရယ်'

'ကျုပ်ကို ကယ်နိုင်ရင် ကယ်ပါ ဆရာကြီးရယ်'

မခင်မြိုင်က ပြောရင်း ငိုတယ်ကွဲ့။ တကယ်ကတော့ မခင်မြိုင် ငိုတာမဟုတ်ဘူးပေါ့ကွယ်၊ မောင်ကျော်သောင်း ငိုတာကွဲ့။

'သိပ်မပူပါနဲ့ မောင်ကျော်သောင်းရယ်၊ ကျုပ် ရအောင်လုပ်ပေးပါမယ်၊ အရင်ဆုံးလုပ်ရမှာက မခင်မြိုင်ကို တွေ့အောင်ရှာဖို့ပဲကွဲ့'

'ဗျာ၊ မခင်မြိုင်ကို ရှာရမယ် ဟုတ်လား ဆရာကြီး၊ အခု ဆရာကြီးရှေ့မှာ ရောက်နေတာ မခင်မြိုင် မဟုတ်ဘူးလား ဆရာကြီးရဲ့'

မောင်တင်ကြိုင်က ကျုပ်ကို မေးလိုက်တာ မောင်တာတေရဲ့။

'ဒါက မခင်မြိုင်ရဲ့ရုပ်လေ မောင်တင်ကြိုင်ရဲ့၊ မင်းနှမ မခင်မြိုင်ရဲ့ ဝိညာဉ်က ဘယ်ရောက်နေမှန်းမှ မသိတာ၊ အဲဒါကို ရှာဖို့ ကျုပ်က ပြောတာ။ အခု မခင်မြိုင်ရဲ့ရုပ်မှာ ကိန်းနေတဲ့ ဝိညာဉ်က ဗန်ဒိုဆရာ မောင်ကျော်သောင်းရဲ့ ဝိညာဉ်လေကွယ်၊

ဒါပေမဲ့ ရှာရမှာ မခက်ပါဘူး မောင်တင်ကြိုင်၊ မောင်ကျော်သောင်းကို တွေ့အောင်ရှာလိုက်ရင် မောင်ကျော်သောင်းရဲ့ကိုယ်မှာ မခင်မြိုင်ရဲ့ ဝိညာဉ်ဝင်ကိန်းနေမှာ သေချာတယ်ကွဲ့'

'ဟာ…အဲဒီလိုလား ဆရာကြီးရဲ့၊ ထူးဆန်းလှချည်လားဗျာ၊ ဒါဆိုရင် ခန္ဓာကိုယ်နဲ့ ဝိညာဉ်လွဲပြီး ဝင်နေတာပေါ့ ဟုတ်လား ဆရာကြီး'

ဒီတစ်ခါ မောင်ထွန်းလှက ကျုပ်ကို မေးတာကွဲ့။

'သိပ်ဟုတ်တာပေါ့ မောင်ထွန်းလှရဲ့၊ သူတို့ စီးသွားတဲ့ကားမှောက်တဲ့အချိန်မှာ မောင်ကျော်သောင်းရော၊ မခင်မြိုင်ရော ခေါင်းမှာ ဒဏ်ရာရကြပြီး သတိလစ်သွားကြတယ်မို့လား၊ အဲဒါကိုယ်ထဲက ဝိညာဉ်တွေ ခွာထွက်သွားတာကွဲ့၊ လူ့ရဲ့ရုပ်နဲ့ ထွက်သွားတာပေါ့ကွယ်။ မင်းတို့ နားလည်အောင်သာ ဝိညာဉ်လို့ ပြောရတာလေ၊ တကယ်တော့ ကိုယ်ပွားထွက်သွားတာကွဲ့၊ ပြန်ဝင်တဲ့အချိန်မှာ ရုပ်ချင်းလွဲပြီး ဝင်သွားတာ၊ ဒီအဖြစ်မျိုးက မရှိသလောက်ကို ရှားပါတယ် မောင်ထွန်းလှရယ်'

'ဟာ၊ ဒါဆိုရင် ကျုပ်တို့ညီမကို ကယ်လို့မှ ရပါဦးမလား ဆရာကြီးရယ်'

'ရပါတယ် မောင်ထွန်းလှရဲ့၊ ကျုပ် ရအောင်စီမံပါ့မယ်၊

မင်းတို့သာ မောင်ကျော်သောင်းရဲ့ ရုပ်ကို တွေ့အောင်လိုက်ရှာကြ ပေတော့'

'အဲဒါ ဘယ်လိုရှာရမှာတုံး ဆရာကြီးရယ်'

မောင်တင်ကြိုင်က စိုးရိမ်ပူပန်တဲ့ မျက်နှာနဲ့ မေးတာကွဲ့။

'ဟာ…မောင်တင်ကြိုင်နှယ်၊ အစက စပြီးလိုက်လေ ကွယ်၊ အရင်ဆုံး သူတို့နှစ်ယောက် တက်ခဲ့တဲ့ ခရမ်းဆေးရုံကို လိုက်လေ၊ အဲဒီမှာ သတိပြန်ရသွားတဲ့ မောင်ကျော်သောင်းကို ဘယ်သူ ခေါ်သွားတုံး၊ ဒါမှမဟုတ် သူဟာသူ ထွက်သွားတယ်ဆို ရင်လည်း ဘယ်ကိုထွက်သွားတုံးဆိုတာ စုံစမ်းပြီး လိုက်ကြလေ ကွယ်'

ကျုပ်ပြောလိုက်တော့မှ မောင်တင်ကြိုင်တို့လည်း သဘောပေါက်ပြီး ခရမ်းကို လိုက်ကြတာကွဲ့။ ဆေးရုံကနေ စုံစမ်းပြီး လိုက်ကြတာ။ နောက်ဆုံး သူ့တူမည့်မောင်ကွန့် ခေါ်သွား တယ်ဆိုတာ သိသွားပြီး မောင်ကွန့်တို့ရွာကို လိုက်တော့ ဟိုမှာ မောင်ကျော်သောင်းကို သွားတွေ့တာတဲ့ကွဲ့။ အဲဒီမှာလည်း အတိတ်မေ့နေတဲ့ မောင်ကျော်သောင်းက အိမ်ပေါ်ကဆင်းတဲ့ လှေကားထစ်ကို ကျော်နင်းလိုက်မိပြီး ချော်လဲသွားရာကနေ အတိတ်ကို ပြန်သတိရသွားတာဆိုပဲကွဲ့။

သတိရတာနဲ့ ပုဆိုးကို ထဘီလိုဝတ်ပြီး ကျွန်မက ကိုကျော်သောင်း မဟုတ်ဘူး၊ ကျွန်မနာမည် မခင်မြိုင်ပါ၊ ရေကျော်မှာ နေပါတယ်၊ ကျွန်မကို ကျွန်မအိမ် ပြန်ပို့ပေးပါလို့ ပြောသတဲ့ မောင်တာတေရဲ့။ မောင်ကွန့်လည်း ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားတော့တာပေါ့ကွယ်။

အဲဒီလိုဖြစ်နေတဲ့အချိန်မှာပဲ ဒီကလိုက်သွားတဲ့ မောင်တင်ကြိုင်နဲ့ မောင်ထွန်းလှလည်း ရောက်သွားတော့တာပေါ့ကွာ။ ဒီမှာဘင် မခင်မြိုင်ရဲ့ ဝိညာဉ်ဝင်နေတဲ့ မောင်ကျော်သောင်းက မောင်တင်ကြိုင်ကို ပြေးဖက်ပြီး 'အစ်ကိုတင်ကြိုင်ရဲ့ ကျွန်မကို ကယ်ပါဦး၊ ကျွန်မ ခင်မြိုင်ပါရှင်၊ ဘယ်လိုလုပ်ပြီး ယောကျ်ားကိုယ်ခန္ဓာကြီး ဖြစ်နေတာတုံး၊ အစ်ကိုထွန်းလှရဲ့ ခင်မြိုင့်ကို ကယ်ကြပါဦးရှင်'

'ဘာမှမပူနဲ့ ခင်မြိုင်၊ ရေကျော်အိမ်မှာ နင့်ခန္ဓာကိုယ်ရှိတယ်၊ ဒါပေမဲ့ အတွင်းက ဝိညာဉ်ကတော့ နင်မဟုတ်ဘူး၊ ဒန်ဒိုဆရာ ကိုကျော်သောင်းဝိညာဉ်'

'ဗျာ၊ ကျုပ်ဆရာက ဟိုမှာ ရောက်နေတယ် ဟုတ်လားဗျ'

'ဟုတ်တယ် ငါ့ညီ၊ ဒီကိစ္စကို အဆင်ပြေအောင် လုပ်

ပေးနိုင်တဲ့ ဆရာကြီးတစ်ယောက်လည်း ငါတို့ဆီကို ရောက်နေပြီ ကွ၊ ဒီတော့ ဟောဒီက မင်းဆရာ ကိုကျော်သောင်းကို ခေါ်ပြီး တို့နဲ့ တစ်ပါတည်း လိုက်ခဲ့ပေတော့ မောင်ကွန့်ရေ'

လို့ မောင်တင်ကြိုင်က ပြောတော့ မောင်ကွန့်လည်း သူ့ဆရာ မောင်ကျော်သောင်းကို ခေါ်ပြီး တစ်ပါတည်း လိုက်လာကြတာပေါ့ကွာ။"

ဒီရောက်တော့ ကျုပ်နဲ့ တွေ့ကြတယ်။ ဟုတ်တာပေါ့ မောင်တာတေရယ်၊ ခန္ဓာကိုယ်လွဲပြီး ကိုယ်ပွားတွေ ဝင်သွားတာကွ။ ဒီအဖြစ်မျိုးက အင်မတန်မှကို ဖြစ်ခဲတာ၊ အေး တစ်ခုပဲ ပြောစရာရှိတယ်၊ သူတို့နှစ်ယောက် ဆေးရုံမှာ သတိမေ့နေတဲ့ အချိန်မှာ ကုတင်နှစ်လုံးကို ယှဉ်ရက်ထားပြီး ဆရာဝန်တွေ ဆရာမတွေက ကုသနေတာဆိုတော့ ခန္ဓာကိုယ်နှစ်ခုက နီးကပ်တဲ့ သဘောဖြစ်ပြီး ကိုယ်ပွားတွေ မှားဝင်သွားတာ ဖြစ်မယ်ကွ၊ ဒီတော့ လွဲနေတဲ့ ကိုယ်ပွားဝိညာဉ်တွေကို ပြန်နုတ်ယူပြီးတော့ သူ့ခန္ဓာကိုယ်နဲ့သူ မှန်အောင်ထည့်ပေးရမှာကွဲ့။ အဲဒီအလုပ်ကို ကျုပ်တို့ အထက်လမ်းတွေက လုပ်ခွင့်မရှိဘူး၊ ဒါကြောင့် မောင်တာတေကို လာပြီးခေါ်ရတာ"

"ဟင်၊ ဟုတ်လား ဆရာကြီး၊ ကျုပ်က ဘာလုပ်ပေးရ

မှာတုံး''

ကျုပ်က ဆရာကြီး ဘိုးလူပေရဲ့ စကားဆုံးတော့ ပျာပျာ သလဲ မေးလိုက်တယ်။

''ဒီလိုကွဲ့ မောင်တာတေရဲ့၊ ဝိညာဉ်နှုတ်တဲ့ အလုပ်ကို မဖဲဝါ ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်တယ်။ ဒီတော့ ဒီကိစ္စမှာ မဖဲဝါကို ခေါ်ပြီး အကူအညီတောင်းမှ ဖြစ်လိမ့်မယ်ကွဲ့''

''သြော်၊ ကျုပ် နားလည်သွားပါပြီ ဆရာကြီး''

နောက်တစ်နေ့မှာ ကျုပ်က ကိုတင်ကြိုင်တို့ကို အမဲသား သုံးပိဿာ ချက်ခိုင်းပြီး တာမွေသင်္ချိုင်းထဲကို လာခဲ့တယ်။ ကျုပ်နဲ့ အတူတူ ကိုတင်ကြိုင်ရယ်၊ ကိုထွန်းလှရယ်၊ သူတို့သူငယ်ချင်း တစ်ယောက်ရယ် လိုက်ခဲ့ကြတယ်ဗျ။ ဂျစ်ကားအစိမ်းလေးတစ်စီး နဲ့ ကျုပ်ကို ခေါ်လာကြတာဗျို့။ တာမွေသင်္ချိုင်းထဲရောက်တော့ ခပ်ကျယ်ကျယ်အုတ်ဂူတစ်လုံးပေါ်မှာ ထမင်းနဲ့ဟင်းတွေ ပြင်ပြီး မဖဲဝါကို ပင့်လိုက်တယ်။

''အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါ့ကွန်၊ မြောက်မှုဝံအတွင်း ရောက်လေရာအရပ်မှ မြန်မကြာ လှမ်းကာ ကြွခဲ့ပါ၊ သင်္ချိုင်းရှင်မကြီး မဖဲဝါဗျာ၊ ထနောင်းကုန်းက တာတေ က ပင့်ဖိတ်ပါတယ်၊ စားပွဲသောက်ပွဲများနဲ့လည်း အကြိုထောက်

လို့ပါဗျာ၊ ဟောဒီနေရာ တာမွေသချိုင်းကြီးအတွင်းကို ကြွခဲ့ပါ သချိုင်းရှင်မကြီး မဖဲဝါဗျာ"

ကျုပ်က ခဏစောင့်ပြီး နောက်တစ်ခါ ထပ်ပင့်တယ်ဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ အီး"

ဟာ…မဖဲဝါရဲ့ ခွေးကြီးနက်ကျော်ရဲ့ အူသံကြီး ကြားနေရပြီဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ အီး"

ဟော…ခွေးအူသံက တဖြည်းဖြည်း နီးလာပြီဗျ။ ဟောလာပြီဗျို့။ လာပြီ။ မဖဲဝါ လာနေပြီဗျို့။ ဂူတွေအပေါ် တစ်တောင်လောက်အမြင့်ကနေ ရွေ့လာတာဗျ။ ဖြူဖြူကြီးဗျာ။ အရပ်က ဆယ်ပေကျော်လောက် ရှိမယ်ဗျ။

ကျုပ်ကတော့ မျက်ကွင်းဆေးကွင်း၊ နားတွေပါလိမ်းပြီး ဒိဗ္ဗသောတမန္တန်ကို ရွတ်ထားတော့ မဖဲဝါကို မြင်လည်းမြင်၊ သူပြောတာကို ကြားလည်း ကြားရတာပေါ့ဗျာ။ ကိုတင်ကြိုင်တို့ကတော့ ဘာမှနားမလည်ဘဲ ကြောင်တောင်တောင်နဲ့ ကြည့်နေကြရတာပေါ့ဗျာ။

မဖဲဝါက ဒူးကြီးနှစ်ဖက်ထောင်ပြီး ကျုပ်ကျွေးတဲ့ အမဲသားတွေကို စားတော့တာဗျို့။ ဂူဘေးမှာ ရပ်နေတဲ့ နွားပေါက်

တစ်ကောင်လောက်ရှိတဲ့ ခွေးကြီးနက်ကျော်ကိုလည်း အမဲသားတုံးတွေ ပစ်ပစ်ကျွေးသေးတယ်ဗျ။ နက်ကျော်ကြီးကလည်း စားတာပေါ့ဗျာ။

စားလို့ ဟော်ကော်ကုန်တော့မှ မဖဲဝါက လက်ဖက်ရည်ပန်းကန်လောက်ရှိတဲ့ မျက်လုံးနီနီကြီးတွေနဲ့ ကျုပ်ကို လှမ်းကြည့်တယ်ဗျ။

ကျုပ်ကလည်း ဒီအချိန်ကို စောင့်နေတာလေဗျာ။

"ဒီလိုပါ မဖဲဝါ၊ ဗန်ဒိုဆရာ ကိုကျော်သောင်းနဲ့ မခင်မြိုင်ဆိုတဲ့ အမျိုးသမီးဟာ ကားမှောက်လို့ သတိမေ့သွားရာကနေသတိပြန်ရတော့ ဝိညာဉ်ချင်း လွဲနေပါတယ် မဖဲဝါ၊ ဆရာကြီးဘိုးလူပေလည်း ရောက်နေပါတယ်။ ဆရာကြီးက လွှတ်လို့ ကျုပ်လာရတာပါ။ ဘိုးလူပေက အကူအညီတောင်းတာပါ။ မဖဲဝါကိုကျော်သောင်းနဲ့ မခင်မြိုင်တို့ရဲ့ လွဲနေတဲ့ ဝိညာဉ်တွေကို နှုတ်ယူပြီးတော့ အမှန်ပြန်ထည့်ပေးဖို့ပါ မဖဲဝါ"

မဖဲဝါက စားရင်းနဲ့ ခေါင်းညိတ်တယ်။

"လကွယ်ည လာခဲ့၊ ဒီသချိုင်းဇရပ်ပေါ်မှာ ပွဲနှစ်ပွဲပြင်ရမယ်၊ မြောက်ဘက်ရှင်မ တစ်ပွဲ၊ ငါ့ကို တစ်ပွဲ၊ ညကိုးနာရီတိတိမှာ ဝိညာဉ်တွေ ပြန်နှုတ်ပြီး လဲပေးမယ်"

ပြောစရာရှိတာ ပြောပြီး မဖဲဝါ ပြန်သွားရောဗျ။

စားသွားတဲ့ အမဲသားတွေ မကုန်ဘူးဗျ။ ဂူပေါ်မှာ ကျန်နေတယ်။ အဲဒါ ဒီသင်္ချိုင်းထဲက အစောင့်ကို ကျွေးခဲ့တာဗျ။ ဟော…သင်္ချိုင်းအနောက်ဘက်က မည်းမည်းအရိပ်ကြီးတစ်ခု ရွေ့လာပြီဗျို့။ ကျုပ်လည်း ကိုတင်ကြိုင်တို့ကို ခေါ်ပြီး သင်္ချိုင်းထဲကနေ အပြင်ရောက်အောင် ခပ်သုတ်သုတ် ပြေးထွက်ခဲ့ကြတယ်ဗျို့။

လကွယ်ဖို့က နှစ်ရက်ပဲ လိုတာဆိုတော့ ပြင်စရာရှိတာတွေ ပြင်ကြရတာပေါ့ဗျာ။ ဆရာကြီး ဘိုးလူပေကလည်း ပုတီးစိပ် မေတ္တာပို့ လုပ်ပေးတယ်။

လကွယ်ညရောက်တော့ ဂျစ်ကားနှစ်စီးနဲ့ တာမွေသင်္ချိုင်းထဲကို ကျုပ်တို့ လာခဲ့ကြတယ်။ သင်္ချိုင်းဇရပ်ထဲမှာ ကန်တော့ပွဲနှစ်ပွဲ ပြင်လိုက်တယ်။ တစ်ပွဲက မြောက်ဘက်ရှင်မပွဲ၊ တစ်ပွဲက မဖဲဝါပွဲ။ ကိုးနာရီထိုးခါနီးတော့ ဘိုးလူပေ စီရင်ပေးလိုက်တဲ့ ပိတ်ဖြူစနှစ်ခုကို ဇရပ်ကြမ်းပြင်ပေါ်မှာ ယှဉ်ပြီးခင်းလိုက်တယ်။ အဝတ်သစ်အစားသစ်တွေ ဝတ်ထားတဲ့ မခင်မြိုင်နဲ့ ကိုကျော်သောင်းကို နှစ်ယောက်ယှဉ်ပြီး ပိတ်စအဖြူတွေပေါ်မှာ ပက်လက်လှန် အိပ်ခိုင်းလိုက်တယ်။

ပွဲတွေပေါ်မှာလည်း ဖယောင်းတိုင်မီးတွေ ထွန်းထားပြီးတော့ ကိုကျော်သောင်းရဲ့ ခြေရင်းမှာ ဖယောင်းတိုင်တစ်တိုင်၊ မခင်မြိုင်ရဲ့ ခြေရင်းမှာ ဖယောင်းတိုင်တစ်တိုင် ထွန်းလိုက်တယ်။

သေသေချာချာကြည့်ရင်တော့ ကြောက်စရာကြီးပေါ့ဗျာ။ ညအချိန်မတော်ကြီးမှာ အထိကရသချိုင်းကြီးထဲမှာ ကန့်တော့ပွဲတွေနဲ့ မီးတွေထွန်းပြီး လူနှစ်ယောက်က ဇရပ်ပေါ်မှာ ဆန့်ဆန့်ကြီးတွေ အိပ်နေကြတာလေဗျာ။

ကိုးနာရီထိုးကာနီးတော့ လူတွေအားလုံးကို ဇရပ်ပေါ်က ဆင်းခိုင်းလိုက်တယ်။ ဇရပ်ပေါ်မှာ ကျုပ်တစ်ယောက်တည်း နေခဲ့တာဗျ။

ကျုပ်ဆရာကြီး ဘိုးလူပေက မှာစရာရှိတာတွေ မှာပြီး ကျုပ်ကို အားလုံးလွှဲလိုက်တာဗျို့။ ဆရာကြီးက လိုက်တော့လာပေမယ့် သချိုင်းထဲကို မဝင်ဘူး။ သချိုင်းအပြင်မှာ ရပ်ထားတဲ့ ဂျစ်ကားပေါ်မှာပဲ နေပြီး လုပ်စရာရှိတာတွေ လုပ်ပေးနေတာဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ"

ကိုးနာရီထိုးကာနီးတာနဲ့ နက်ကျော်ကြီးအူသံ ကြားရတော့တာပဲဗျို့။ မဖဲဝါ လာနေပြီဆိုတာ ဒီအသံကြားတာနဲ့ သိတယ်ဗျ။

ဟော…မဖဲဝါ သချိုင်းဇရပ်ထဲကို ရောက်လာပြီဗျို့။ အပေါ်အနက်၊ အောက်အနက် ဝတ်ပြီး ဆံပင်ဖားလျားချထားတဲ့ မဖဲဝါက ပွဲတွေကို တစ်ချက်ကြည့်တယ်။

ပြီးတော့မှ ခေါင်းညိတ်ပြပြီး ကျုပ်ကို တစ်ချက်ကြည့်တယ်။ ကျုပ်က ဆေးလွယ်အိတ်ကြီး စလွယ်သိုင်းပြီး ခပ်လှမ်းလှမ်းမှာ သွားရပ်နေတာဗျ။

ကျုပ်က မျက်ကွင်းဆေးကွင်းပြီး ဒိဗ္ဗသောတမန္တန်ပါ ရွတ်ထားတော့ အားလုံးကို မြင်နေရတော့တာပေါ့ဗျာ။

မဖဲဝါက ယှဉ်အိပ်နေတဲ့ ကိုကျော်သောင်းနဲ့ မခင်မြိုင်တို့ရဲ့ မျက်နှာပေါ်ကို လက်နဲ့သပ်လိုက်တယ်။

အိပ်သွားပြီပေါ့ဗျာ။ လူနှစ်ယောက်ရဲ့ လိပ်ပြာကို မဖဲဝါ သိပ်လိုက်တာဗျ။ မဖဲဝါက သူ့လက်နှစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ လက်တွေကို အပေါ်မ,သလို လုပ်လိုက်တယ်ဗျ။

ဟာ…ထွက်လာပြီဗျို့။ ထွက်လာပြီ။ ကိုကျော်သောင်းကိုယ်ထဲက ဝိညာဉ်ရော၊ မခင်မြိုင်ကိုယ်ထဲက ဝိညာဉ်ရော ဖြူဖြူတွေဗျ။ သူတို့အိပ်နေတဲ့ ပုံစံအတိုင်း ဆန့်ဆန့်ကြီးတွေ ထွက်လာတာဗျို့။

ကိုယ်ခန္ဓာတွေအပေါ် နှစ်တောင်လောက်အရောက်မှာ

မဖဲဝါက ရပ်ထားလိုက်တယ်။ ပြီးတော့မှ လက်နှစ်ဖက်ကို ယှက်လိုက်ပြီး ဖြည်းဖြည်းလေး ရွှေ့လိုက်တယ်ဗျ။

ဟာ…ရွှေ့သွားပြီဗျို့၊ ရွှေ့သွားပြီ။ ပြိုင်တူရွှေ့တာဗျ။

မဖဲဝါက လက်ကိုရွှေ့ပြီး ဝိညာဉ်တွေကို နေရာရွှေ့လိုက်တယ်။ ပက်လက်အိပ်သလို ဖြူဖြူဆန့်ဆန့်ကြီးတွေ ဖြစ်နေတဲ့ ဝိညာဉ်နှစ်ခုက နေရာတွေ ရွှေ့သွားပြီး ကိုယ်တွေပေါ်မှာ ဆန့်ဆန့်ကြီးတွေဗျ။ လေထဲမှာလေဗျာ။ တောင့်တောင့်ကြီးတွေဗျို့။

ဟော…ထည့်ပြီ၊ ထည့်ပြီ။ ကိုယ်တွေထဲကို ထည့်နေပြီဗျို့။ မဖဲဝါက သူ့လက်နှစ်ဖက်ကို ဖြည်းဖြည်းလေးရွှေ့ပြီး ကိုယ်ခန္ဓာတွေထဲကို ဝိညာဉ်ထည့်နေတာဗျ။ လေထဲမှာ ဆန့်ဆန့်ကြီးတွေ ဖြစ်နေတဲ့ ဝိညာဉ်တွေက ဖြည်းဖြည်းလေးရွှေ့ပြီး နိမ့်ကျလာတယ်။ နောက်ဆုံး ကိုယ်တွေထဲကို ဝင်သွားပြီး ပျောက်သွားရောဗျို့။ မဖဲဝါက ကိုကျော်သောင်းနဲ့ မခင်မြိုင်ကို သေသေချာချာ ငုံ့ကြည့်ပြီး ပွဲတွေဘက်ကို တစ်ချက်လှည့်ကြည့်တယ်။

"တာတေ၊ သူတို့ကို လာနှိုးလိုက်"

လို့ ပြောပြီး မဖဲဝါကြီး ပျောက်သွားတယ်ဗျ။

"ဂူး၊ ဂူး၊ ဂူး၊ ဂူး၊ အီ၊ အီ၊ အီ၊ အီ"

နက်ကျော်ကြီးရဲ့ အူသံကို တာမွေသင်္ချိုင်းထဲက ကြား

လိုက်တယ်။

ကျုပ်လည်း ဘိုးလူပေ မှာထားတဲ့အတိုင်း အသင့်ယူလာတဲ့ သစ်စုန်းဆေးတော်ရေစင်နဲ့ ကိုကျော်သောင်းနဲ့ မခင်မြိုင်တို့ နှစ်ယောက်ကို မျက်နှာတွေကို တောက်ပေးလိုက်တယ်။

ဟော..သတိရလာပြီဗျို့။ နှစ်ယောက်စလုံး ထထိုင်ကြတယ်။ ကျုပ်ကို သေသေချာချာ ကြည့်နေကြတယ်။ ကျုပ်က သူတို့ကို ရယ်ပြလိုက်တော့ သူတို့ကိုယ်သူတို့ ငုံ့ကြည့်လိုက်ကြပြီး ပြုံးနေကြတယ်ဗျ။

"ဘယ်လိုတုံး မှန်သွားကြပြီလား"

"မှန်သွားပြီ" "မှန်သွားပြီ"

လို့ နှစ်ယောက်စလုံးက ပြောလိုက်ကြတယ်။ ကျုပ်လည်း ဇရပ်အောက်က လူတွေကို လှမ်းခေါ်တယ်ဗျ။

"လာကြတော့ဗျို့၊ ဒီမှာ ခင်ဗျားတို့လူတွေ လူမှန်နေရာမှန် ဖြစ်သွားကြပြီဗျ"

လူတွေလည်း ဇရပ်ပေါ်ကို ဝမ်းသာအားရ ပြေးတက်လာကြပြီး ရယ်ရယ်မောမောနဲ့ စကားတွေ ပြောကြတာပေါ့ဗျာ။

ကိုကျော်သောင်းနဲ့ သူ့တပည့် မောင်ကွန့်လည်း ရယ်ကြမောကြပေါ့ဗျာ။ မခင်မြိုင်နဲ့ မလှမေလည်း ပြုံးလို့ဗျ။

သချိုင်းအပြင်က စောင့်နေတဲ့ ဘိုးလူပေဆီကို ကျုပ်တို့ ထွက်လာကြတယ်။ လမ်းပေါ်မှာပဲထိုင်ပြီး ဆရာကြီးကို ကိုကျော်သောင်းနဲ့ မခင်မြိုင်က ကန်တော့ကြတယ်။

ကျုပ်ကိုပါ ကန်တော့မယ်လုပ်လို့ မနည်းကို တောင်းပန်ထားရတာဗျို့။ ကျုပ်နဲ့ ဘိုးလူပေကို ဂျစ်ကားလေးနဲ့ ဘုန်းကြီးကျောင်း ပြန်ပို့ပေးကြတယ်။ နောက်တစ်နေ့မှာပဲ ကျုပ် ပြန်ခဲ့တယ်။

မြို့ရောက်တော့ ဘကြီးအိမ်မှာ တစ်ညဝင်အိပ်လိုက်တယ်။ နောက်နေ့မှ ဘန့်ဘွေးကုန်းကားစီးပြီး ရွာကိုပြန်ခဲ့တယ်ဗျ။

အိမ်ကထွက်လာပြီး ခုနစ်ရက်မြောက်တဲ့နေ့မှာ ကျုပ်အိမ်ပြန်ရောက်ခဲ့တာပေါ့ဗျာ။

**တာတေ**

□□□

အောက်ပြည်ကို ငါးပိ၊ ငါးခြောက် အဝယ်သွားတဲ့အခါ ကျုပ် တစ်ခါတလေ လိုက်သွားဖူးတယ်။ မြစ်ဝကျွန်းပေါ်ဘက်ကို လည်း ကျုပ်လိုက်ဖူးတယ်။ အင်းကြီးတွေဆီကိုလည်း ကျုပ်လိုက် ဖူးတယ်။

အင်းဆိုတာ သဘာဝအတိုင်းဖြစ်နေတဲ့ ရေကန်အကြီးကြီး တွေပေါ့ဗျာ။ ငါးမွေးကန်တွေလို လူတူးထားရတာ မဟုတ်ဘူးဗျ။ သဘာဝအတိုင်း ဖြစ်နေတာ။ ငါးမွေးကန်တွေက ကန်ထဲကို ငါးမျိုးထည့်ပြီး မွေးရတာ။ အင်းကြီးတွေက သဘာဝအတိုင်းကို ငါးတွေပေါက်ဖွားနေတာ၊ ဖမ်းလို့ကုန်နိုင်တာ မဟုတ်ဘူးဗျ။

လေးလေးဆိတ်ဖွားနဲ့ ကျုပ်ရောက်ဖူးတဲ့အင်းတွေ တော် တော်များပါတယ်ဗျာ။ ကသစ်ပင်အင်းတို့၊ မမြအင်းတို့၊ အင်းရဲကြီး အင်းတို့၊ နတ်စင်အင်းတို့၊ မဲကြီးအင်းတို့ပေါ့ဗျာ။

ကျုပ်က အခု မဲကြီးအင်းအကြောင်း ပြောချင်လို့ဗျ။ ဒီအင်းကြီးတွေဟာ ရှေးဘုရင်တွေ စိုးစံစဉ်အခါတည်းက ရှိတဲ့ အင်းဗျ။ အင်းတွေရဲ့ ထူးခြားချက်က အင်းသူကြီး ပြောင်းသွားပေ မယ့် မူလနာမည် မပြောင်းဘူးဗျ။ မမြအင်းဆိုရင် နောက်ပိုင်း အင်းသူကြီးတွေက ဦးစိန်မိုးတို့၊ ဦးတုတ်တို့၊ ဦးဗလတို့ အဆင့် ဆင့် ပြောင်းသွားပေမယ့် မူလနာမည်ဖြစ်တဲ့ မမြအင်းလို့ပဲ ခေါ်



# မကြီးအခင်း

**ကျုပ်**တို့ ထနောင်းကုန်းက အရိုးလေးဆိတ်မရဲ့ ယောကျ်ား လေးလေးဆိတ်ဖွားက ငါးပိ၊ ငါးခြောက် ကုန်သည်ကြီးပေါ့ဗျာ။ လေးလေးဆိတ်ဖွားက ကျုပ်ဆိုရင် လွတ်ခင်တာဗျ။

အရှေ့ဘက်ကောင်းကင်

မည်းနက်နေတာတဲ့ဗျာ။ တချို့က အရပ်မြင့်မြင့်ကြီးတွေတဲ့။ တချို့ကလည်း ကိုယ်လုံးကြီးကြီး ကြီးတွေတဲ့။ မျက်လုံးတွေက နီရဲပြီး ပြူးထွက်နေတာဆိုပဲ။

သူတို့မိသားစုသရဲ ဖြစ်နေတာ အနှစ်သုံးလေးရာ ရှိပြီလို့ ပြောကြတယ်ဗျ။

မဲကြီးအင်းကတော့ အင်းသူကြီး အဆက်ပေါင်း ဘယ်လောက်ရှိသွားပြီဆိုတာ ဘယ်သူမှ မသိကြပါဘူးဗျာ။

ဒါပေမဲ့ ဒီဒေသက လူတွေအားလုံးကတော့ မီးသွေးခဲလိုမည်းနက်နေတဲ့ သရဲမိသားစုအကြောင်းကို လူတိုင်း ပြောနေကြတုန်းဗျ။

ဒီအရပ်ကလူတွေက တခြားအင်းတွေမှာသာ ငါးခိုးဖမ်းချင် ဖမ်းမယ်၊ မဲကြီးအင်းမှာတော့ ဘယ်တော့မှ ငါးခိုးမဖမ်းကြဘူးဗျ။ မီးသွေးခဲရောင် သရဲတွေ ဝိုင်းလိုက်လို့ အသက်လုပြီး ပြေးခဲ့ကြရတာချည်းပဲဗျ။

အင်းသူကြီး အစဉ်အဆက်ကလည်း ဦးမဲကြီးမိသားစု ငါးယောက်ကို အမြဲတင်မြှောက်နေကြတာဗျ။ ဒီတော့ မီးသွေးခဲရောင် သရဲတွေကလည်း ဒီအင်းကြီးကို အမြဲစောင့်ရှောက်ပေးနေကြတာပေါ့ဗျာ။

ကြတာပဲဗျ။

မမြဆိုတာ ဘယ်သူမှန်းကို သိတော့တာမဟုတ်ပေမယ့် နောက်လူတွေကလည်း ဒီနာမည်ကိုပဲ ခေါ်ကြတာဗျ။ အခု ကျုပ်ပြောမယ့် မဲကြီးအင်း ဆိုတာလည်း ဒီလိုပဲဗျ။ ဘာလို့ မဲကြီးအင်း ခေါ်မှန်းကို မသိတော့တာဗျ။ ဒါပေမဲ့ ဒီကရွာသားတွေပြောတဲ့ ပါးစပ်ရာဇဝင်အရတော့ ရှေးဘုရင်များရှိတဲ့ ခေတ်ကတည်းက ဒီအင်းကြီးကို အင်းသူကြီးအဖြစ် မဲကြီးဆိုတဲ့လူကို ချပေးခဲ့တာတဲ့ဗျ။ ဦးမဲကြီးမှာ မိသားစုငါးယောက် ရှိသတဲ့။ သူတို့မိသားစုတွေ အားလုံး ဒီအင်းကြီးနဲ့ပဲ ချမ်းသာကြတာတဲ့ဗျ။ ချမ်းသာတာမှ ကျိုကျိုတက်ချမ်းသာတာဆိုပဲ။ ဦးမဲကြီး မိန်းမတို့၊ သမီးတို့ ဝတ်တဲ့ ရွှေခြေကျင်းကြီးတွေများ ဘယ်နှဆယ်သားရှိတယ်ဆိုပြီး ဒီခေတ်အထိ စကားကျန်ခဲ့တာဆိုပဲ။ အဲဒါ ဘယ်ဘုရင်လက်ထက်မှန်းတော့ တိတိကျကျ မသိကြဘူးဗျ။

ဒါပေမဲ့ တချို့ပြောကြတာတော့ ဦးမဲကြီးတို့မိသားစုတွေ သေတဲ့အခါကျတော့ အကုန်လုံး သရဲတွေဖြစ်ပြီး ဒီအင်းကြီးမှာပဲ နေကြတာတဲ့ဗျ။ သူတို့မိသားစုသရဲတွေကို မြင်ဖူးတဲ့သူတွေလည်း ဒီနယ်မှာ ရှိတယ်ဗျို့။

ဦးမဲကြီးတို့မိသားစုသရဲတွေ အကုန်လုံး မီးသွေးခဲလိုကို

ဘာဗျို့။ အညာက ပါလာတဲ့ ထန်းလျက်တို့၊ ကြံသကာတို့၊ အညာဆီး(ဇီး)ယိုတို့၊ ပဲကြီး၊ မောင်မခေါ်ပဲ၊ မြေပဲ၊ မန်ကျည်းသီး ပေါ့ဗျာ။ ပြီးတော့ အညာရက်ကန်းစင်တွေမှာရက်တဲ့ အညာစောင်တို့၊ ခုံခင်းတို့၊ လက်သုတ်ပဝါတို့လည်း လေးလေးဆိတ်ဖွားက ယူလာတာဗျ။

လာပြီးရှေးဝယ်ကြတဲ့အထဲမှာ ယောက်ျားတွေလည်း လိုက်လာကြပြီး ကျုပ်တို့တည်းတဲ့ ဘထွေးအုန်းခိုင်တို့ အစီးမြရင်တို့အိမ်မှာ လက်ဖက်ရည်ဝိုင်းဖွဲ့ကြတော့တာပေါ့ဗျာ။ အဲဒီထဲမှာ ကိုစံချစ်လို့ ခေါ်တဲ့ လေးလေးတစ်ယောက်က တော်တော်ကို နှုတ်ပြတဲ့လူဗျ။ အတွေ့အကြုံလည်း တော်တော်ကို များတာဗျ။ စကားပြောကလည်း လွတ်ကောင်းတဲ့လူပါဗျာ။ လက်ဖက်ရည်ဝိုင်းမှာ သူကချည်း ဦးဆောင်ပြောတော့တာဗျ။ ပြောရင်းကနေ ဘယ်လို ဘယ်လို သရဲအကြောင်းတွေ ရောက်သွားတယ် မသိပါဘူးဗျာ။ ကိုစံချစ် ကြုံဖူးတဲ့ သရဲတွေ နည်းတာမှတ်လို့။

"နေပါဦး စံချစ်ရဲ့၊ အညာကလာတဲ့ ဟောဒီကလေး မောင်တာတေက ဗဟုသုတအကြောင်းတွေ တော်တော်လေးစိတ်ဝင်စားပုံရတယ်ကွ၊ မင်းကြုံဖူးတဲ့အထဲက မင်းလှေကို လိုက်ဆွဲတဲ့ ပန်းမခုန်ချောင်းထဲက သရဲအကြောင်း ပြောပြလိုက်ပါဦးကွ"

နက်မှောင်နေတဲ့ ဦးမဲကြီးတို့ သရဲမိသားစုကို ဒီနယ်က လူတွေ မကြာ မကြာ မြင်ကြရတယ်တဲ့ဗျို့။

ကျုပ် ရောက်သွားတဲ့အချိန်က နွေဦးပေါက်ဗျ။ လေးလေး ဆိတ်ဖွားက ငါးပိကောင်နဲ့ ငါးကျည်းကြပ်တိုက်ခြောက်တွေ ဝယ်ဖို့သွားတာဗျ။ ငါးရံ့ခြောက်လည်း ဝယ်တယ်ဗျ။ ကျုပ်တို့ တည်းတဲ့ရွာက ဘုရားဖြူလို့ ခေါ်တယ်ဗျ။ ရွာထိပ်မှာ ဟုံးဖြူဖြူနဲ့ ကိုးတောင်ပြည့်စေတီလေး ရှိတယ်။

ဒါပေမဲ့ ဒီနယ်ကလူတွေက ဘုရားဖြူလို့ မခေါ်ဘဲ ဖရဖြူ လို့ ခေါ်ကြတယ်ဗျ။ အောက်ပြည်အောက်ရွာမှာက ကျုပ်တို့ အညာဒေသလို ရွာဝိုင်းတွေ တည်ကြတာမဟုတ်ဘူးဗျ။ ရွာတန်း ရှည်တွေ တည်ကြတာများတယ်။

အခုလည်း ကျုပ်တို့တည်းတဲ့ ဖရဖြူက ရွာတန်းရှည်ပဲဗျ။ ကျုပ်နဲ့ လေးလေးဆိတ်ဖွား တစ်ညအိပ်ပြီးတာနဲ့ အိမ်နီးနားချင်း တွေကို တော်တော်သိသွားတာဗျ။

လေးလေးဆိတ်ဖွားကလည်း ဒီရွာကို မကြာ မကြာ ရောက်တော့ အသိအကျွမ်း တော်တော်ပေါနေတော့တာပေါ့ဗျာ။ ကျုပ်တို့ရောက်တဲ့ညမှာပဲ အနီးအနားကလူတွေ ရောက်လာပြီး လေးလေးဆိတ်ဖွား ယူလာတဲ့ အညာကုန်တွေကို ဝယ်ကြခြမ်းကြ

ဦးရွှေဒိုးဆိုတဲ့ အသက်ခြောက်ဆယ်လောက် ဘိုးတော်က ပြောလိုက်တာဗျ။ ဦးကံမြင့်တို့၊ ဦးစောဖေတို့ ဆိုတဲ့ ဘိုးတော်ကြီးတွေကတော့ လေးလေးအုန်းခိုင်တို့ သုတ်ပြီးချေ့ခံထားတဲ့ အညာလက်ဖက်သုတ်နဲ့ မြေပဲကြော်ကို ရေနွေးကြမ်းနဲ့ မြည်းကြလို့ပေါ့ဗျာ။

"ဟဲ၊ ဟဲ၊ ဟဲ၊ ပန်းမခုန်ချောင်းက သရဲလား၊ ဒီသရဲက အလကားနေရင်း ရေထဲမှာ စိမ်နေတဲ့ သရဲထင်ပါတယ် မောင်တာတေရယ်၊ ပန်းမခုန်ချောင်းထဲမှာ လှေနဲ့သွားတဲ့လူတွေ ဒီသရဲကို မကြာ မကြာ မြင်ဖူးကြတယ်ကွ၊ အဲဒီနေ့က ကျုပ်က ငွေသောင်ယံဘက်က ပြန်လာတာ၊ ပန်းမခုန်ချောင်းထဲရောက်တော့ မှောင်ရီသမ်းနေပြီ။ ဒါနဲ့ ကျုပ်လည်း ခတ်ဖောက်တူလေးကို ခပ်မြန်မြန် ခတ်လိုက်တယ်။

အချိန်ကလည်း နွားရိုင်းသွင်းချိန်လေကွာ။ မတော်လို့ ရေစိမ်နေတဲ့ ပန်းမခုန်ချောင်းက သရဲနဲ့ တွေ့နေမှဖြင့် ခက်မယ်ဆိုပြီး ဖောက်တူကို မနားတမ်း ခတ်ရတော့တာပေါ့ကွာ။ (ဖောက်တူဆိုတာ ခတ်တက်အရှည်နှစ်ချောင်းတပ်ပြီး ခတ်ရတဲ့ လှေငယ်အမျိုးအစားကို ပြောတာဗျ)

ပန်းမခုန်ချောင်းက သရဲက လှေရှေ့မလှမ်းမကမ်းမှာ

ရေထဲကနေ ဘွားကနဲ ပေါ်လာတတ်တယ်လို့ သူများတွေပြောသံ ကြားဖူးတော့ နည်းနည်းတော့ ကြောက်နေတာပေါ့ကွာ။ အဲဒီလို ခပ်သုတ်သုတ် ခတ်နေရင်းကနေ ကျုပ်ဖောက်တူက ရှေ့ကို သိပ် မရွေ့သလို ဖြစ်လာတယ်ကွ။

ကျုပ်လည်း ဟိုကြည့် သည်ကြည့် လိုက်ကြည့်တာပေါ့ ကွာ။ ဒါပေမဲ့ ဘာမှမတွေ့ဘူးကွ၊ ဒါနဲ့ ဖောက်တူကို ပြန်ခတ်တာ ပေါ့ကွာ၊ ဒီတော့လည်း ဖောက်တူက မရွေ့ဘူးကွ။ ဒါနဲ့ လှေ နောက်ကို လှည့်ကြည့်တော့ လှေနဲ့ ခပ်လှမ်းလှမ်းမှာ သွားတွေ့တာ ကိုးကွ"

"ဗျာ၊ ဘာကိုတွေ့တာတုံးဗျ၊ လေးလေးစံချစ်ရဲ့"

ကျုပ်က စိတ်ဝင်တစားနဲ့ မေးလိုက်တာဗျ။

"ရေထဲမှာ ခေါင်းလေးပဲ ပေါ်နေတဲ့ ပန်းမခုန်ချောင်းက သရဲပေါ့ကွာ၊ ဆံပင်ဖားလျားကြီးနဲ့ကွ၊ မျက်လုံးတစ်လုံး တစ်လုံး ကို အကြမ်းပန်းကန်လောက် ရှိမယ်ထင်တယ်ကွ၊ ကျုပ်ကို ရေထဲ ကနေ စိုက်ကြည့်နေတယ်။

ကျုပ်လည်း ဖြုန်းစားကြီးဆိုတော့ ဘာလုပ်ရမှန်း မသိ တော့ဘဲ ကြက်သီးတွေ တဖြန်းဖြန်း ထလာတော့တာပေါ့။ သေသေချာချာ ကြည့်တော့မှ ဒီကောင်က လှေနဲ့ ခပ်လှမ်းလှမ်းက

နေပြီး လက်အရှည်ကြီးနဲ့ ကျုပ်ဖောက်တူကို ဆွဲထားတာကွ၊ ကျုပ်စိတ်အထင်တော့ သူ့လက်တံကြီးဟာ ဘယ်လောက်ရှည်သလဲဆိုရင် ဆယ်ပေ ဆယ့်ငါးပေလောက်ကို ရှည်တာကွ မောင်တာတေရဲ့။ အဲဒီလက်အရှည်ကြီးနဲ့ ကျုပ်လှေကို ဆွဲထားတာကွ။ ကျုပ်လည်း အသင့်ပါလာတဲ့ ငှက်ကြီးတောင်ဓားကို လှမ်းဆွဲလိုက်ပြီး လှေကို ဆွဲထားတဲ့ လက်ကြီးကို ခုတ်ချလိုက်ရောဟေ့"

"ဟာ၊ ခုတ်မိလား လေးလေး"

"ဘယ်ခုတ်မိမှာတုံးကွာ၊ ဒါပေမဲ့ ဒီသရဲက ဓားဆိုရင် သိပ်ကြောက်တယ်လို့ ကျုပ်ကြားဖူးတယ်ကွ၊ ဘာဖြစ်လို့တုံးဆိုတော့ လူ့ဘဝတုန်းက ဓားနဲ့ သေထားတာလို့ ပြောကြတယ်။ အဲဒီပန်းမခုန်ချောင်းထဲမှာပဲ လှေပေါ်မှာ ဓားနဲ့ခုတ်သတ်ပြီးမှ ရေထဲကို ပစ်ချလိုက်တာလို့ ပြောကြတယ်။ ဓားမြင်ရင် ဆက်မလိုက်ဝံ့ဘူးပြောတာ ကြားဖူးတာနဲ့ ကျုပ်က သရဲကို ဓားမြှောက်ပြလိုက်တယ်။

ဟုတ်တယ်ဟေ့၊ ဓားလည်းမြင်ရော ဆွဲထားတဲ့ ကျုပ်ရဲ့ ဖောက်တူကို လွှတ်လိုက်ပြီး ရေထဲကို ထိုးပြီးငုတ်သွားတော့တာပါပဲကွာ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ မင်း အဲဒီတုန်းက

တော်တော်ကြောက်သွားသလားကွ စံချစ်ရဲ့"

ဘိုးတော်ကြီး ဦးကံမြင့်က မေးလိုက်တာဗျ။ လေးလေး စံချစ်က လက်ထဲက ဆေးပေါ့လိပ်ကလေးကို ဖွာတော့မလို လုပ်ပြီးမှ ပါးစပ်က ပြန်ချွတ်လိုက်ပြီး ပြောတယ်ဗျ။

"ဟာ၊ ကြောက်သွားတာဆော့ မပြောနဲ့တော့ ဘိုးကံမြင့်ရေ၊ တစ်ကိုယ်လုံးမှာ ရှိသမျှ အမွေးအမှျင်တွေ အကုန်လုံး ထောင်ထသွားတာဗျို့"

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ဘိုးတော်ကြီးတွေဆိုတာ ရယ်လိုက်ကြတာဗျာ။ လေးလေး စံချစ်ကလည်း လွတ်အပြောကောင်းတာဗျ။

"နေပါဦး စံချစ်ရဲ့၊ မင်းလှေထဲခုန်ချတဲ့ သရဲအကြောင်း ကောင်တာတေကို ပြောပြလိုက်ပါဦးကွ"

ဦးစောဖေဆိုတဲ့ ဘိုးတော်ကြီးက လေးလေးစံချစ်ကို ပြောလိုက်တာဗျ။

လေးလေးစံချစ်က ဆေးပေါ့လိပ်ကလေး နှစ်ဖွာ သုံးဖွာ ဖွာလိုက်ပြီး လက်ဖက်တစ်ဇွန်း စားတယ်ဗျ။ ပြီးတော့ ရေနွေးကြမ်းကို ဖရူး ဖရူးနဲ့ သောက်ချလိုက်တယ်။

"အဲဒီတုန်းက မြို့က ဆန်စက်မှာ စပါးကြိတ်ပြီး ပြန်

လာတာကွ မောင်တာတေရ၊ ဟောဒီ ဖရဖြုံချောင်းထဲကို ဆံ ဗောက်တူ ဝင်လာတော့ ရေကကျနေပြီလေ။ ဒီတော့ ဖရဖြုံချောင်း ထဲမှာ ရေကနည်းပြီး ချောင်းက ကျဉ်းကျဉ်းလေး ဖြစ်နေတော့တာ ပေါ့ကွာ။ ကျူမ်က ဗောက်တူကို နောက်ကခတ်ပြီး တက်မ ကိုင်လာတာ။ မင်းအရီးက ရှေ့ကခတ်ပြီး ခပ်ဖြည်းဖြည်းလေး ဝင်လာတာပေါ့ကွာ။ အဲဒါ ဘုရားဖြုံလေးကျော်လာပြီး ကုက္ကိုပင် ကြီးအောက်ကိုရောက်တော့ လှေထဲက ဆန်တွေပေါ်ကို ဘုတ်ကနဲ ခုန်ချတာပေါ့။ ကျူပ်မျက်စိထဲမှာ မည်းမည်းအရိပ်ကြီးတစ်ခု မြင်လိုက်ရတယ်ကွ။ လှေပေါင်းမိုးတင်တဲ့တိုင်မှာ ချိတ်ထားတဲ့ ခေါက်ဆွဲကြော်ထုပ်ကိုဆွဲပြီး ကုက္ကိုပင်ပေါ်ကို ခုန်တက်သွားရော ပေါ့။

လှေက ငြိမ့်ကနဲဖြစ်သွားတော့ မင်းအရီးက နောက်ကို လှည့်ကြည့်တယ်ကွ။ သူလည်း မည်းမည်းအရိပ်ကြီးတစ်ခု မြင် လိုက်ရတယ်။ ငါတို့ မြို့ကဝယ်လာတဲ့ ခေါက်ဆွဲကြော်ထုပ်ကလေး တော့ ပါသွားရောပေါ့။

တို့နှစ်ယောက်လည်း ဘာပြောကောင်းမလဲကွာ၊ လှေကို တရစပ်ခတ်တော့တာပေါ့။ လှေကလည်း စပါးနှစ်ရာပါဆိုတော့ အရှိန်ရတာနဲ့ ရွေ့တော့တာပေါ့ကွာ။ အိမ်ကို ဘယ်လိုပြန်ရောက်

လာမှန်းတောင် မသိပါဘူးကွာ။ အဲဒီညကတော့ ထမင်းနဲ့စားဖို့ ဝယ်လာတဲ့ ခေါက်ဆွဲကြော်ထုပ်ကလေးကို သရဲလုယူထားလိုက်လို့ ကျုပ်နဲ့ မင်းအရီးနဲ့ ဘဲဥကြော်လေးနဲ့ပဲ ညစာပြီးလိုက်ကြရတာပေါ့ကွာ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ တော်သေးတာပေါ့ စံချစ်ရာ၊ အိမ်မှာ ဘဲဥ အဆင်သင့် ရှိနေလို့ပေါ့၊ မဟုတ်ရင်တော့ ငါးပိရည် ဆမ်းစားလိုက်ရမှာပေါ့"

"ဟုတ်ပါ့ ဘိုးရွှေဒိုးရာ"

လို့ လေးလေးစံချစ်က ပြန်ပြောလိုက်တယ်ဗျ။

"ဒါပေမဲ့ ကျုပ်ကြုံခဲ့ရတဲ့ သရဲတွေထဲမှာ အကြောက်ဆုံးကတော့ မဲကြီးအင်းက မီးသွေးခဲသရဲတွေပဲဗျ"

"ဟော၊ မီးသွေးခဲသရဲတွေနဲ့ ကြုံဖူးလို့လားကွ စံချစ်ရ"

"ဟာ ကြုံဖူးပါပြီလား ဘိုးကံမြင့်ရာ၊ ဒီလိုဗျ၊ ကျုပ်က မဲကြီးအင်း ငါးသွားဝယ်တာဗျို့၊ အိမ်က ဘိုးရဲ့တူမက ငါးရံ့ခြောက်ခွဲပြီး လုန်းမယ်လို့ပြောလို့ ကျုပ်က သွားဝယ်တာဗျို့။ အင်းသူကြီး ဦးမှတ်ကလည်း သဘောကောင်းတော့ ငါးရံ့မှ အကြီးကြီးတွေ ရွေးပေးလိုက်တာဗျ။ ပြီးတော့ ငါးပိကောင်လုပ်ဖို့ ဆိုပြီး ငါးခူတွေပါ အဆစ်ထည့်ပေးလိုက်သေးတာဗျ။ ကျုပ်လည်း

ငါးတောင်းလေးထမ်းပြီး အင်းရေစပ်အတိုင်း လျှောက်ပြန်လာတာ ပေါ့ဗျာ။ အချိန်ကတော့ ညနေနည်းနည်းတော့ စောင်းနေပြီဗျ။

ဒါနဲ့ သဖန်းပင်ကြီးတွေနေရာရောက်တော့ ကျုပ်နောက်က လျှောက်လိုက်လာတဲ့ ခြေသံကို ကြားလိုက်ရတယ်ဗျ။ ဒါနဲ့ ကျုပ်လည်း နောက်ကို ဖျတ်ကနဲ လှည့်ကြည့်လိုက်တော့ လားလား ဝါးနှစ်ရိုက်လောက်အကွာကနေ မီးသွေးသရဲတစ်ကောင် လိုက်လာတာဗျို့။ တစ်ကိုယ်လုံး မီးသွေးခဲလို မည်းနက်နေပြီး ဆံပင်က ဒူးခေါင်းဖုံးအောင် ကျနေတာဗျ။ အလုံးအထည်ကတော့ လူနှစ်ယောက်စာလောက် ရှိမယ်ဗျ။ အရပ်က ရှစ်ပေလောက် ရှိမယ်ထင်တယ်။ ကျုပ်ကို စိုက်ကြည့်ပြီး လိုက်လာတာဗျို့"

"ဟာ…အဲဒီတော့ လေးလေးစံချစ် ဘာလုပ်တုံးဗျ"

ကျုပ်က မေးလိုက်တာဗျ။ ဒီတော့ လေးလေးစံချစ်က ကျုပ်ကို လှည့်ကြည့်ပြီး ပြုံးတယ်ဗျ။

"ဟ…ဘာလုပ်ရမှာတုံး မောင်တာတေရဲ့၊ လေးလေး ပြေးတာပေါ့ကွ၊ ငါးတောင်းလေးထမ်းပြီး ပြေးလိုက်တာမှ လေထဲ မှာကို လွင့်နေတာဟေ့၊ အင်းစပ်ကို မလျှောက်တော့ဘဲ ကွင်းဘက် ကို ပြေးတာဟေ့။ ဒီကောင် ကွင်းတစ်ဝက်လောက်အထိ လိုက် လာသေးတယ်ကွ၊ ဒါပေမဲ့ နောက်တော့ ဆက်မလိုက်တော့ဘဲ

မတ်တတ်ကြီးရပ်ပြီး ကျုပ်ကိုကြည့်ရင်း ကျန်ရစ်ခဲ့တယ်ကွ။ ကျုပ်ကတော့ အပြေးမရပ်ပါဘူး၊ အိမ်ပေါက်ဝ ရောက်တဲ့အထိ ပြေးမျှလာတာပေါ့။ အိမ်ရောက်တော့ မောပြီး စကားတောင် ချက်ချင်းမပြောနိုင်ဘူးကွ၊ မင်းအရီး ရေခပ်တိုက်တော့မှ တဖြည်းဖြည်းအမောပြေသွားတယ်ပေါ့၊ ဒီတော့မှ စကားပြောနိုင်တာ မောင်တာတောရေ''

''မီးသွေးသရဲက လေးလေးဝယ်လာတဲ့ ငါးတွေ လုချင်လို့နဲ့ တူတယ်ဗျ''

ကျုပ်က ပြောလိုက်တော့ လေးလေးစံချစ်က ခေါင်းညိတ်ပြပြီး...

''သေချာတာပေါ့ မောင်တာတောရာ၊ ဒီကောင် ငါးလုချင်လို့ လိုက်လာတာပေါ့ကွာ၊ လေးလေး တွေ့သမျှ သရဲတွေမှာကြီးအင်းက မီးသွေးခဲလို့ မည်းနက်နေတဲ့ သရဲက ကြောက်စရာအကောင်းဆုံးပဲကွ''

''အကုသိုလ်အများကြီးနဲ့ သရဲဖြစ်သွားတာနေမှာပေါ့လေးလေးရာ''

''ဟာ၊ သိပ်ဟုတ်တာပေါ့ကွာ၊ မောင်တာတောက ဘယ်လိုလို့တုံးကွဲ့၊ ကုသိုလ်ကံ အကုသိုလ်ကံတွေရဲ့ သဘောကို

သိနေတာပါလား”

ဘိုးတော်ကြီး ဦးစောဖေက ကျုပ်ကို ချီးမွမ်းတာဗျ။

““ဒီလိုပါ ဘိုးရယ်၊ ကျုပ်က ရွာမှာ ဆရာတော်နဲ့ အလှူတရားပွဲတွေ၊ ကထိန်တရားပွဲတွေကို ကျောင်းသားလုပ်ပြီး လိုက်ခဲ့ရတော့ ဆရာတော်ဟောတဲ့ တရားတွေကို နားရည်ဝနေတာပါဘိုး”

““ဟာ၊ သိပ်ကောင်းတာပေါ့ မောင်တာတေရဲ့၊ ငယ်ငယ်ကတည်းက ကုသိုလ်၊ အကုသိုလ်ကို ကွဲကွဲပြားပြား နားလည်နေတာ သိပ်ကောင်းတာပေါ့ လူကလေးရဲ့”

ဒီည လက်ဖက်ရည်ဝိုင်းလေးက တော်တော်တော့ ဗဟုသုတ ရသားဗျ။ လေးလေးဆိတ်ဖွားလည်း ဈေးတော်တော်ရောင်းကောင်းတယ်ဗျို့။ ပါလာတဲ့ အညာကုန်တွေ တော်တော်လေးကုန်သွားတယ်ဗျ။ ကျုပ်လည်း လေးလေးစံချစ်ရဲ့ ကိုယ်တွေ့သရဲအကြောင်းတွေကို တော်တော်လေး ကြားလိုက်ရတယ်။

ညဆယ်နာရီလောက် ရောက်တော့မှ ဓာတ်မီးတွေတဝင်းဝင်းထိုးပြီး ပြန်သွားကြလေရဲ့ဗျို့။

ဒီတော့မှ ကျုပ်တို့လည်း အိပ်ရာဝင်ခဲ့ကြတာပေါ့ဗျာ။ ခရီးကလည်းပန်းလာတာဆိုတော့ ကျုပ်လည်း တစ်ချိုးတည်း

အိပ်ပျော်သွားတော့တာဗျို့။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ လိုက်ဟေ့ လိုက်ဟေ့၊ လူကပ်တယ်ကွ၊ လိုက်လိုက်၊ လိုက်ဟေ့"

ကျုပ် လန့်နိုးသွားတယ်ဗျ။ ဘယ်အချိန်မှန်းတော့ မသိဘူး။ ရွာထဲက သံချောင်းခေါက်သံတွေ ကြားရတယ်ဗျ။

"သူခိုးကပ်တာထင်တယ်"

ဘထွေး အုန်းခိုင်က ပြောလိုက်တာဗျ။

"ဘယ်သူ့အိမ်များ သူခိုးက ကပ်တယ်မသိပါဘူးတော်၊ ပူဖြင့် လန့်လိုက်တာ၊ အိပ်ကောင်းတုန်း ရှိသေးတယ်"

အရီးမမြရင်ကလည်း လန့်နိုးလာလို့ ပြောနေတာဗျ။

"သူခိုးက ဘယ်သူ့အိမ်ကို ကပ်တာတုံးကွ"

"ပန်းမောင်တို့အိမ်တဲ့ဟေ့"

ရွာထဲမှာ တစ်အိမ်နဲ့ တစ်အိမ် အော်ဟစ်ပြောနေတဲ့ အသံတွေ ကြားနေရတယ်ဗျ။

"ဒီရွာက ညတိုင်း ကင်းစောင့်ရတာလား ဘထွေး"

ကျုပ်က ဘထွေးအုန်းခိုင်ကို မေးလိုက်တာဗျ။

"ကင်းရယ်လို့ သပ်သပ်မရှိပါဘူး မောင်တာတေရယ်"

"နို့ သံချောင်းခေါက်တာ ကင်းက ခေါက်တာမဟုတ်

[illegible] ဘထွေးရဲ့"

"မဟုတ်ဘူး မောင်တာတေ၊ ကျုပ်တို့ရွာက အိမ်တိုင်းမှာ သံချောင်းတွေ ဆွဲထားကြတာ၊ ဟိုမှာလေ ဘထွေးတို့လည်း ဆွဲထားတာပဲ"

ဒီတော့မှ ကျုပ်မြင်သွားတာဗျ။ မှောင်ထဲရောက်နေလို့ မမြင်ရတာ။ သံဝွေတစ်ခုနဲ့ သံချောင်းတစ်ခု ဘထွေးအုန်းခိုင်တို့ ချိတ်ထားတယ်ဗျ။ ဒါမျိုးတွေ အိမ်တိုင်းမှာ ရှိမှာပဲဗျ။

"အကြောင်းရှိတဲ့အိမ်က သံချောင်းခေါက်ရင် တစ်ရွာလုံး နိုးပြီး ထွက်ကြရတာပေါ့ကွယ်"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

"ဟာ၊ ခေါက်ပြန်ပြီဟေ့၊ ဒီတစ်ခါ ရွာတောင်ပိုင်းက အသံကွ"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

"ဟာ၊ မြောက်ပိုင်းကလည်း ခေါက်နေပါလား၊ ဘယ်လို ဖြစ်တာတုံး၊ သူခိုးတွေ ဘယ်လောက်များလို့ တစ်ရွာလုံး ခေါက်နေတာတုံး"

ဘထွေးအုန်းခိုင်က ပြောတော့ အရီးမြရင်က နားစွင့်နေရင်းက ပြောတယ်ဗျ။

"ကိုအုန်းခိုင်၊ ဒါ သူခိုးတော့ မဟုတ်လောက်ဘူးတော့၊ ...ခိုးဆိုရင် ပထမတစ်ခါ ခေါက်ကတည်းက ပြေးပြီပေါ့တော့၊ ...ချောင်းခေါက်ပြီ ဆိုကတည်းက လူတွေနိုးသွားပြီဆိုတာ သိနေ...၊ နောက်ထပ် ထပ်ပြီးကပ်ပါဦးမလား"

"အင်း၊ မင်းပြောတာလည်း ဟုတ်တာပဲ၊ ဒါဆိုရင် ...တုံး"

"ဘာဆိုတာတော့ ကျုပ်လည်း မသိဘူးလေတော်"

ခဏနေတော့ လေးလေးစံချစ်နဲ့ လူသုံးလေးယောက် ...ောက်လာတယ်ဗျ။

"ဟော့ စံချစ် ဘာဖြစ်တာတုံးကွ"

"အစ်ကိုအုန်းခိုင်ရေ၊ ကျုပ်တို့ရွာတော့ တစ်ခုခုဖြစ်ပြီ ...တယ်ဗျို့၊ သူခိုးကပ်တာတော့ မဟုတ်ဘူးဗျ၊ မည်းမည်း ...ကောင်တွေလို့ ပြောတယ်"

"ဘာတုံးကွ၊ မည်းမည်းအကောင်ဆိုတာ"

"မကောင်းဆိုးဝါးတွေ ဖြစ်မယ်ထင်တယ်ဗျ"

"ဟာ၊ မကောင်းဆိုးဝါး ဟုတ်လားကွ စံချစ်၊ ဘယ်တုန်း ...တို့ရွာမှာ ဒါမျိုး မဖြစ်ဖူးပါဘူးကွာ"

"ကျုပ်ထင်တာကို ပြောတာပါဗျာ၊ အစ်ကိုအုန်းခိုင်

စဉ်းစားကြည့်လေ၊ သူခိုးဆိုတာ တစ်ယောက်တည်း လာတာဗျ။ ဒီက သံချောင်းခေါက်လိုက် နောက်တစ်နေရာ သွားကပ်လိုက်၊ နောက်တစ်နေရာက သံချောင်းခေါက်လိုက် နောက်ထပ်တစ်နေရာ သွားကပ်လိုက် လုပ်နေပုံမလားဗျာ၊ လူမြင်သွားပြီဆိုကတည်းက သူခိုးက တန်းပြေးပြီးသားပဲဗျ။ အခုဟာက သုံးနေရာတောင် ကပ်တယ်ဆိုတော့ သူခိုး မဟုတ်နိုင်ဘူးလို့ ကျုပ်က ပြောတာပါ"

"မင်းပြောတာလည်း ဟုတ်ပါတယ် စံချစ်ရာ၊ ဒါပေမဲ့ နာနာဘာဝက တို့ရွာထဲက အိမ်တွေကို ဘာအတွက် လိုက်ကပ်နေမှာတုံးကွ၊ နာနာဘာဝဆိုတာ ခိုးမှာလည်း မဟုတ်၊ ဝှက်မှာလည်း မဟုတ်လေကွာ"

"အင်း၊ အစ်ကိုအုန်းခိုင် ပြောတာလည်း စဉ်းစားစရာပဲ ဗျ၊ ဒါပေမဲ့ ခဏဆိုရင် သိရတော့မှာပါဗျာ၊ ရွာထဲကလူငယ်တွေ သံချောင်းခေါက်တဲ့ အိမ်တွေကို လိုက်မေးနေကြဟယ်ဗျ။ ဟော ပြောရင်းဆိုရင်း ပြန်လာကြပြီဗျို့။ ဟေ့ သာညွှန့်၊ ဘယ်လိုတုံးကွ၊ ဘာဖြစ်တာတဲ့တုံး"

"လေးလေးစံချစ်ရေ၊ လူတော့ မဟုတ်ဘူးဗျ"

သာညွှန့်ဆိုတဲ့ ကာလသားက ပြန်ပြောတာဗျို့။

"ဟော၊ လူမဟုတ်ဘူးဆိုတော့ ဘာတုံးကွ သာညွှန့်ရဲ့"

"သူတို့ပြောတာကတော့ အရိပ်လိုလို ဘာလိုလိုတဲ့ လေးလေးရာ၊ အိမ်ထဲကို ချောင်းကြည့်နေတာတဲ့ဗျ၊ မျက်လုံးနီနီတွေနဲ့တဲ့ဗျ"

"ဟာ၊ ဒါဆိုရင်တော့ သရဲပဲ ဖြစ်မယ်ကွ"

လေးလေးစံချစ်က ပြန်ပြောလိုက်တော့ ကာလသားကိုသာညဏ်ကလည်း ခေါင်းညိတ်ပြီး ပြောကယ်ဗျ။

"ကျုပ်လည်း သရဲလို့ပဲ ထင်တယ်ဗျ၊ ကျုပ်တို့ရွာထဲကို သရဲက ဘာကြောင့် ဝင်လာတာပါလိမ့်လို့ ကျုပ်စဉ်းစားနေတာဗျ လေးလေးရ"

"ဝါတွက်ကုန်းကလည်း ငါတို့တွေ ရွာဘုံစုပြီး ဦးရှင်ကြီးတင်တာပါပဲကွာ"

ဘထွေးအုန်းခိုင်နဲ့ လေးလေးစံချစ်တို့ ပြောဆိုနေကြတာကို ကျုပ်နဲ့ လေးလေးဆိတ်ဖွားက ငြိမ်ပြီးနားထောင်နေကြတာဗျ။ ကျုပ်တို့က ညှော်သည်တွေလေဗျာ။ အကျိုးအကြောင်း သေသေချာချာ မသိဘဲ ဝင်ပြောလို့ ဘယ်ဖြစ်ပါ့မတုံး။

နောက်နေ့ရောက်တော့ ရွာထဲမှာ ရုံးစုရုံးစုနဲ့ ဒီအကြောင်းကိုပဲ ပြောနေကြတော့တာပေါ့ဗျာ။ အလုပ်ရှိတဲ့လူက အလုပ်သွားပြီး ကျန်တဲ့လူတွေက ဟိုအိမ်သွား ဒီအိမ်သွားနဲ့ ဒီအကြောင်းပဲ

ပြောကြတာပေါ့ဗျာ။ ညက ရွာလန့်ထားတာလေဗျာ။ ထနောင်း ကုန်းမှာဆိုရင်တော့ ခုလောက်ဆို ကျောက်ခဲနဲ့ သံမဏိ ကျုပ်ဆီကို ရောက်လာပြီပေါ့ဗျာ။

လူစုပြီး စကားတွေ ပြောပြီဆိုတော့ ကားလာပြီပေါ့ဗျာ။ တချို့အိမ်ကလည်း သရဲကို အကောင်လိုက်ကြီး မြင်လိုက်ရသလို ပြောကြသဗျ။

ဒီလိုနဲ့ပဲ တစ်နေကုန်သွားတယ်။ လေးလေးဆိတ်ဖွားက တော့ ပါလာတဲ့ အညာကုန်တွေ အားလုံးကုန်အောင် ရောင်းလိုက် ရပြီဗျို့။ နောက်နေ့ကစပြီး ပြန်ကုန်ဝယ်ဖို့ စီစဉ်နေပြီဗျ။

တဖြည်းဖြည်းနဲ့ ညနေ နွားရိုင်းသွင်းချိန် ရောက်လာရော ဗျို့။ ညီအစ်ကို မသိတသိအချိန်လို့ ပြောကြတဲ့အချိန်ပေါ့ဗျာ။

“ကယ်ကြပါဗျို့” “သရဲ” “သရဲ” “သရဲဗျို့”

ဟာ၊ ရွာနောက်ဘက်ကွင်းထဲက အော်သံတွေဗျို့။ အော် တာမှ ငယ်သံပါအောင်ကို အော်တာဗျ။ ဘထွေးတို့ရော၊ ကျုပ်ရော လေးလေးဆိတ်ဖွားရော ပြေးထွက်ကြည့်ကြတာပေါ့ ဗျာ။ ဟာ လယ်ကွင်းထဲက စပါးရိတ်ပြီး ပြန်လာတဲ့လူတွေဗျ။ ပြေးလိုက်ကြ တာမှဗျာ၊ လေထဲမှာ လွင့်နေအောင် ပြေးကြတာဗျ၊ အားလုံး ငါးယောက်ဗျ။

ဟာ၊ လဲကျသွားပြီဗျို့။ ရွာထဲရောက်တော့ နှစ်ယောက်က အမောဆို့ပြီး လဲကျသွားတယ်ဗျ။ နောက်ကရောက်လာတဲ့ သုံးယောက်က တမင်နောက်ချန်ပြီး ပြေးလာတဲ့ပုံဗျ။ မိန်းမ နှစ်ယောက်ကို ရှေ့ကပြေးခိုင်းပြီး ယောကျ်ားသုံးယောက်က နောက်က ကာပြီးပြေးလာကြတာဗျ။ ယောကျ်ားတွေကတော့ ဘာမှမဖြစ်ကြဘူးဗျ။ သတိမေ့လဲသွားတဲ့ မိန်းမနှစ်ယောက်ကို သတိရအောင် ဝိုင်းလုပ်ပေးကြရတာပေါ့ဗျာ။

ယောကျ်ားသုံးယောက်ကလည်း မောနေလို့ ဘာမှ စကားမေး မရသေးဘူးဗျ။ ခဏနေမှ မေ့တဲ့လူတွေလည်း သတိရ၊ မောတဲ့လူတွေလည်း စကားပြောနိုင်လာတာဗျို့။

"ဟေ့ကောင်တွေ၊ ထွန်းမောင်တို့ ငတင်တို့ မင်းတို့ ဘယ်နေရာကတည်းက ပြေးလာကြတာတုံးကွ"

"မဲကြီးအင်းကဗျ ဘကြီးရွှေဒိုးရ"

"ဟေ၊ မဲကြီးအင်းကနေ ပြေးလာတာ ဟုတ်လား၊ အဝေးကြီးပါလား၊ ဒါကြောင့် တင်မြတို့ လှခင်တို့ အမောဆို့သွားကြတာကိုး၊ မသေကောင်း မပျောက်ကောင်းကွာ၊ ဘာတွေဖြစ်လာကြလို့တုံးကွ"

"မီးသွေးခဲသရဲတွေ ဝိုင်းလိုက်လို့ဗျ"

တောင်ဆိုတဲ့လူက ပြောပြတာဗျ။

"ဘယ်လိုဖြစ်လို့တုံး၊ မင်းတို့ ဘာမှားသွားလို့တုံး တောင်ရဲ့"

"ဘာမှမမှားပါဘူး ဘကြီးရာ၊ ကျုပ်တို့ငါးယောက် မဲကြီးအင်းနားက လယ်မှာ စပါးရိတ်ပြီး ပြန်လာကြတာ၊ အင်းနားရောက်တော့ သစ်ပင်တွေပေါ်ကနေ သရဲမည်းမည်းကြီး လေးကောင် ခုန်ချပြီး ကျုပ်တို့ကို လိုက်တော့တာဗျ"

"ဟေ…ဟုတ်လား၊ နေပါဦး တောင်ရဲ့၊ ဒီသရဲတွေကို မင်းတို့အထဲက ဘယ်သူက မြင်တာတုံး"

"ကျုပ်တို့ငါးယောက်စလုံး မြင်တာဗျ ဘကြီးရဲ့"

"ဟေ…ဟုတ်လား၊ ဒါကြောင့် စွတ်ပြေးလာကြတာကိုး"

အမောဆို့ပြီး သတိလစ်သွားတဲ့ မဟာင်မြတို့ မလှခင်တို့ နှစ်ယောက်ဆိုတာ အခုထိကို ကြောက်ကြတုန်းဗျ။ မျက်လုံးတွေ ပြူးပြီး ဟိုကြည့် သည်ကြည့်နဲ့ တော်တော်ကို ကြောက်နေတဲ့ ပုံပဲဗျ။

ငါးယောက်စလုံး နေလို့ကောင်းသွားတော့မှ သူတို့အိမ်တွေကို ပြန်သွားကြတာဗျို့။ ရွာထဲကလူတွေလည်း တဖြည်းဖြည်း

နဲ့ အုံလာလိုက်ကြတာ ဖွေးဖွေးကို လှုပ်ရောဗျာ။

ညရောက်တော့ လူတွေက အိမ်ထဲကနေ အိမ်ပြင်ကို မထွက်တော့ဘူးဗျို့။ ပြောရဦးမယ်ဗျ။ အောက်ပြည်အောက်ရွာက ရွာတွေဆိုတာက မြစ်ကမ်းနံဘေး၊ ချောင်းကမ်းနံဘေးမှာ အိမ်တန်းတန်းပြီး ဆောက်ကြတာဗျ။ ကျုပ်တို့အညာရွာတွေလို ရွာဝိုင်း မဟုတ်ကြဘူး။ စည်းရိုးတွေ ဘာတွေလည်း မရှိဘူးဗျ။ အိမ်တန်း နောက်ဘက်မှာက လယ်ကွင်းကြီးတွေလေဗျာ။ အိမ်တန်းတွေရဲ့ ရှေ့မှာက ရွာလမ်းရှိတယ်။ ရွာလမ်းကျော်သွားရင်တော့ ချောင်း ပေါ့ဗျာ။ ဒီချောင်းကိုပဲ ကားလမ်းလို သဘောထားပြီး လှေတွေနဲ့ သွားလာနေကြတာပေါ့ဗျာ။ ရွာစည်းရိုး မရှိတော့ လုံခြုံမှု အားနည်း တာပေါ့ဗျာ။

ညရောက်တော့ ရွာထဲကလူတွေ နိုးနိုးကြားကြား ရှိနေကြတာဗျ။ တုတ်တွေ ဓားတွေလည်း အဆင်သင့်လုပ်ထားကြ တာဗျို့။ ကျုပ်တို့တည်းတဲ့ ဘထွေးအုန်းခိုင်ကတော့ လှံတစ်ချောင်း အဆင် သင့်လုပ်ထားတယ်ဗျ။

"ဒီအတိုင်းဆိုရင်တော့ ညက ရွာထဲမှာ လန့်ကြတာ လည်း ဒီသရဲတွေပဲဖြစ်မယ် မြရင်ရေ"

"ဘယ်သရဲတုံး ကိုအုန်းခိုင်ရဲ့"

"ဟဲ့…မဲကြီးအင်းက မီးသွေးခဲသရဲတွေပေါ့ဟဲ့"

"ဟုတ်ချင်မှ ဟုတ်မှာပေါ့တော်၊ မနေ့ညက ရှာကို ကပ်တာက လူဖြစ်ချင် ဖြစ်မှာပါ၊ မဲကြီးအင်းက သရဲတွေ လူကို လိုက်တာက သပ်သပ်တစ်ခု ဖြစ်ချင်ဖြစ်မှာပေါ့"

တဖြည်းဖြည်း ညနက်လာပြီဗျ။ လေအေးလေးတွေ တိုက်နေတယ်။ ချောင်းထဲမှာ ရေပြည့်နေပြီဗျ။

"ဟော့ အောင်မြတို့ အိပ်ပြီလားကွ"

ချောင်းထဲမှာ ခတ်သွားတဲ့ ဖောက်တူပေါ်က ဘထွေး အုန်းခိုင်တို့ဘေးအိမ်ကို လှမ်းမေးသွားတာဗျ။

"ကျော်မြလား၊ မအိပ်သေးပါဘူးကွာ၊ မင်းတို့ ဆန်သွား ကြိတ်တာလား"

"အေး ဟုတ်တယ်ကွ၊ မြို့က ဆန်စက်မှာ ဆန်သွား ကြိတ်တာ"

"ဘယ်သူတွေ ပါသေးတုံး"

"လွန်းမောင်နဲ့ ငခွေး ပါတယ်လေကွာ"

"အေး အေး၊ အိမ်ရောက်မှ ထမင်းစားမှာပေါ့ ဟုတ် လား"

"အေး ဟုတ်တယ်၊ မြို့မှာ ဈေးဝယ်ပြီး ဟင်းတွေချက်

လာတာကွ”

“ဟာ၊ ကောင်းတာပေါ့ကွ”

“အဲဒါ ဖရဖြူချောင်းဖျားမှာနေတဲ့ ကျော်မြဆိုတဲ့ ကောင်ပေါ့ ကိုဆိတ်ဖွားရဲ့”

“အင်း၊ သူ့အရပ်နဲ့ သူ့ဓလေ့ပဲပေါ့ဗျာ၊ မြစ်ရိုးချောင်းရိုးမှာ လှေနဲ့တက်နဲ့ သွားနေကျဆိုတော့လည်း ညအချိန်မရှိလည်း သွားနေကြတာပဲနော် ကိုအုန်းခိုင်”

“ဟုတ်တယ် ကိုဆိတ်ဖွားရေ၊ ကျုပ်တို့ အောက်ပြည်ကတော့ လှေပဲ အားကိုးရတာကိုးဗျ”

တော်တော်လေး ညဉ့်နက်လာတော့ ကျုပ်တို့ အိပ်ရာဝင်ကြတယ်ဗျို့။ ကျုပ်ကတော့ ဒီအတွေ့အကြုံတွေ ရှိပြီးသားဆိုတော့ တွေးမိပြီးသားပေါ့ဗျာ။

ဒီညအဖို့ ကျုပ် အိပ်ဖို့စိတ်ကူးမရှိဘူးဗျ။ ဒါနဲ့ အရိုးမြရင်ရဲ့ ကျောက်ပြင်နောက်ကျောမှာ မျက်ကွင်းဆေးသွေးပြီး ကွင်းလိမ်းထားလိုက်တယ်။

လေးလေးဆိတ်ဖွားကတော့ နေ့ခင်းကလည်း ဈေးရောင်းနေရတော့ ခေါင်းနဲ့ ခေါင်းအုံးနဲ့ ထိတာနဲ့ အိပ်ပျော်သွားတော့တာဗျို့။

ဘထွေးအုန်းခိုင်နဲ့ အရီးမြရင်တို့လည်း ဟောက်သံတွေ ထွက်လာပြီပေါ့ဗျာ။ ညသန်းခေါင်ကျော်လောက် ရှိပြီဗျ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟော ချောင်းဝဘက်က သံချောင်းခေါက်သံဗျို့။

"လိုက်ဟေ့၊ လိုက်ဟေ့၊ ကျွဲပေါက်ကလေး ပါသွားပြီ ဟေ့"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

လူတွေ ထွက်လာပြီဗျို့။ ရွာလမ်းပေါ်ကို ဂုတ်တွေ၊ ဓားတွေ၊ လှံတွေနဲ့ပေါ့ဗျာ။

ကျုပ်လည်း ရွာလမ်းပေါ်ကို ထွက်လိုက်တယ်။ ကျုပ်က ဘထွေးအုန်းခိုင်တို့ အိမ်ဘေးကပတ်ပြီး အိမ်နောက်ဘက်ကို ပတ်ထွက်တယ်။ နောက်ဘက်က လယ်ကွင်းကြီးက ရိတ်ထားတော့ အဝေးကြီးကို လှမ်းမြင်နေရတာပေါ့ဗျာ။ လရောင်ဖျော့ဖျော့လေးနဲ့ ကြယ်ရောင် မှုန်ပျပျလေးအောက်မှာ လယ်ကွင်းကြီးက တမျှော်တခေါ်ကြီးပေါ့ဗျာ။

ဟာ..တွေ့ပြီဗျို့၊ တွေ့ပြီ။ မည်းနက်နေတဲ့ အကောင်ကြီးဗျာ။ ကျွဲပေါက်ကို ချိုင်းကြားမှာညှပ်ပြီး ပြေးလာတာဗျို့။ ကျွဲပေါက်က ချိုသိပ်မရှည်သေးဘူးဗျ။ ဒါပေမဲ့ ဇက်ကျိုးပြီး တွဲ

လောင်းကြီး ကျနေပါပြီဗျာ။ မည်းမည်းအကောင်ကြီးက ပြေးလာတော့ ကျွဲပေါက်ရဲ့ ခေါင်းကြီးက တွဲလောင်းကြီးကျပြီး ယမ်းခါနေတော့တာပေါ့ဗျာ။

မည်းမည်းအကောင်ကြီးက လရောင်မှုန်ဝါးဝါးလေးအောက်မှာ မြင်ရတာ မည်းနက်နေတာပဲဗျ။ ရွာသားတွေပြောတဲ့ မီးသွေးခဲရောင်သရဲဆိုတာ ဒါပဲဖြစ်မယ်ဗျ။

မဲကြီးအင်းက သရဲဦးမဲကြီးလား၊ သူ့သားတွေလားတော့ ကျုပ် မသိဘူးဗျ။ ကျုပ်တည့်တည့်က ဖြတ်ပြီးပြေးသွားတာဗျို့။ အရပ်ကြီးက ဆယ်ပေလောက် ရှိမယ်ဗျ။ မျက်လုံးကြီးတွေက အကြမ်းပန်းကန်လုံးလောက် ရှိမယ်ဗျို့။ နီရဲပြီး ပြူးထွက်နေတာဗျ။

ဟာ၊ ထိန်ပင်ကြီးအောက်က မည်းမည်းအကောင်ကြီးသုံးကောင် ပြေးထွက်လာပြီဗျို့။ ပြေးလာတဲ့ သရဲကြီးကို ထိန်ပင်အောက်မှာ စောင့်နေ ဘဲ့ သရဲသုံးကောင်က ပြေးကြိုကြတာဗျို့။ ဟော ပြေးကြပြီဗျို့။ မဲကြီးအင်းဘက်ကို ပြေးကြတာဗျာ။

"ကျွဲပေါက်တစ်ကောင် ပါသွားပြီဗျို့"

"ဟော…ဟုတ်လား၊ ကျွဲကို ကြိုးနဲ့ဆွဲသွားတာလား"

"ဘယ်ကကျွဲကို ဆွဲသွားရမှာတုံးဗျာ၊ လည်လိမ်ချိုးပြီး

ယူသွားတာဗျ၊ ဟာ…ကျွဲပေါက်တစ်ကောင်ကို မ,ယူသွားတယ် ဆိုတော့ နဲနဲနောနောအကောင်မှ မဟုတ်တာ"

"မင်းတို့ မြင်လိုက်လား အောင်တိုး"

"မည်းမည်းအရိပ်ကြီးပဲ မြင်တာဗျ၊ ကျွဲပေါက်ကို လက် တစ်ဖက်နဲ့ မ,ယူသွားတာ ဖြစ်မယ်ဗျ"

"နေပါဦး အောင်တိုးရဲ့၊ ဘယ်သူ့ကျွဲတုံးကွ"

"ချောင်းဝက ဦးကုလားကြီးရဲ့ ကျွဲဗျ၊ တင်းကုတ်ထဲကို အတင်းဝင်ဆွဲသွားတာတဲ့ဗျ၊ ကျွဲတွေလန့်ပြီး အော်ကြ ရုန်းကြနဲ့ ဆူညံသွားတာတဲ့ဗျို့"

"ဟော…ကိုကုလားကြီးကျွဲလား၊ ဒုက္ခပါပဲကွာ"

ဘကြီးရွှေဒိုးက ရွာလမ်းပေါ်ထွက်လာပြီး မေးစမ်းနေ တာဗျ။ ပြန်ပြောပြနေတဲ့ အောင်တိုးဆိုတဲ့ လူငယ်က ချောင်းဝ ဘက်က ပြန်လာပုံရတယ်။ ဒီည ဖရဖြူရွာလေး မအိပ်ဝံ့ကြ တော့ဘူးပေါ့ဗျာ။

နောက်နေ့ရောက်တော့ ကျုပ်က ဘိုးတော်ကြီးတွေကို ခေါ်ပေးဖို့ ဘထွေးအုန်းခိုင်ကို ပြောလိုက်တယ်။ ဒီတော့မှ လေးလေးဆိတ်ဖွားက ကျုပ်အကြောင်းကို ဘထွေးအုန်းခိုင်နဲ့ အရိုး မြရင်ကို ပြောပြတာဗျ။

"မောင်တာတေက ငယ်ပေမယ့် ဒီကိစ္စမျိုးမှာ အတွေ့အကြုံ တော်တော်များတယ်ဗျ၊ တကယ်တော်တဲ့ ဆရာကြီးတွေနဲ့ အသည်း လိုက်နေကျဆိုတော့ အတွေ့အကြုံ အများကြီးရှိတယ်။ ...ဘူးသဖြင့်တော့ သချိုင်းစောင့်လို့ ပြောကြတဲ့ မဖဲဝါနဲ့ တော်တော် ...း ပတ်သက်နေတယ်။ ဒီတော့ ခင်ဗျားတို့ ဖရဖြူမှာ ကြုံနေတဲ့ ...ခွကို သူလုပ်ပေးနိုင်တယ်ဗျ"

"ဟာ၊ နေရာကျတာပေါ့ကွာ၊ ခုလို ကြုံတုန်းမှာ ဘတွေး ...ဘွာကို ကူညီခဲ့ပါကွာ"

ရွာထဲက ဘိုးတော်ကြီးတွေ ရောက်လာတော့ ကျုပ်က ...ကွင်းဆေးကွင်းပြီး ညက ထွက်ကြည့်တဲ့အကြောင်း၊ မီးသွေး ... မည်းနက်ပြီး အရပ်ဆယ်ပေလောက်ရှိတဲ့ ဆံပင်ဖားလျားကြီး ...ားတဲ့ သရဲကြီးက ကျွဲပေါက်ကလေးကို ချိုင်းကြားမှာညှပ်ပြီး ...သွားတဲ့အကြောင်း၊ ထိန်ပင်အောက်မှာ စောင့်နေတဲ့ သရဲသုံး ...ာင်က ပြေးထွက်လာပြီး ကြိုကြတဲ့အကြောင်း၊ မဲကြီးအင်း ...ကို ပြေးသွားတဲ့အကြောင်းတွေ ပြောပြလိုက်တယ်ဗျ။

"ဟာ ဒါဆိုရင် မဲကြီးမိသားစုပဲကွ၊ ဒီသရဲတွေ ဒီအနီး ...းက ရွာတွေကို ဘယ်တော့မှ မနှောင့်ယှက်ဘူးကွ၊ အခု ...လိုဖြစ်သွားတာတုံး၊ ဟင် ကိုရွှေဒိုး"

"အင်း၊ တစ်ခုခုတော့ အကြောင်းရှိမယ်ဗျ ကိုကံမြင့်ရဲ့၊ ကဲ မောင်တာတေ ပြောပေတော့၊ ဘကြီးတို့ ဘာလုပ်ပေးရမလဲ"

"ကျုပ်ကို ဆန်တစ်ခွက်ချက်ပြီး ကြက်နှစ်ပိဿာလောက် ဟင်းချက်ပေးပါ၊ ပြီးရင် ညနေ ငါးနာရီမှာ ထမင်းဟင်းတွေကို ငှက်ပျောဖက်နဲ့ ထမင်းထုပ် ထုပ်ပြီး ထမ်းတောင်းလေးပြင်ပေးပါ ဘိုး"

"အေး လုပ်ပေးမယ် မောင်တာတေ၊ နောက်ကော"

"ကျုပ်နဲ့ အဖော်လိုက်မယ့်သူနှစ်ယောက် ထည့်ပေးပါဘိုး၊ ကျုပ်က ဖရဖြုသင်္ချိုင်းထဲကို သွားမှာမို့ပါ"

"ဟာ လိုက်ပို့ပေးမှာပေါ့ မောင်တာတေရဲ့၊ ဖရဖြုသင်္ချိုင်းက လှေနဲ့သွားမှ အဆင်ပြေမှာ၊ နှစ်ယောက် မဟုတ်ဘူး၊ သုံးယောက် လိုက်ပို့ပေးမယ်၊ ကဲ ကိုကံမြင့် စံချစ်ကို ခေါ်ဗျာ၊ အားလုံး စီစဉ်ခိုင်းလိုက်၊ လိုက်ပို့မယ့် လူငယ်သုံးယောက်လည်း တစ်ခါတည်း ရွေးခိုင်းထား"

လေးလေးစံချစ် ရောက်လာပြီး အားလုံးကို စီစဉ်ပေးတာဗျ။

"မောင်တာတေရယ် မင်းက ဟိုညကတည်းက ပြောရောပေါ့ကွာ၊ ဒီသတင်းကြားတော့ လေးလေးက ဝမ်းသာသွား

တာကွ၊ ညကျရင် လေးလေးပါ လိုက်မှာကွ”

လို့ လေးလေးစံချစ်က ဝမ်းသာအားရ ပြောတာဗျို့။

ညနေငါးနာရီမှာ ထမင်းတောင်း အဆင်သင့်ရောက်လာပြီဗျ။ ကျုပ်နဲ့လိုက်မှာ လေးလေးစံချစ်ရယ်၊ ကိုတင်ဝင်းဆိုတဲ့လူရယ်၊ ကိုစံဒွန်းဆိုတဲ့ လူရယ်ဗျ။ လှေကတော့ ဘထွေးအုန်းခိုင်ရဲ့ ဖောက်တူလေးနဲ့ပဲ သွားကြမှာ။ ကိုတင်ဝင်းနဲ့ ကိုစံဒွန်းက လှော်ကြမှာပေါ့ဗျာ။ ညခုနစ်နာရီထိုးတာနဲ့ ကျုပ်တို့ လှေနဲ့ ထွက်ခဲ့ကြတယ်။ ရှစ်နာရီထိုးတော့မှ ဖရဖြူသင်္ချိုင်းကို ရောက်တာဗျ။ သင်္ချိုင်းဆိုပေမယ့် အုတ်ဂူက လေးငါးလုံးပဲ ရှိတာပေါ့ဗျာ။ သူတို့ဓလေ့က မီးသင်္ဂြိုဟ်ကြတာ များတယ်တဲ့ဗျ။

ကျုပ်က အုတ်ဂူကြီးကြီးတစ်လုံးပေါ်မှာ ထမင်းပွဲ ပြင်လိုက်တယ်။ ဖယောင်းတိုင် တစ်တိုင်ထွန်းပြီး ထုံးစံအတိုင်း မဖဲဝါကို ပင့်တာပေါ့ဗျာ။

လေးလေးစံချစ်တို့ကတော့ ခပ်လှမ်းလှမ်းက သင်္ချိုင်းဇရပ်ကလေးပေါ်ကနေ ကြည့်နေကြတာဗျ။

ဟော…လာတယ်ဗျို့။ မဖဲဝါ လာတယ်။ မဖဲဝါကတော့ဗျာ ကျုပ် ဘယ်ဒေသကပင့်ပင့် ရောက်လာတာချည်းပါပဲ။

ကျုပ်ပြင်ထားတဲ့ ထမင်းတွေ ဟင်းတွေကို အားရပါးရ

စားတော့ရတာဗျို့။ ဒီတစ်ခါတော့ နက်ကျော်ကြီး ပါမလာဘူးဗျ။ ထမင်းတော်တော်လေး စားပြီးတော့မှ မဖဲဝါက ကျုပ်ကို မျက်လုံး နီနီကြီးတွေနဲ့ လှမ်းကြည့်တယ်ဗျ။

"ဒီလိုပါ မဖဲဝါ၊ ကျုပ်က ထနောင်းကုန်းက လေးလေး ဆိတ်ဖွားနဲ့ အလည်လိုက်လာတာပါ၊ ကျုပ် ဒီရွာမှာ ရောက်နေတုန်း မဲကြီးအင်းက သရဲမည်းမည်းကြီးတွေ ဖရဖြူရွာကိုဝင်ပြီး ဒုက္ခပေး နေတာနဲ့ ကြုံနေလို့ပါ။ ညကလည်း ကျွဲပေါက်တစ်ကောင်ကို ဝင်ဆွဲသွားတယ်ဗျ မဖဲဝါရဲ့"

"အဲဒါ မဲကြီးကိုယ်တိုင် ဝင်ဆွဲတာ၊ မဲကြီးတို့မိသားစုက ငါးယောက်ရှိတာ၊ အခု လေးယောက်ပဲ ကျန်တော့တယ်၊ အဲဒါ ဘာဖြစ်လို့ဆိုတာ နင် သိလား တာတေ"

"ကျုပ် မသိပါဘူး မဖဲဝါ"

"အဲဒီတစ်ကောင် သေသွားတာဟဲ့၊ ဖရဖြူရွာသား မားနဲ့ ခုတ်သတ်လိုက်တာ"

"ဗျာ၊ သရဲကို ဓားနဲ့ခုတ်လို့ ရလို့လား မဖဲဝါ"

"တာတေ၊ ခုတ်တာ ရိုးရိုးဓား မဟုတ်ဘူး၊ ကိုးသန်ချိုင်း ဓား၊ ဒါကြောင့် မဲကြီးကိုယ်တိုင် ဖရဖြူမှာ သောင်းကျန်းနေတာ ဟဲ့"

"ဟင်၊ ဒါဆိုရင် အဲဒီဓားက ဘယ်သူ့အိမ်မှာတုံးဗျ"

"ချောင်းဝပိုင်းက ဘထွန်းအိမ်မှာ၊ မဲကြီးသားတစ်ယောက်ကို ဘထွန်းကိုယ်တိုင် ခုတ်သတ်ခဲ့တာပေါ့၊ ဖရဖြူတစ်ရွာလုံးကို မဲကြီးတို့ ဒုက္ခအကြီးအကျယ် ပေးတော့မှာ တာတော"

"ကယ်ပါဦး မဖဲဝါရယ်၊ ဖရဖြူတော့ ဒုက္ခရောက်ပါပြီဗျာ"

"နင် အဲဒီဓားကို ယူပြီး ငါ့ကို လာအပ်၊ မဲကြီးတို့က အဲဒီဓားကို ကြောက်တာဟဲ့၊ ဒီဓားက သူတို့အကုန်လုံးကို သတ်ပစ်နိုင်တဲ့ဓားမှန်း သူတို့ သိသွားပြီ၊ အဲဒီဓားကိုအပ်မှ မဲကြီးကို ငါပြောပေးလို့ရမယ်။ ဒါတောင် သေချာတာ မဟုတ်ဘူး၊ မဲကြီးတို့က အင်းသရဲတွေဆိုတော့ ငါ့အမိန့်ကို နာခံချင်မှ နာခံမှာ၊ တကယ်လို့ ငါ့အမိန့်ကို မနာခံရင် ငါ့အစ်ကို ကွင်းပိုင်ကို ခေါ်ရမှာဟဲ့ တာတော"

"ကောင်းပါပြီ မဖဲဝါ၊ မနက်ဖြန်ညမှာ ဒီနေရာမှာပဲ ကျုပ် မဖဲဝါကို အဲဒီဓား အပ်ပါမယ်"

စားသောက်ပြီးကော့ မဖဲဝါ ပြန်သွားတယ်။ ကျုပ်တို့လည်း လှေနဲ့ ပြန်လာခဲ့ကြတယ်ဗျ။

အိမ်မှာစောင့်နေတဲ့ လူကြီးတွေကို ကျုပ်က အကျိုး

အကြောင်း ပြန်ပြောပြလိုက်တယ်။

နောက်နေ့ မနက်စောစော လူကြီးတွေနဲ့ ကျုပ်နဲ့ ချောင်းဝ မှာနေတဲ့ ကိုဘထွန်းဆိုတဲ့လူရဲ့ အိမ်ကို လှေနဲ့ လာခဲ့ကြတယ်။

ကိုဘထွန်းကို လူကြီးတွေက မေးကြတယ်။ သူတို့ရွာရဲ့ သူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေလည်း ပါလာတာဗျ။ သူကြီးက ဦးထွန်းမောင်တဲ့။

"ဘထွန်း၊ မင်း မဲကြီးအင်းက သရဲကို ဓားနဲ့ ခုတ်သတ် ခဲ့တယ်ဆို ဟုတ်လား"

လို့ သူကြီး ဦးထွန်းမောင်က မေးရောဗျို့။

"ဓားနဲ့ ခုတ်ခဲ့တာတော့ ဟုတ်တယ် သူကြီး၊ သေသလား မသေဘူးလား ဆိုတာတော့ ကျုပ် မသိဘူးဗျ"

"သေသွားတယ် ဘထွန်း၊ အဲဒါ မဲကြီးအင်းက သရဲ မဲကြီးမိသားစုထဲက တစ်ယောက်ပဲကွ"

"ဒီကောင်က ကျုပ်အမဲသားတွဲကို လိုက်လုတာ သူကြီး ရဲ့၊ ကျုပ်က ကြီးပင်စုမှာ ဆုံသားရလို့ အမဲသား သွားဝယ်ပြီး ပြန်လာတာ၊ ဒီကောင်က မဲကြီးအင်းကနေ ထွက်လိုက်တာဗျ။ ကျုပ်လည်း လက်ထဲမှာ အဆင်သင့်ပါသွားတဲ့ ဓားနဲ့ သုံးချက်ဆင့် ခုတ်ပစ်ခဲ့တယ်။ ဒီသရဲ လဲကျပြီး ပျောက်သွားတယ်ဗျ။ သေတာ

ရှင်တာတော့ ကျုပ် မသိဘူး”

“အေး၊ အဲဒီဓား သွားယူစမ်း ဘထွန်း”

ကိုဘထွန်းဆိုတဲ့လူက ခေါင်းရင်းထရံမှာ ထိုးထားတဲ့ ဓားရှည်ကို ဆွဲနှုတ်ပြီး ယူလာတယ်ဗျ။

သူကြီးက ကိုဘထွန်း ပေးတဲ့ ဓားရှည်ကို လက်ထဲမှာ ကိုင်ကြည့်နေတယ်ဗျ။

“ဘထွန်း၊ ဒီဓားက ဘာဓားတုံး သိလား”

“ငှက်ကြီးတောင်ဓားလေ သူကြီးရဲ့”

“ဟာ…ဒီကောင်၊ ငှက်ကြီးတောင်ဓားမှန်းတော့ ငါ လည်း သိတာပေါ့ကွ၊ ဘာအစီအရင်တွေ လုပ်ထားတဲ့ ဓားလဲလို့ မေးတာကွ”

“ဟာ…ဘာမှလုပ်မထားပါဘူး သူကြီးရဲ့၊ ဒီဓားက ကျုပ်ဘထွေး ဦးမွေး ရှိစဉ်ကတည်းက ကိုင်ခဲ့တဲ့ ဓားပါ”

“မင်းဘထွေး ဦးမွေးက ဒီဓားကို သူကိုယ်တိုင် အပ်တာ လား၊ ဝယ်လာတာလား ဘထွန်း”

“ဟာ ဝယ်လာတာဗျ၊ ရှေးဟောင်းပစ္စည်းဆိုပြီး ဈေးကြီး ပေးဝယ်လာတာလို့ ပြောတာပဲ”

“အင်း…ဒါဆိုရင် မင်းမသိတာ သေချာတယ် ဘထွန်းရ”

"မင်း ဒီခါးနဲ့ ခုတ်လိုက်လို့ သရဲ သေသွားတယ်ဆိုတာ ဘာကြောင့်လဲ မင်းသိလား ဘထွန်း"

"ကျုပ်ခုတ်လိုက်တဲ့ ဓားချက်ပြင်းသွားလို့ ဖြစ်မှာပေါ့ သူကြီးရယ်၊ ကျုပ်ခုတ်တာ လူမှမဟုတ်တာ၊ လူသတ်မှုတော့ မဖြစ်လောက်ပါဘူးနော် သူကြီး"

"မင်းခုတ်တဲ့ ဓားချက်ပြင်းလို့ သရဲသေတာ မဟုတ်ဘူး ကွ ဘထွန်းရ၊ ဟောဒီဓားက ကိုးသန်ချိုင်းဓား ဖြစ်နေလို့ကွ"

"ဗျာ၊ ကိုးသန်ချိုင်းဓား ဟုတ်လား သူကြီး၊ နေပါဦးဗျ သူကြီးရဲ့၊ ဒီဓားဟာ ကိုးသန်ချိုင်းဓားဆိုတာ သူကြီး ဘယ်လိုလုပ် သိတာလဲ"

ဒီတော့မှ သူကြီးက ကျုပ်အကြောင်းကို ပြောပြပြီး မဖဲဝါဆီကိုပင့်ပြီး မေးရတဲ့အကြောင်းကနေ ဒီည ဟောဒီဓားကို မဖဲဝါဆီအပ်မှ မဲကြီးတို့ရန်က အေးမယ့်အကြောင်း၊ မအပ်ရင် ဖရဖြူတစ်ရွာလုံး ဒုက္ခရောက်တော့မယ့်အကြောင်းအထိ ပြောပြ လိုက်တယ်ဗျ။

ကိုဘထွန်းက သူ့ဓားဟာ ကိုးသန်ချိုင်းဓားမှန်းလည်း သိရော သူကြီးကို မအပ်တော့ဘူးဗျ။ ပါသွားတဲ့ လူကြီးတွေက ဝိုင်းပြောကြရတာပေါ့ဗျာ။

"အခုကိစ္စက တစ်ရွာလုံးနဲ့ ဆိုင်တဲ့ကိစ္စ ဖြစ်နေပြီ ဘထွန်းရဲ့၊ ဒီအချိန်မှာ ကိုယ်ကျိုးကိုကြည့်လို့ မဖြစ်တော့ဘူးကွ၊ မင်း ဓားကို အပ်လိုက်မှ ရန်ကအေးမှာ"

"ဒီလိုလုပ်ဗျာ၊ ကျုပ် ဓားကိုတော့ မအပ်ဘူး၊ အဲဒီမဲကြီး တို့မိသားစုတွေ အကုန်လုံးကို ကျုပ်သွားသတ်မယ်၊ ဒါဆိုရင်လည်း ကျုပ်တို့ရွာ ရန်အေးမှာပဲ မဟုတ်လား သူကြီး"

"ဟာ...မဟုတ်တာ ဘထွန်းရယ်၊ မင်းအသက်ပါ ဆုံးရှုံးသွားလိမ့်မယ် သိလား၊ ဒီဓားကို အပ်လိုက်ပါကွာ"

တော်တော်ကို ပြောယူရတယ်ဗျို့။ နောက်ဆုံးတော့ ကိုဘ ထွန်းရဲ့မိန်းမ မသိန်းကြည်ကပါ ဝင်ပြောတော့မှ ကိုဘထွန်း တစ်ယောက် လက်လျှော့ပြီး ဓားကို သူကြီးလက် အပ်လိုက်တာ ဗျို့။

အဲဒီညမှာပဲ ကျုပ်က ကိုးသချိုင်းဓားကို မဖဲဝါလက် အပ်လိုက်တယ်။ မဖဲဝါက နောက်နေ့ညမှာ မဲကြီးတို့ကို အသား ကျွေးပြီး တောင်းပန်ဖို့ ပြောတယ်။

သူကြီးနဲ့ ရွာကလူကြီးတွေက အမဲသား ငါးပိဿာ ချက်ပေးပြီး ထမင်းထုပ် လေးထုပ် ထုပ်ပေးတယ်။ ကျုပ်နဲ့အတူ ဘူ ရွာသားငါးယောက် လိုက်လာပြီး မဲကြီးအင်းကို ညနေ နေဝင်ရီ

တရောအချိန် သွားပြီးကျွေးကြတယ်။ ပြီးတော့ ကျုပ်က ဦးဆောင်ပြီး မဲကြီးကို တောင်းပန်တယ်ဗျ။

ကျုပ်က မျက်ကွင်းဆေး ကွင်းထားတော့ သရဲကြီးတွေလေးကောင်လုံး မြင်နေရတာဗျ။ တကယ့်အရိုင်းအစိုင်းကြီးတွေပါဗျာ။ လေးကောင်လုံး မည်းနက်ပြီး ဆံပင်ဖားလျားကြီးတွေနဲ့ဗျ။ သရဲမဲကြီးက အကောင်အထည် အကြီးဆုံးပဲဗျ။ ကျုပ်တို့ကျွေးပွဲထမင်းတွေ ဟင်းတွေကို အားရပါးရ စားကြသောက်ကြတာဗျို့။

မိုးချုပ်တော့ ဖရဖြူရွာသားတွေလည်း ကြောက်လာကြပြီဗျ။ ကျုပ်ကတော့ မဖဲဝါကို စောင့်နေရတာပေါ့ဗျာ။

"ဂူး၊ ဂူး၊ ဂူး၊ ဂူး၊ ဂူး၊ ဂူး၊ အီ၊ အီ၊ အီ"

ဟော…နက်ကျော်ကြီးအသံ ကြားတယ်ဗျို့။ ဒီတစ်ခါတော့ နက်ကျော်ကြီးပါ ပါလာတာဗျ။

အသံက တဖြည်းဖြည်း နီးလာပြီဗျို့။

ဟော…လာပြီဗျို့၊ လာပြီ။ မဖဲဝါ လာနေပြီဗျို့။ မဲကြီးအင်းရေပြင်ကြီးပေါ်က ရုပ်ပြီးရွေ့လာတာဗျာ။ နက်ကျော်ကြီးကလည်း ရေပေါ်မှာ ပြေးလာတာဗျ။ နဲ့တဲ့အကောင်ကြီး မဟုတ်ပါဘူးဗျာ။ နွားပေါက်တစ်ကောင်လောက်ကို ရှိတာဗျ။

မဲကြီးတို့လေးကောင် မဖဲဝါကိုတွေ့တော့ စားတာကို

ရပ်ပြီး ကြည့်နေကြတယ်။

"မဲကြီး၊ သူတို့ ငါ့ကို ကိုးသင်္ချိုင်းမားအပ်ပြီ၊ ဟောဒီမှာ၊ သူတို့ရွာကို သွားပြီးမနှောင့်ယှက်နဲ့တော့"

"ဝူး၊ အီး၊ ဝူး"

မဲကြီးက မဖဲဝါကို ဒေါသတကြီးနဲ့ ပြန်အော်ပြောနေတာဗျ။ ဘာပြောမှန်းတော့ ကျုပ် မသိဘူး။

"နင် ငါ့စကားကိုး နားမထောင်ရင် ငါ့အစ်ကို ကွင်းပိုင်ကို ခေါ်လိုက်မယ်"

ဒီတော့မှ မဲကြီး ငြိမ်သွားတာဗျို့။ မဖဲဝါကို ဝူးဝူးဝါးဝါးနဲ့ ပြန်မအော်တော့ဘူးဗျ။

"ကဲ မဲကြီး၊ ဖရဖြူကို ဘာမှမလုပ်ဘူးလို့ နင် ကတိပေးမလား"

မဲကြီးက သူ့ခေါင်းက ဆံပင်ပွပွကြီးတွေ ခါသွားအောင် ခေါင်းညိတ်ပြတယ်ဗျ။

"တာတေ နင်တို့ ပြန်တော့"

ကျုပ်တို့ကို မဲကြီး တစ်ခုခုလုပ်မှာစိုးလို့ ထင်တယ်ဗျ။ မဖဲဝါက စောင့်ကြည့်နေတာ။

ကျုပ်တို့လည်း သုတ်ချေတင်ကြရတော့တာပေါ့ဗျာ။

ကျုပ်တို့ကို ရွာကလူကြီးတွေက စောင့်နေကြတာဗျ။

"ဘယ်လိုတုံး မောင်တာတေ"

ဘိုးရွှေဒိုးကြီးက ဆီးမေးတာဗျို့။

"အဆင်ပြေသွားပြီ ဘိုးရေ၊ ပထမတော့ မဲကြီးက ပေကပ်ကပ် လုပ်နေသေးတာ၊ နောက်မှ မဖဲဝါက သူ့အစ်ကို ကွင်းပိုင်းကြီးကို ခေါ်လိုက်မယ်လို့ ပြောတော့မှ ငြိမ်သွားပြီး ကတိပေးတာဗျ"

"တော်ပါသေးရဲ့ကွာ၊ အခု ကျွဲသတ်တဲ့အဆင့် ရောက်ပြီလေ၊ နောက်ဆိုရင် လူသတ်တော့မှာပေါ့ကွာ၊ ကျေးဇူးတင်ပါတယ် မောင်တာတေရယ်"

ဘိုးရွှေဒိုးက ကျေးဇူးတင်ကြောင်း ပြောတော့ ကျန်တဲ့ လူကြီးတွေကလည်း ပြောကြတယ်ဗျ။ အဲဒီညကစပြီး ဖရဖြူ တစ်ရွာလုံး အေးချမ်းသွားတော့တာပေါ့ဗျာ။

ဒါပေမဲ့ ကိုးသချိုင်းဓားအကြောင်းနဲ့ သရဲကို ဓားနဲ့ခုတ်သတ်တဲ့ ကိုဘထွန်းကတော့ ဖရဖြူရွာမှာ ကျော်ကြားတဲ့လူ တစ်ယောက် ဖြစ်သွားရောဗျို့။


လေးလေးဆိတ်ဖွားလည်း မဲကြီးအင်းကပဲ လိုအပ်တဲ့ ငါးပိ၊ ငါးခြောက်တွေ ဝယ်ခြမ်းပြီး ကျုပ်တို့နှစ်ယောက် အညာကို

ပြန်ခဲ့ကြတာပေါ့ဗျာ။

ထနောင်းကုန်းကို ပြန်ရောက်တော့ အမေနဲ့ အဘက ကျုပ်ကို မျှော်လို့ဗျ။

**တာတေ**

□□□



# သေမင်းနေတဲ့ရွာ

**အညာ**ဆောင်းဗျ။

နွေရော ညရော အေးနေတော့တာဗျို့။ အညာစောင်ကြမ်း ထူထူကြီးတွေအောက်မှာ ဂုန်နီအိတ်ဖျင်ကပ်ပြီး ခြုံရတာဗျ။ ဒါမှ နွေးနေတာ။ ဒါတောင် ညဦးပိုင်းမှာ မီးလှုံကြသေးတာ။ မီးလှုံမှ အိပ်လို့ရတာဗျ။ သိပ်အေးတဲ့ရက်တွေဆိုရင် ကိုယ်ခြုံမယ့်စောင်ကို

နေလှမ်းထားရတယ်။ နေမဝင်ခင် စောင်ကိုရုပ်ပြီး ခေါက်ထားရတယ်။ ဒါမှ ညဆိုရင် နွေးနေတာ။

ဒီလိုဆောင်းညတွေမှာ ဟိုဝိုင်း ဒီဝိုင်းသွားပြီး မီးလှုံရင်း လက်ဖက်ရည်ဝိုင်းဖွဲ့ရတာလည်း တော်တော်ပျော်စရာကောင်းတာဗျ။

နွေလယ်တည်းက ကျောက်ခဲက ကျုပ်ကို ချိန်းထားတာဗျို့။

"ကိုကြီးတာတေ၊ ဒီည ဘိုးပုတို့ဝိုင်းမှာ လူစုံမယ်ဗျ၊ အရီးမသိန်းကြည် မြို့ကဝယ်လာတဲ့ ကန်စွန်းဥတွေ ဒီည ပြုတ်ကျွေးမှာတဲ့"

"အေး…ငါလာလဲ့မယ် ကျောက်ခဲ"

လို့ ကျုပ်ကလည်း ပြောခဲ့ပြီးသားဗျ။ ညရောက်တာနဲ့ ဘိုးပုတို့ဝိုင်းကို ကျုပ် သွားတာပေါ့ဗျာ။

"လာဟေ့ တာတေ၊ ကျောက်ခဲနဲ့ သံမဏိဘေးမှာ ဝင်ထိုင်လိုက်ကွ"

ဘိုးပုဘေးမှာ ထိုင်နေတဲ့ ဘိုးရုံက ကျုပ်ကို လှမ်းခေါ်တာဗျ။ ဘိုးရုံဘေးမှာက ဘိုးဆင်က ထိုင်လို့ဗျ။

လူငယ်ပိုင်းက နှစ်ယောက် သုံးယောက်။ ကျုပ်တို့အရွယ်

က သုံးလေးယောက်။ ကျောက်ခဲတို့ သံမဏိတို့အရွယ်က လေးငါး ယောက်ဆိုတော့ အားလုံးပေါင်း ဆယ့်ငါးယောက်လောက်တော့ ရှိတာဗျ။ အလယ်မှာက မီးဖိုကြီး ဖိုထားတာ။ ထင်းတုံးတွေဆိုင် ပြီး ဖိုထားတော့ မီးတောက်ကလေးထပြီး နွေးနေတာဗျို့။

ကျုပ်တို့ အညာသားလေးတွေကလည်း မီးလှုံပြီဆိုရင် အေးလေ မီးဖိုနား ကပ်လေဗျ။

"ဟဲ့ကောင်တွေ မင်းတို့ဟာက တိုးရင်း တိုးရင်းနဲ့ မီးဖိုထဲဝင်ဖို့ပဲ ရှိတော့တယ်"

လို့ လူကြီးတွေက အော်ယူရတာဗျ။

"မဝင်ပါဘူး ဘိုးရဲ့"

လို့ ပြန်ပြောတဲ့ကောင်က ပြောကာဗျ။ အခုလည်း ဘိုးရုံ က ကျောက်ခဲနဲ့ သံမဏိကို ပြောတော့ ကျောက်ခဲက ဘိုးရုံကို ပြန်ပြောသဗျ။

"ဘိုး ကျုပ်တို့ မီးထဲဝင်သွားမှာကို မပူနဲ့၊ ပူရမှာက ကိုကြီးတာတေဗျ၊ ကိုကြီးတာတေ မီးထဲဝင်သွားရင် ဇော်ဂျီဖိုဝင် သား ဖြစ်သွားမှာဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား"

ဒီတစ်ခါတော့ ဘိုးဖော်ကြီးတွေ အားရပါးရကို ရယ်ကြ တာဗျို့။

"ဒါဆိုရင် ကျောက်ခဲရဲ့၊ မင်းကိုကြီးတာတေက ဇော်ဂျီ ပေါ့- ဟုတ်လား"

ဘိုးပုကိုယ်တိုင် နောက်တော့တာဗျို့။

"ဘိုးရာ၊ ဒီကောင် ကျောက်ခဲက ပေါက်ကရ အားကြီး ပြောတဲ့ကောင်ဗျ ဘိုးရဲ့"

ကျုပ်က ဝင်ပြောလိုက်တာဗျို့။

"မသိပါဘူးကွာ၊ တာတေတစ်ယောက် ဇော်ဂျီများ ဖြစ်နေပြီလားလို့ပါ"

ဘိုးဆင်ကလည်း ဝင်ပြောပြန်ရောဗျို့။

ကျောက်ခဲ ဖောက်လိုက်တာကို ဘိုးတော်ကြီးတွေ သဘောကျပြီး ကျုပ်ကို စတော့တာဗျို့။

"နေပါဦး ဘိုးရဲ့၊ ဇော်ဂျီဖိုဝင်သားဆိုတာ တကယ်ရော ရှိလို့လားဗျ"

ကျောက်ခဲက ပြောရင်းနဲ့ တွေးမိသွားပြီး ဘိုးပုကို မေး လိုက်တာဗျ။

"ရှိတယ်ကွ ကျောက်ခဲရဲ့၊ ရာဇဝင်ထဲမှာလည်း ရှိတယ်၊ ဗျတ်ဝိဗျတ္တ ညီအစ်ကိုနှစ်ယောက် ဇော်ဂျီဖိုဝင်သား စားရလို့ လူစွမ်းကောင်းတွေ ဖြစ်ကုန်ကြတယ်ကွ၊ အဲဒီညီအစ်ကိုနှစ်ယောက်

ထဲက ဗျတ္တနဲ့ ပုပ္ပားက မယ်ဝဏ္ဏ အကြောင်းပါပြီး မွေးထားတဲ့ ရွှေဖျင်းကြီး ရွှေဖျင်းလေး ညီအစ်ကိုဆိုရင် အဖေရဲ့အစွမ်းနဲ့ အမေရဲ့အစွမ်းပေါင်းပြီး လူစွမ်းကောင်းတွေ ဖြစ်ကုန်ကြတယ်လို့ ရာဇဝင်မှာ ပါတယ်ကွ"

"ကိုကြီးပုက ရာဇဝင်ထဲပါတာပြောတာ၊ ကျုပ်က ဇော်ဂျီဖိုဝင်သား စားထားတဲ့လူကို ကိုယ်တိုင်တွေ့ခဲ့ဖူးတာဗျ"

ဘိုးရုံက ဝင်ပြောတာဗျို့။

"ဟာ…ဟုတ်လား ဘိုး၊ ကျုပ်တို့ကို ပြောပြပါ ဘိုးရဲ့"

အားလုံးရဲ့ မျက်လုံးတွေက ဘိုးရုံဆီကို ရောက်သွားတာဗျို့။

"ကိုကြီးပုပြောတဲ့ ရာဇဝင်ထဲက ဗျတ်ဝိဗျတ္တတို့လောက်တော့ အစွမ်းမကြီးပါဘူးဗျာ၊ ဒါပေမဲ့ တုတ်လည်းပီး၊ ဓားလည်းပီး၊ သေနတ်လည်း ပီးတယ်ဗျ။ အိတ်နဲ့ထည့်ပြီး ရေထဲနှစ်သတ်တာတောင် မသေဘူးဗျ"

"ဟာ..ဇော်ဂျီဖိုဝင်သားက တော်တော်စွမ်းတာပဲ ဘိုးရဲ့"

ကျောက်ခဲက တော်တော်ကို အံ့သြတာဗျို့။ သံမဏိရော တခြားကောင်လေးတွေရော ပါးစပ်ကြီးတွေဟပြီး အံ့သြနေကြတာဗျ။

"မတ္တရာနယ်ဘက်က လူဗျ။ ကျုပ်က ကျောက်ကလေး ဘာလေး အရောင်းအဝယ် လုပ်ခဲ့ဖူးတော့ မိုးကုတ်တို့ မတ္တရာတို့ ဘက်ကို ရောက်ဖူးတယ်ဗျ၊ အဲဒါ မတ္တရာဘက်မှာ တွေ့ခဲ့တာဗျ၊ ကျုပ်ကို ဒီလူက ရင်းနှီးသွားတော့ သူ့အကြောင်းတွေကို ပြောပြပါ တယ်။

"ဒီလိုဗျ ကိုရုံရဲ့၊ ကျုပ်က တစ်ရက် တောထဲဝင်ပြီး ထင်းခုတ်တာဗျ။ တောထဲတိုးပြီး ထင်းပင်လိုက်ရှာရင်းနဲ့ တောထဲ မှာ ကျင်းကြီးတစ်ခု သွားတွေ့တာဗျ။ ကျင်းထဲမှာ မီးသွေးတွေ၊ ထင်းချောင်းတွေ၊ ပြာတွေ တွေ့တော့ ကျုပ်က ဒါ ဘာကျင်းကြီး တုံးဆိုတာ တွေးကြည့်တာဗျ။ ဒီနေရာကို လူတွေရောက်ခဲ့လို့ သူ့ဘက် မီးလှုံတယ်ဆိုရင်လည်း အခုလို မြေကြီးပေါ်မှာပဲ မီးဖိုမှာ ပေါ့ဗျာ။ ကျင်းကြီးတူးစရာ ဘာမှမလိုဘူးလေ။ ဒါ ဘာသဘော လဲလို့ ကျုပ်တွေးရင်း နောက်တော့ ဒီကျင်းကြီးထဲကို ဆင်းပြီး သစ်ကိုင်းတစ်ကိုင်းနဲ့ လိုက်မွှေကြည့်တာပေါ့ဗျာ။ လူတွေ ဘာတွေသတ်ပြီးများ မီးရှို့သွားတာလားလို့ တွေးမိပြီး ဆင်းရှာ ကြည့်တာဗျ။ ဒီမှာတင် တစ်ဘွာလောက်ရှိတဲ့ ပုံစံလိုလို အရုပ်လို လိုဟာလေးကို ကျုပ်သွားတွေ့တာဗျ။ ဒီမှာတင် ကျုပ်ငယ်ငယ်က ကျုပ်အဘိုး ပြောပြတဲ့ ရာဇဝင်တွေထဲက ဗျတ်ဝိနဲ့ ဗျတ္တ ဓော်ဂျီ

ဖိုဝင်သား စားကြတာကို သတိရပြီး ဒါ ဇော်ဂျီဖိုဝင်သွားတာဖြစ်မယ်၊ ဒီအရုပ်လိုလို အသားတစ်လိုလိုဟာလေးဟာ ဇော်ဂျီဖိုဝင်လို့ ကျန်ခဲ့တဲ့ ရုပ်ကြွင်းပဲဖြစ်မယ်လို့ တွေးမိပြီး အိမ်ကိုယူလာခဲ့တာပေါ့ဗျာ''

''အိမ်ရောက်တော့ မီးကင်ရောလားဗျ''

လို့ ကျုပ်က မေးလိုက်တော့ အဲဒီလူက ရယ်လည်းရယ်တယ်ဗျ။ အဲ ကျုပ်ပြောဖို့ မေ့နေလို့ဗျို့။ ဒီလူ့နာမည်က ကိုပေါ်တဲ့ဗျ။ ပစ္စည်းဥစ္စာ ပေါများအောင်ဆိုပြီး သူ့မိဘတွေက မှည့်ထားတာဆိုပဲဗျ။

''ဟာ ကိုရှုံ့နှယ် မကင်ဘဲ နေမလားဗျာ၊ ကျုပ် သေသေချာချာကို မီးဖိုပြီး ကင်တာဗျ။ မီးဖိုနေတုန်းမှာလည်း ဘုရားဂုဏ်တော်တွေ တရားဂုဏ်တော်တွေ သံဃာဂုဏ်တော်တွေ ရွတ်ဖတ်ပြီးတော့ လုပ်တာပေါ့ဗျာ''

''မီးကင်တော့ ဟိုရာဇဝင်ထဲကလိုပဲ မွှေးရောလားဗျ''

ကျုပ်ကလည်း ရှာရှာဖွေဖွေ မေးတာဗျို့ ကိုကြီးပုရေ။

''မမွှေးပါဘူးဗျာ၊ ညှော်လိုက်တာမှ ဘာနံ့ကြီးမှန်းကို မသိတာဗျ။ ကျက်လည်းသွားရော ကျုပ်လည်း နည်းနည်းစားကြည့်တယ်ဗျ၊ ပထမတော့ ဖျို့တက်လာသေးတယ်ဗျ။ နောက်

တော့ မထူးဘူးဆိုပြီး ဖွတ်စားပစ်လိုက်တာ၊ အကုန်လုံး ကုန်ရော ဗျ၊ စားသောက်ပြီး ညမအိပ်ခင် ဘုရားပုထိုး သေသေချာချာ ရှိခိုးလိုက်သေးတယ်ဗျ။

ညရောက်တော့ ကျုပ် အိပ်မက် မက်တယ်ဗျ။ အိပ်မက် ထဲမှာ အင်္ကျီအနီ၊ ပုဆိုးအနီ ဝတ်ထားတဲ့ သျှောင်တစောင်းနဲ့ အဘိုးကြီးတစ်ယောက် ကျုပ်ကို မင်း ဆေးကုပေတော့၊ မင်းကို ငါစောင့်ရှောက်ပေးမယ်လို့ ပြောတယ်ဗျ။ မင်း တုတ်ရော၊ ဓား ရော၊ သေနတ်ရော အားလုံး ပီးသွားပြီလို့လည်း ပြောသွားသေး တယ်ဗျ ကိုရှုံရဲ့၊ မနက် အိပ်ရာက နိုးလည်းလာရော ကျုပ်လည်း ကိုယ့်ကိုယ်ကိုယ် စမ်းတော့တာပေါ့ဗျာ။ ဓားနဲ့ လှီးကြည့်တယ်၊ တုတ်နဲ့ ခေါင်းကို ရိုက်ကြည့်တယ်၊ အသက်အောင့်ပြီး ရေထဲမှာ အကြာကြီး ငုပ်နေကြည့်တယ်။ ကျုပ် အားလုံးစွမ်းနေတယ်ဗျ။ ဒါနဲ့ နေမကောင်းတဲ့လူကို ဆေးစမ်းကုကြည့်တယ်ဗျ။ ကျုပ်နားထဲ မှာ ကြားနေရတယ်။ မင်းကိုကာက ဘယ်လောက်သား၊ ဓာဒိတ်ဖို က ဘယ်လောက်သား၊ အလိုကျူက ဘယ်လောက်သား၊ နွယ်ချို က ဘယ်လောက်သားပေါ့ဗျာ။ အဲဒါတွေစပ်ပြီး လူနာကို ဘယ်လို တိုက်ဆိုပြီး ကြားတော့ ကြားတဲ့အတိုင်း ဆေးတွေဖော်ဖော်ပြီး တိုက်တာ၊ လူနာတွေဆိုတာ ပျောက်လိုက်ကြတာမှဗျာ။ အဲဒီက

စပြီး ကျုပ်မှာ ဆေးတွေအများကြီး စုမိလာပြီး ကျုပ်ကို ဆရာပေါ ဆိုပြီး ဟိုကပင့် ဒီကပင့်နဲ့ ပင့်လိုက်ကြတာ အခုဆိုရင် အိမ်မှာ ထမင်းစားရတဲ့နေ့ဆိုတာ မရှိသလောက်ပါပဲ ကိုရုံရာ၊ စီးပွားတွေ လည်း တက်တော့တာပေါ့ဗျာ"

"အခုရော ဆေးကုဖို့ပြောတဲ့ အသံကို ကြားရသေးလား ဆရာပေါရဲ့"

"ကြားတယ် ကိုရုံရဲ့၊ ကျုပ်လည်း တော်တော်တော့ နားလည်နေပြီပေါ့ဗျာ၊ ဒီကြားထဲမှာ ခဲရာခဲဆစ် လူနာမျိုးတွေလာ ရင် ကျုပ်နားထဲမှာ ချက်ချင်းအသံကြားလာပြီး ဘာရောဂါဖြစ်တာ ဆေးကို ဘယ်လိုဖော် ဘယ်လိုတိုက်ဆိုတာ ကြားလာတော့တာ ဗျို့။ ကျုပ်လည်း ကြားတဲ့အတိုင်း ဆေးဝါးတွေဖော်ပြီး တိုက်လိုက် ရင် ပျောက်သွားတာချည်းပဲဗျို့"

"နို့ ခင်ဗျားကိုယ်တိုင်ရော နေထိုင်မကောင်းတာတွေ ဘာတွေ ရှိလားဗျ"

"ဟာ ရှိတာပေါ့ဗျာ၊ လူပဲ ကိုရုံရာ၊ အဲဒီလို နေထိုင် မကောင်းဖြစ်ရင် ဘယ်ဆေးနဲ့ ဘယ်ဆေး တွဲသောက်ဆိုပြီး အသံ ကြားတာဗျို့။ အဲဒါသောက်လိုက်ရင် ကောင်းသွားတာပဲဗျ။ အခု တော့ ဒီတစ်ပိုက်မှာ ဆေးဆရာ ဆရာပေါဆိုရင် မသိတဲ့သူ

မရှိသလောက်ပဲပေါ့ ကိုရုံရယ်"

လို့ ကျုပ်ကို ကိုပေါက သူ့အကြောင်း ပြောတာဗျ။

ဘိုးရုံရဲ့ စကားဆုံးတော့ ဘိုးပုရော ဘိုးဆင်ရော ကျုပ်တို့အားလုံးရော ငြိမ်ပြီးတွေးနေကြတာဗျ။

"အင်း၊ ကိုရုံက ဓော်ဂျီဖိုဝင်သား စားရတဲ့သူအကြောင်း ပြောတော့ ကျုပ်က အာဟာရသိဒ္ဓိပြီးတဲ့ သားအဖအကြောင်း ပြောရဦးမယ်ဗျ"

ဘိုးဆင်က ပြောလိုက်တာဗျ။

"အာဟာရသိဒ္ဓိဆိုတာ ဘာတုံး ဘိုးဆင်ရဲ့"

စိန်ကတုံးဆိုတဲ့ကောင်က မေးတာဗျ။ သူ့ကို သူ့အိမ်က မွေးကတည်းက ဒီနေ့အထိ အမြဲကတုံး တုံးပေးထားလို့ တစ်ရွာလုံးက သူ့ကို စိန်ကတုံးလို့ ခေါ်ကြတာဗျ။ စိန်ကတုံးက ကျောက်ခဲတို့နဲ့ အရွယ်တူပဲဗျ။

"အာဟာရသိဒ္ဓိဆိုတာ ဘာမှစားစရာ မလိုတော့ဘဲ အမြဲတမ်း အားခွန်ဗလနဲ့ ပြည့်နေတာကို ပြောတာကွ စိန်ကတုံးရ"

"ဟာ တကယ်ကောင်းပါလား ဘိုးရ၊ ဘာမှမစားတော့ ဗိုက်ကရော မဆာဘူးလားဗျ"

"ဘယ်ဆာမှာတုံးကွ စိန်ကတုံးရ၊ အာဟာရသိဒ္ဓိ ပြီးနေ

ပါပြီဆိုမှ ဆာလည်း မဆာတော့ဘူး၊ စားစရာလည်း မလိုတော့ဘူးကွ"

"ဩော် ဒီလိုလား၊ အဲဒါ ဘိုး ဘယ်မှာ တွေ့ခဲ့တာတုံး ဘိုးရဲ့"

"ဘိုးငယ်ငယ်တုန်းက ဘိုးတို့ရွာမှာ တွေ့တာကွ၊ အဲဒီ ဘိုးတော်ကြီးနာမည်က ဦးသံခဲတဲ့ကွ၊ တို့က ဘိုးသံခဲလို့ ခေါ်ကြတာပေါ့ကွာ၊ သူက ဒီလိုဖြစ်တာတဲ့ကွ၊ တစ်နေ့ တောထဲကို ခြံတိုင်ခုတ်ဖို့အသွား တောထဲမှာပဲ ထမင်းချက်စားရတာပေါ့ကွာ၊ အဲဒီမှာ အိုးအဖုံး မေ့ကျန်ခဲ့တော့ တောထဲမှာတွေ့တဲ့ ဖက်ရွက်တစ်ရွက်ကို ခူးပြီး ထမင်းအိုးအဖုံး လုပ်ရတာဆိုပဲ။ ထမင်းတွေ ဘာတွေချက်ပြီး ထားလိုက်တာတဲ့ကွ။ ထမင်းစားချိန်ရောက်လို့ ဖုံးထားတဲ့ ဖက်ရွက်ကို ဖွင့်လိုက်တော့ ထမင်းတွေအားလုံးပဲ မည်းနက်နေတာတဲ့ဟေ့။

'ဗျာ၊ ထမင်းတွေ မည်းနက်နေတယ် ဟုတ်လား ဘိုး"

ဒီတစ်ခါ တအံ့တဩ မေးတာက ကျောက်ခဲဗျ။

'အေး ဟုတ်တယ်ကွ ကျောက်ခဲရ'

ဘိုးသံခဲလည်း ထမင်းတွေ မည်းနက်နေတာကို တွေ့တော့ လန့်သွားတာတဲ့ဟေ့၊ ဒါပေမဲ့ ဗိုက်ကလည်း တော်တော်ကို

ဆာနေတာတဲ့ကွ။ ဒါနဲ့ပဲ ဖြစ်ချင်ရာဖြစ်တော့ကွာဆိုပြီး အဲဒီထမင်း အနက်တွေကိုပဲ စားပစ်လိုက်တယ်တဲ့ကွ။ အဲဒီထမင်းတွေ စားပြီး တဲ့နောက် ထပ်ပြီးမဆာတော့ဘူးတဲ့ကွ။ အားတွေလည်း ရှိလိုက် တာမှ ဘယ်လောက်အလုပ်တွေလုပ်လုပ် မောလည်း မမောဘူးတဲ့ ဟေ့။ ဒါနဲ့ တောထဲမှာ နှစ်ရက် သုံးရက် အလုပ်လုပ်နေတာ ဗိုက်က နည်းနည်းမှ မဆာတော့ဘူးတဲ့ကွ။ ရွာပြန်ရောက်တော့ ပေည့်. တစ်ခါမှကို မဆာတော့ဘူးတဲ့ဟေ့။ ဘိုးတို့သိတော့ပဲ ဘိုးသံခဲက အသက်ခုနစ်ဆယ်ကျော်နေပြီ၊ ဘာမှကို မစားတော့ တာတဲ့ကွ။ ရေနွေးကြမ်းလေးသောက်၊ မုန့်ပဲသရေစာလေး နည်းနည်းပါးပါး စားတာကလွဲရင် ဘာမှကို မစားတာကွ။ ဘာမှ မစားပေမဲ့ ဗလ ကောင်းကောင်း လူငယ်တွေနဲ့ လက်လှဲ ရင်ဖြစ်ဖြစ်၊ တုတ်ဆွဲရင် ဖြစ်ဖြစ် ဘိုးသံခဲပဲ အမြဲနိုင်တာကွ။ အားကလည်း အဲဒီလောက်ကို ရှိတာ။ လူကလည်း ဝဝဖြိုးဖြိုး စိုစိုပြေပြေပဲကွ။ ဘိုးသံခဲက လူချမ်းသာဆိုတော့ တစ်ရွာနဲ့ တစ်ရွာ သွားတဲ့လာတဲ့အခါဆိုရင် သူ့ကိုယ်ပိုင်မြင်းကြီး စီးပြီးသွားတာကွ။ ရုပ်ရည်ကလည်း အင်မတန်မှ ခန့်ညားတာကွ''

''တော်တော်ကို ထူးဆန်းတာပဲ ဘိုးရယ်''

''ဒါပေမဲ့ တစ်ခုတော့ ပြောရဦးမယ်ကွ ကျောက်ခဲရ၊

ဘိုးသံခဲ တောထဲမှာ အရွက်ဖြတ်ပြီး ထမင်းအိုးအဖုံး လုပ်ခဲ့တဲ့ အပင်ကို နောက်တစ်ခေါက် သွားရှာတော့ မတွေ့တော့ဘူးတဲ့ကွ။ သူ ထမင်းချက်တဲ့နေရာကို တွေ့ရက်သားနဲ့ အဲဒီအပင်ကို လုံးဝ မတွေ့ဘူးတဲ့ဟေ့"

"တောစောင့်နတ်တွေက ဖုက်ပစ်လိုက်တာဖြစ်မှာပေါ့ ဘိုးရဲ့"

မျက်လုံး ပုတ်ခတ် ပုတ်ခတ်လုပ်ပြီး ပါးစပ်ကြီးဟ နားထောင်တတ်တဲ့ ဝက်ပုတ်ဆိုတဲ့ကောင်က ဝင်ပြောတာဗျ။ ဒီကောင်က ကျောက်ခဲတို့ထက် နည်းနည်းငယ်တယ်။

"ဟ…ဝက်ပုတ်က တယ်ဟုတ်ပါလားကွ၊ အတွေး တော်တော်ကောင်းတာပဲ"

ဘိုးပုက သဘောကျပြီး ပြောလိုက်တာဗျ။

စကားစပြတ်သွားတဲ့အချိန်မှာ ဘိုးပုသမီး အရီးမသိန်း ကြည်က ကန်စွန်းဥပြုတ်တွေ ဇလုံကြီးနဲ့ လာပြီးချပေးတယ်ဗျ။ ကျုပ်တို့လည်း တစ်ယောက် တစ်ခု ကောက်ယူလိုက်ကြတာပေါ့ ဗျာ။ လူကြီးတွေအတွက်ကတော့ ပန်းကန်နဲ့ ခွာပြီးသား သက်သက်ချလို့ဗျ။

အဲဒီညက ကိုးနာရီကျော်မှ ကျုပ်အိမ်ပြန်ရောက်တယ်ဗျို့။

မနက်မိုးလင်းတော့ ထမင်းကြမ်းစားပြီး နဂါးဆေးပေါ့လိပ်ကလေး ထိုင်ဖွာနေတုန်း ရှိသေးတယ်ဗျ။

"တာတောရေ၊ ဘာတော"

လို့ ခေါ်သံကြားတာနဲ့ ကျုပ်ထွက်ကြည့်လိုက်တော့ ဘန်နွဲ့ဘွေးကုန်းက သိန်းဇော်ဗျ။

"ဟေ့ကောင် သိန်းဇော် လာလေကွာ၊ မင်းက ဧည့်သည် လုပ်နေတာလား"

"တာတော ငါ မတက်တော့ဘူး၊ ဘိုးထွန်းမောင်တို့အိမ်ကို ကိစ္စရှိလို့ လာတာကွ၊ ဘန်နွဲ့ဘွေးကုန်းက ဘိုးညိုက မင်းကို ဝင်ပြောခိုင်းလိုက်လို့"

"အေး ဘာတဲ့တုံး"

"မင်းဆရာကြီး ဘိုးလူပေ ရောက်နေတယ်တဲ့၊ အဲဒါ လာခဲ့ပါတဲ့ဟေ့"

"ဩော်...အေး အေး၊ ငါ အခုပဲ သွားလိုက်မယ်၊ နို့ မင်းက ဘယ်တော့ပြန်မှာတုံး"

"ငါက နည်းနည်းကြာဦးမယ်ကွ"

"အေး အေး၊ ဒါဆိုရင် မင်းကို ငါမစောင့်တော့ဘူး၊ ငါ့ဟာငါပဲ သွားလိုက်တော့မယ်"

“အေး၊ ဒါဆို ငါသွားပြီ တာတေ”

သိန်းဇော် သုတ်သုတ် သုတ်သုတ်နဲ့ ထွက်သွားတော့ ကျုပ်က အမေနဲ့ အဘ ြဲ့ပြောပြီး ဘန့်ဘွေးကုန်းကို ထွက်လာခဲ့တယ်ဗျ။

ဘိုးညိုတို့အိမ်ကိုရောက်တော့ ဘုရားခန်းမှာ ထိုင်နေတဲ့ ဆရာကြီး ဘိုးလူပေကို တွေ့လိုက်တယ်။

“လာဟေ့ မောင်တာတေ”

“ဆရာကြီး ဘယ်တုန်းက ရောက်တုံး”

“ညကပဲ ရောက်တာကွ မောင်တာတေရဲ့၊ အချိန်မရှိတော့တာနဲ့ ညက မင်းကို မမှာတာ၊ ခုမနက်မှ လူကြုံနဲ့ မှာလိုက်ရတာ”

“ဟုတ်ကဲ့ ဆရာကြီး၊ အမိန့်ရှိပါ”

“ဒီလို မောင်တာတေရဲ့၊ ခရီးတစ်ခု ထွက်ရလိမ့်မယ်၊ ကိစ္စကကော့ သေမင်းကို ရှာဖို့ပဲ”

“ဗျာ၊ သေမင်းကို ရှာဖို့ ဟုတ်လား ဆရာကြီး”

“အေး ဟုတ်တယ်၊ အင်မတန်မှ ယုတ်မာပက်စက်တဲ့ အောက်လမ်းဆရာကြီးတစ်ယောက်ပဲကွ၊ ပညာကလည်း တော်တော်ကိုမြင့်တယ် မောင်တာတေရဲ့၊ အောက်လမ်းမှော်ကို အရည်

ကျို သောက်နိုင်လောက်အောင် တတ်ကျွမ်းတဲ့ လူတစ်ယောက်ပဲ။ လူတွေ တစ်ယောက်နဲ့ တစ်ယောက် မုန်းရင် သူ့ကိုတွေ့အောင်ရှာပြီး ငွေပုံပေးလိုက်ရင် သူက သူတတ်တဲ့ပညာနဲ့ လူသတ်ပေးတယ်ကွ"

"ဟာ ဒါဆိုရင် လူသတ်သမားပေါ့ ဆရာကြီးရဲ့"

"အေး ဟုတ်တယ် မောင်တာတေ၊ လူသတ်ကောင်တစ်ကောင်ပဲ၊ သူ့ကိုယ်သူ သေမင်းလို့ နာမည်ခံယူထားတယ်၊ ပိုက်ဆံရှိတဲ့လူတွေက ရာဇဝတ်မှုမမြောက်အောင် လူသတ်ချင်ရင် သေမင်းကို တွေ့အောင်ရှာလို့တောင် စကားဖြစ်လာပြီကွ"

"ဒါဆိုရင် ဆရာကြီးလည်း သေမင်းကို တွေ့အောင်ရှာရတော့မှာပေါ့"

"ဟုတ်တာပေါ့ မောင်တာတေ၊ ကျုပ်က သေမင်းကို တွေ့အောင်ရှာတာက အထက်အမိန့်အရ အဖြစ်ပေးဖို့ပဲကွဲ့"

"ကောင်းတာပေါ့ ဆရာကြီးရဲ့၊ လူတွေကိုသတ်တဲ့ သေမင်း သေသွားရင် လူတွေ မသေတော့ဘူးပေါ့ဗျာ"

"ကဲ မောင်တာတေ၊ အိမ်က မိဘတွေကို ခွင့်တောင်း၊ ပြင်စရာရှိတာပြင်ကွယ်၊ ဒီည ကျုပ်နဲ့ ဒီမှာလာအိပ်ပေတော့၊ မနက်အစောကြီး ကျုပ်တို့ဆရာတပည့် ခရီးထွက်ကြရမယ်ကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကျုပ် ဆရာကြီးကို ကန်တော့ပြီး ထနောင်းကုန်းကို ပြန်ခဲ့တယ်။

နောက်တစ်နေ့မနက် ဝေလီဝေလင်းမှာ ဘိုးညိုတို့အိမ်က မြို့ကို လှည်းနဲ့ လိုက်ပို့တယ်ဗျ။ မြို့ရောက်တော့ ကားတစ်တန် လှည်းတစ်တန်နဲ့ ကျုပ်တို့ဆရာတပည့် ခရီးဆက်ခဲ့ကြတယ်။ လမ်းမှာ ဘိုးလူပေက ကျုပ်ကို အောက်လမ်းမှော်ဝိဇ္ဇာ သေမင်းဆို တဲ့လူအကြောင်း ပြောပြတယ်ဗျ။

"ဒီကောင့်နာမည်က တင်ဖေတဲ့ မောင်တာတေရဲ့၊ ဒီကောင်က ဘယ်ကနေဘယ်လို အဲဒီဘက် ပါသွားတယ်တော့ မသိဘူးကွဲ့၊ ဆရာပေါင်းစုံဆီမှာ ပညာယူတယ်၊ မှော်ပေါင်းစုံ တတ်တယ်။ ကိုးကျင်းအောင်တယ်၊ ကိုးသင်္ချိုင်းအောင်တယ်။ နောက်ဆုံးတော့ ငွေတွေ နင့်နေအောင်တောင်းပြီး လူသတ်တဲ့ အလုပ်ကို လုပ်တော့တာပဲကွဲ့။ သူဌေးကြီးတွေရဲ့ မယားငယ်က မယားကြီး သတ်ပြီး ပစ္စည်းဥစ္စာတွေ အပိုင်ကြံတယ်။ ဒါကို ဒီကောင်က သတ်ပေးတယ်။ ငွေတွေယူတယ်။ အခုဆိုရင် သေမင်းဆိုတဲ့ အကောင်က မိန်းမနှစ်ယောက် ယူထားပြီး လောကစည်းစိမ် ယစ်မူးနေတာကွ မောင်တာတေရဲ့"

"ဒါနဲ့ ဆရာကြီးရဲ့၊ ကျုပ်တို့ သွားရမယ့် သေမင်းက ဘယ်ရွာမှာ နေတာတုံးဗျ"

"လေးပင်ဆိုတဲ့ရွာမှာ နေတာကွဲ့၊ အဲဒီရွာရဲ့ ရွာထိပ်မှာ ထူးထူးခြားခြား ကညင်ပင်ကြီး လေးပင်တန်းပြီး ပေါက်နေတာ။ ကညင်ပင်ကြီးတွေက သက်တမ်းခြောက်ဆယ် ခုနစ်ဆယ်လောက် ရှိပြီဆိုတော့ လူလေးဖက်စာလောက်တောင် ရှိတာဆိုပဲ မောင်တာတောရဲ့။ အဲဒီရောက်တော့ တွေ့မှာပေါ့ကွယ်။ အဲဒီအပင်ကြီး ဘစ်ပင်စီမှာ အင်မတန်မှ သက်တမ်းရင့်နေတဲ့ သရဲတစ်ကောင်စီ နေတယ်တဲ့။ သေမင်းဆိုတဲ့ အောက်လမ်းကောင်က အဲဒီသရဲ လေးကောင်စလုံးကို ကြိုက်သလို ခိုင်းနိုင်စေနိုင်တယ် ဆိုပဲကွဲ့။ လူသတ်တဲ့အခါမှာ နည်းမျိုးစုံနဲ့ကို သတ်နိုင်တဲ့အကောင်ကွ မောင်တာတောရဲ့။ သရဲတွေ သတ်ခိုင်းတဲ့အခါ သတ်ခိုင်းတယ်။ မှော်ပညာနဲ့ အရုပ်တွေစီရင်ပြီး သူကိုယ်တိုင် သတ်တဲ့အခါ သတ်ဘယ်။ သူ လူသတ်နေတာကို တရားဥပဒေနဲ့ ဘယ်လိုမှ စီရင်လို့ မရနိုင်ဘူးလေ။ ဒီတော့ ကျုပ်တို့ အထက်လမ်းကပဲ စီရင်ရတော့မှာပေါ့ကွယ်။ သူနေတဲ့ရွာက စောစောကပြောတဲ့ ကညင်ပင်ကြီး လေးပင်ကို အစွဲပြုပြီး လေးပင်ရွာလို့ ခေါ်တာကွ"

ဆရာကြီးနဲ့ ကျုပ်နဲ့က လေးပင်ကို တိုက်ရိုက်သွားတာ

မဟုတ်ဘူးဗျ။ လေးပင်နားက ထန်းပင်ကုန်းဆိုတဲ့ရွာကို သွားတာ။ အဲဒီမှာက ဆရာကြီးတို့လူတစ်ယောက် ရှိတယ်။ နာမည်က ကိုထွေးမောင်လို့ ခေါ်တယ်တဲ့ဗျ။

ဘိုးလူပေနဲ့ ကျုပ်နဲ့ ထန်းပင်ကုန်းကိုရောက်တော့ ကျုပ်တို့ ငှားလာတဲ့ လှည်းသမားက ကိုထွေးမောင်ရဲ့ အိမ်ဝိုင်းအရောက် ပို့ပေးတယ်ဗျ။ ကျုပ်တို့ လာမယ်ဆိုတာကို လူကြုံနဲ့ သတင်းပို့ထားတော့ ကိုထွေးမောင်တို့ကလည်း ထမင်းဟင်းတွေချက်ပြီး စောင့်နေတာဗျ။

လိုက်ပို့တဲ့ လှည်းသမားကို သူတောင်းတဲ့ငွေထက် ပိုပေးပြီး ဘိုးလူပေက ပြန်လွှတ်လိုက်တယ်။ ကိုထွေးမောင်ဆိုတဲ့လူက အသက်လေးဆယ်ကျော်လောက် ရှိပြီဗျ။ အသားညိုညို အရပ်မြင့်မြင့်နဲ့ဗျ။ မျက်နှာကိုကြည့်တာနဲ့ ရိုးသားဖြောင့်မတ်ကြောင်းက သိသာနေတယ်ဗျ။ ဘိုးလူပေကိုလည်း လွတ်ကြည်ညိုတာပါဗျာ။

ရောက်တာနဲ့ ထမင်းပွဲကြီးပြင်ပြီး ကျွေးတော့တာဗျို့။ ဘိုးလူပေကိုလည်း မိသားစုတစ်စုလုံး ကန်တော့ကြတယ်။ ထမင်းစားပြီးတော့ ဘိုးလူပေက သူ့တပည့် ကိုထွေးမောင်ကို မေးတယ်ဗျ။

"တပည့်၊ သေမင်းသတင်း ထောက်လှမ်းထားသေးလား ကွ"

ဘိုးလူပေက မေးတော့ လေးလေးထွေးမောင်က ဖြေတယ်ဗျ။

"ထောက်လှမ်းထားပါတယ် ဆရာကြီး"

"အေး ပြောစမ်းပါဦးကွ တပည့်ရဲ့"

"အခုရက် သေမင်းက လေးပင်မှာပဲ ရှိနေတယ် ဆရာကြီး၊ သူ့ယာတွေကို ကြီးကြပ်ပြီး လုပ်ကိုင်နေပါတယ် ဆရာကြီး"

"သြော်…သေမင်းက ယာတွေဘာတွေလည်း ရှိတာကိုး တပည့်ရဲ့"

"ဟုတ်ကဲ့ ရှိပါတယ် ဆရာကြီး၊ ပြန်ရောင်းသမျှ ယာတွေကို သေမင်းက အကုန်ဝယ်ပါတယ်၊ ပြီးတော့ အနီးအနားရွာတွေက လူတွေငှားပြီး ဖိဖိစီးစီး လုပ်ခိုင်းပါတယ်၊ ငွေကလည်း ပေါတော့ လူငှားတွေကို ဖောဖောသီသီ ပေးနိုင်ကျွေးနိုင်ပါတယ် ဆရာကြီး၊ ဒါကြောင့် ဒီအနားတွေမှာ လေးပင်တင်ဖေယာဆိုရင် လုပ်ချင်ကြတဲ့လူ ရှေ့မှ အများကြီးပါ ဆရာကြီး"

လေးလေးထွေးမောင်က တစ်ဆက်တည်း မေးလိုက်ဘယ်ဗျ။

"အင်း၊ ဒီလောက် ယာတွေ ချောင်းတွေ ပိုင်ရဲ့သားနဲ့ ဘာလို့များ ကြေးစားလူသတ်သမား လုပ်ရတာတုံး ဆရာကြီးရဲ့"

လေးလေးထွေးမောင်က ဆရာကြီးကို မေးတာဗျ။

"သူ့ဝါသနာပေါ့ တပည့်ရယ်၊ ဒီလိုလုပ်ချင်လို့ ဒီပညာကို ထိပ်တန်းရောက်အောင် သင်ထားတာ ဖြစ်မှာပေါ့"

"ဆရာကြီး သူတို့ပညာမှာ လူကို ကောင်းကျိုးပြုတာကော ရှိရဲ့လား"

ကျုပ်က ဝင်ပြီးမေးလိုက်တာဗျ။

"ကျုပ်တော့ တစ်ခုမှ မမြင်ပါဘူး မောင်တာတေရယ်၊ အောက်လမ်းမှော်တစ်ခုလုံးဟာ ယုတ်ညံ့တဲ့ ပညာတွေချည်းပါပဲကွာ၊ ဒါနဲ့ တပည့်ကိုထွေးမောင်ရဲ့ အဲဒီသေမင်းဆိုတဲ့ကောင်က ဘယ်လိုပုံစံတုံးကွဲ့"

"လူက အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ အရပ်က မနိမ့်မမြင့်ပဲ ဆရာရဲ့၊ ခြေဖဝါးမှာတော့ အင်းကွက်တွေရော ဘုရားပုံတွေရော ထိုးထားတယ်ဗျ။ သူ့မယားကြီးက လေးပင်မှာဗျ။ မယားငယ်က လေးပင်က နှစ်တိုင်လောက်ဝေးတဲ့ သီးပင်ကုန်းမှာ။ မယားကြီးနာမည်က မရွှေမှုံတဲ့၊ မယားငယ်က ခင်စိန်ကြည်တဲ့ဗျ။ သားသမီးတော့ တစ်ယောက်မှ မမွေးဘူး ဆရာကြီးရဲ့"

"သေမင်းရဲ့ မိဘတွေက တော်တော်ချမ်းသာလား တပည့်ရဲ့"

"ဟာ၊ တော်တော်ချမ်းသာတာ ဆရာကြီးရဲ့၊ ဘိုးတော်ကြီးက ဦးတောင်ပို့တဲ့၊ ဘွားတော်ကြီးက ဒေါ်ရှင်တဲ့။ နှစ်ယောက်စလုံး နှစ်မွေခံကို အရဲ့။ အမွေရတဲ့ယာတွေမှ မနည်းဘူးဗျ။ သားသမီးရှိလာရင် ဒီကောဇာတွေ ဝင်ပြီးမဂ္ဂ ရှိတာ၊ ဒီလူက ငယ်ငယ်ကတည်းက မြွေနိုင်တာတဲ့ ဆရာကြီးရဲ့၊ ယာထဲမှ မြွေတွေ့လို့ကတော့ အစောင်းလိုက်ဖမ်းပြီး ကိုင်တာတဲ့ဗျ"

"အင်း၊ ဝမ်းတွင်းပါ ထင်ပါရဲ့ကွယ်၊ နောက်တော့ ဒီပညာတွေ လိုက်စားတော့မှာပေါ့"

"ဟုတ်တယ် ဆရာကြီး၊ အိမ်အလုပ်ကို သိပ်လုပ်တာမဟုတ်ဘူးဗျ၊ သူ့မိဘတွေကသာ ယာတွေကို လုပ်ကြတာ၊ သူကတော့ ဟိုသွား ဒီသွားပဲ အမြဲလုပ်နေတာ။ မိဘတွေ မရှိတော့မှ အိမ်ထောင်ပြုပြီး ရွာမှာပြန်ထိုင်ပြီး ယာတွေလုပ်တော့တာဗျ။ ဒါပေမဲ့ တစ်ခါတလေ ပျောက်သွားရင် နှစ်လ သုံးလလောက်ကြာတယ်လို့ လေးပင်ကလူတွေ ပြောကြတယ်။ လေးပင်ကလူတွေကလည်း သူ့ကို အောက်လမ်းကြီးမှန်းသိတော့ ကြောက်ကြောက်နဲ့ အဆင်ပြေအောင် ဆက်ဆံနေရတော့တာပေါ့ ဆရာကြီးရယ်။ သမီးလေးတွေ အရွယ်ရောက်လာရင်လည်း ကြာကြာမထားရဲဘူး။ မြန်မြန်အိမ်ထောင်ချပစ်ကြရတယ်။ သူနဲ့ စကားများ

နှန်ဖြစ်လို့ကတော့ အဲဒီလူ သိပ်မကြာဘူး ဆရာကြီးရဲ့၊ မြွေကိုက်ခံရရင်ခံရ၊ မခံရရင် သွေးအန်ပြီး သေတာပဲဗျ။ ဒီတော့လည်း တစ်ရွာလုံးက သူ့ကို ကြောက်နေတော့တာ ဖြစ်ပါ့ဗျာ။ ဒီထန်းပင်ကုန်းကိုလည်း တနိုး သူတို့ပိုင် ရှော လူကို ကျောင်းခ်။ တစ်ခါတုန်းက ကျုပ်နဲ့ သူနဲ့ လမ်းမှာ ပက်မင်းဆုံးတော့ ကျုပ်မျက်နှာကို ခပ်စိမ်းစိမ်းကြည့်ပြီး…

"ဟာ အထက်လမ်းကိုယ်တော်ပါလား၊ ဒါပေမဲ့ မင်းအကောင် သိပ်သေးလွန်းနေတော့ ငါ မစားလောက်ဘူးကွ၊ မင်းဆရာကြီးလောက်နဲ့မှ တွေ့ချင်တာကွ၊ မှာလို့ရရင် မှာပေးစမ်းပါကွာ့ ပညာချင်း နှီးနှောရတာပေါ့ ထွေးမောင်ရာလို့ ပြောသွားတယ်။ ကျုပ်လည်း သူ့ကို မယှဉ်ရဲတော့ ကုပ်နေလိုက်ရတာပေါ့ ဆရာကြီးရာ။ အခုလို ဆရာကြီးကိုယ်တိုင် ဆင်းလာပြီး ဒီလူကို ဆုံးမတော့မယ်ဆိုတော့ ကျုပ်ဖြင့် ဝမ်းသာလိုက်တာ ဆရာကြီးရယ်"

"သေမင်းလို့ နာမည်ခံထားတဲ့ တင်ဖေဆိုတဲ့ကောင်ဟာ လူတွေ သတ်ပစ်နေတာ မနည်းတော့ဘူး ထွေးမောင်ရဲ့၊ ဒီကောင့်ကို ဆုံးမဖို့ အထက်ပုဂ္ဂိုလ်ကြီးတွေက အမိန့်ချလိုက်ပြီ၊ ဒါကြောင့် ကျုပ် သေမင်းကို ရှာဖွေပြီး လိုက်လာရတာပေါ့ကွယ်၊ မနက်ဖြန်

တော့ ကျုပ် သေမင်းနေတဲ့ရွာကို သွားရမယ် ထွေးမောင်။ အရင် ဆုံး ဒီကောင် မွေးပြီး နိုင်းစားနေတဲ့ ကညင်ပင်လေးပင်က သရဲလေးကောင်ကို အရင်ဆုံး ဖမ်းချုပ်ထားရမယ်ကွဲ့၊ ဒါမှ အကြောင်းရှိလာရင် ဒီကောင်တွေ ဝင်ပြီးမကူညီနိုင်မှာ"

ဘိုးလူပေက ပြောတော့ ကျုပ် ဘိုးလူပေအတွက် နည်းနည်းစိုးရိမ်သွားတယ်ဗျ။

"ဆရာကြီး၊ သေမင်းဆိုတဲ့ အောက်လမ်းမှော်ဝိဇ္ဇာကြီး က လူသတ်နေကျလူဆိုတော့ ဆရာကြီး သတိတော်တော်ရှိမှ ရမယ်ထင်တယ်"

ကျုပ်က ဘိုးလူပေကို စိုးရိမ်လို့ ပြောလိုက်တာဗျို့။

"ဘာမှမစိုးရိမ်ပါနဲ့ မောင်တာတေ၊ အထက်ပုဂ္ဂိုလ်တွေ ကိုယ်တိုင် ကျုပ်ကို အစွမ်းတွေမြှင့်ပေးလိုက်တာပါ၊ ဒါပေမဲ့ ကျုပ်က သေမင်းကို အသေမသတ်ပါဘူး၊ နောက်ထပ် လူမသတ် ဖို့ပဲ ကတိတောင်းမှာပါ၊ ကတိမပေးရင်တော့ နောက်တစ်ဆင့် တက်ရမှာပေါ့လေ၊ အဲဒီအခါကျရင်တော့ ပညာတွေ စွန့်ခိုင်းရမှာ ပေါ့၊ ပညာမစွန့်ရင်တော့လည်း ကျုပ် လုပ်စရာရှိတာ လုပ်ရတော့ မှာပေါ့ကွယ်"

အဲဒီညမှာ ဆရာကြီးက လေးလေးထွေးမောင်ကို အင်း

တွေ ထပ်တိုက်ပြီး ပညာမြှင့်ပေးတယ်။ ကျုပ်ကိုလည်း အင်းတစ်ချပ် တိုက်တယ်။ ပြီးတော့ လေးလေးထွေးမောင်ရော ကျုပ်ရော ပုတီးစိပ်ကြရတယ်။ နောက်နေ့မနက် အစောကြီးထပြီး ကျုပ်တို့သုံးယောက် သေမင်းနေတဲ့ရွာကို သွားကြတယ်။ ရွာထိပ်က ကညင်ပင်ကြီးလေးပင် ရှိတဲ့နေရာကို တန်းသွားပြီး ဘိုးလူပေက အမိန့်ပြန်လိုက်တယ်။ ကျုပ်က မျက်ကွင်းဆေး ကွင်းထားတော့ အားလုံးကို မြင်နေရတာပေါ့ဗျာ။ ကျုပ်တို့ ကညင်လေးပင်ကို ရောက်တဲ့အချိန်က မိုးမလင်းသေးဘူးဗျ။ မှောင်တုန်းပဲ ရှိသေးတာ။ ဘိုးလူပေ အမိန့်ပြန် မပြန်ခင် ကညင်ပင်ကြီးတစ်ပင်စီရဲ့အောက်မှာ ရေဖလားတွေနဲ့ ရေတစ်ခွက်စီ ချထားရတယ်ဗျ။ ပြီးတော့မှ ဘိုးလူပေက ကညင်ပင်တစ်ပင်စီမှာနေတဲ့ သက်တမ်းရှင့် သရဲကြီးတွေကို အမိန့်ပြန်ပြီး ခေါ်တာဗျ။

"ပထမ်ပုဂ္ဂိုလ်ကြီးတွေရဲ့ အမိန့်ကို ငါဆရာ ဘိုးလူပေက ထပ်ဆင့်အမိန့်တော် ပြန်လိုက်သည်။ ကညင်လေးပင်မှာ နေထိုင်သော သက်တမ်းရှင့် သက်တမ်းရှည် သဘက်ကြီးလေးကောင် အခုချက်ချင်း ကညင်ပင်ခြေရင်းမှာ ဘွားကနဲပေါ်လာပြီး အမိန့်နာခံစေ"

ဘိုးလူပေ အမိန့်ဆုံးတာနဲ့ လူသုံးဖက်စာလောက်ရှိတဲ့

ကညင်ပင်ကြီးတွေထဲက ထွက်လာသလို ပေါ်လာတာဗျို့။ နဲတဲ့ အကောင်ကြီးတွေမှ မဟုတ်တာဗျာ။ အမှတ်တမဲ့ကြည့်ရင် ကညင်ပင်ကြီးတွေလို့တောင် ထင်မိစရာကြီးတွေဗျာ။ တစ်ကိုယ်လုံး အမွေးမည်းမည်းကြီးတွေ ဖုံးနေတာဗျ။ ခြေထောက်ကြီးတွေက ထန်းပင်လုံးလောက်ကြီးတွေ ရှိတယ်ဗျို့။ ခေါင်းကြီးတွေက ရာဝင်ပုတ်လောက်ကြီးတွေဗျ။ တွဲလောင်းကျနေတဲ့ လျှာနီနီကြီးတွေက ဖျာချပ်ကြီးတွေလောက် ရှိတာဗျ။ မျက်လုံးကြီးတွေက ခြင်းလုံးလောက် နီနီကြီးတွေဗျို့။ နားရွက်ကြီးတွေက ဂွမ်းစောင်ကြီး တစ်ထည် ဖြန့်ထားတာလောက်ကို ရှိတာဗျ။ ကညင်ပင်ကြီးတွေ အောက်မှာ မားမားကြီးတွေ ရပ်နေကြတာဗျ။

"ငါ့ဆရာကို တွေ့လျက်နဲ့တောင် ခုထိ အရိုအသေမပေးကြသေးဘူးလားကွ"

ဘိုးလူပေရဲ့စကားဆုံးတာနဲ့ သဘက်ကြီးလေးကောင်က မြေကြီးပေါ်ကို ဒူးတုပ်ပြီး ထိုင်ချလိုက်ကြတယ်။

"ဘုတ်" "ဘုတ်" "ဘုတ်" "ဘုတ်"

"သင်တို့လေးကောင် သေသေချာချာ နားထောင်ကြ၊ ပထမံပုဂ္ဂိုလ်ကြီးတွေရဲ့ အမိန့်၊ ငါ့ဆရာရဲ့ ထပ်ဆင့်အမိန့်၊ လေးပင်ရွာမှာ ရှိနေတဲ့ အောက်လမ်းမှော်ဝိဇ္ဇာ ခိုင်းစေသမျှကို အခုချိန်က

စပြီး ဘာတစ်ခုမှ လုပ်မပေးရ၊ လုပ်မပေးပါဘူးလို့ ကတိပြုကြမလား"

သဘက်ကြီးလေးကောင်က ခေါင်းညိတ်ပြကြတယ်ဗျ။

"မောင်တာတေ၊ သူတို့ ခေါင်းညိတ်ပြတာ မင်းမြင်ရတယ်မို့လား၊ မျက်ကွင်းဆေးကော ကွင်းခဲ့ရဲ့လား"

"ကွင်းခဲ့ပါတယ် ဆရာကြီး၊ မြင်ရပါတယ်၊ ခေါင်းညိတ်ပြနေကြပါတယ်"

"ကောင်းပြီ၊ သင်တို့အနားမှာ ချထားတဲ့ ရေခွက်တွေကို ယူပြီးသောက်ကြပေတော့၊ အဲဒါ သစ္စာရေပဲ၊ သင်တို့ ကတိပျက်ကွက်ခဲ့ရင်တော့ သင်တို့ ခံကြပေမယ်။ ကတိတည်ရင်တော့ ပထမံပုဂ္ဂိုလ်ကြီးတွေရဲ့ မေတ္တာကို ခံယူပြီး ဘဝတစ်ဆင့် မြင့်ကြလိမ့်မယ်၊ ကဲ သောက်ပေတော့"

ဟာ၊ သောက်တယ်ဗျို့။ သောက်တယ်။ သဘက်ကြီးလေးကောင်က ဒူးတုပ်လျက်ကြီးတွေနဲ့ ရေခွက်တွေကိုယူပြီး မော့သောက်ကြတယ်ဗျာ။ ဘိုးလူပေတို့ရဲအမိန့် ပြင်းထန်ချက်ကတော့ ကျုပ်မျက်မြင်ပါပဲဗျာ။

"ကဲ သစ္စာရေ သောက်ပြီးရင် သင်တို့နေရာဌာနကို သင်တို့ ပြန်နိုင်ကြပါပြီ"

ဟော ပျောက်သွားပြီဗျို့။ သဘက်ကြီးတွေ မတ်တတ် ထရပ်လိုက်ပြီးတာနဲ့ ပျောက်သွားတာဗျို့။ ကျုပ်စိတ်ထင်တော့ ကညင်ပင်ကြီးတွေအထဲကို ဝင်သွားတယ်ထင်တာပဲဗျာ။

"ကဲ ပြန်ကြစို့ဟေ့၊ အရင်လုပ်ရမယ့်ကိစ္စတော့ လုပ်ပြီး သွားပြီ"

ကျုပ်တို့ ထန်းပင်ကုန်းကို ပြန်ရောက်တဲ့အထိ မိုးမလင်း သေးဘူးဗျ။

မနက်မိုးလင်းတော့ လေးလေးဌွေးမောင်ရဲ့ ဇနီး အရီး လေးလုံးကြည်က ကောက်ညှင်းပေါင်းကို နှမ်းထောင်းလေးနဲ့ ကျွေးတယ်ဗျ။ အငွေ့တထောင်းထောင်းနဲ့ ကောက်ညှင်းပေါင်းက စားလို့ကောင်းလိုက်တာဗျာ။

လေးလေးထွေးမောင်နဲ့ အရီးလေး မလုံးကြည်မှာ သား နှစ်ယောက် ရှိတယ်ဗျ။ အငယ်က ကျုပ်နဲ့ရွယ်တူလောက် ရှိမယ်။ အကြီးက ကျုပ်ထက် ကြီးတယ်ဗျ။

ကျုပ်တို့ ကောက်ညှင်းပေါင်း စားနေတုန်းမှာ ပိုင်းဝက ခေါ်သံ ကြားလိုက်တယ်ဗျ။

"ကိုထွေးမောင်၊ ကိုထွေးမောင်၊ ဒီမှာ စာပေးခိုင်းလို့ဗျ"

"ဘယ်သူက ပေးခိုင်းတာတုံးကွ တောင်ညိုရ"

"လေးပင်ရှာက လူတစ်ယောက် လာပေးသွားတာဗျ၊ အရေးကြီးတယ် မြန်မြန်ပေးပေးပါဆိုလို့ ကျုပ် ချက်ချင်းလာခဲ့တာ"

လေးလေးထွေးမောင်က ချက်ချင်းသွားပြီး စာကိုယူလိုက်တယ်။ အိမ်ပေါ်ပြန်ရောက်တာနဲ့ စာကို ချက်ချင်းဖတ်လိုက်တယ်။

*ထွေးမောင်*

*မင်းဆရာကြီး ရောက်နေတယ်မို့လား။*

*ကညင်လေးပင်က ငါ့တပည့်တွေကို အမိန့်ပြန်ပြီး ချုပ်ထားလိုက်ပြီဆိုတာ ငါသိတယ်။*

*မင်းဆရာကြီးကို ပြောလိုက်၊ သေမင်းကို စိန်ခေါ်တဲ့လူတွေ အရှင်တစ်ယောက်မှ မရှိဘူးလို့။*

*အခုအချိန်ကစပြီး ငါ့ဘက်က တိုက်ပြီ။*

*သေမင်း*

လေးလေးထွေးမောင်က စာကို ဖတ်ပြလိုက်တော့ ဆရာကြီး ဘိုးလူပေက ခေါင်းညိတ်တယ်။

"ကောင်းတာပေါ့ကွယ်၊ မြန်မြန်စတော့ မြန်မြန်ပြီးသွားတာပေါ့ တပည့်ရယ်။ ကဲ မောင်တာတေတို့၊ ထွေးမောင်တို့ သတိထားနေကြပေတော့"

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

"ဆရာကြီး၊ ဆရာကြီး၊ ကျုပ်တို့ရွာပေါ်မှာ လင်းတနှစ်ကောင် ဝဲနေတယ်တော့"

အရီးလေး လုံးကြည်က လာပြောတာဗျ။ ဘိုးလူပေကခေါင်းငြိမ်ပြီး စဉ်းစားလိုက်တယ်။ ပြီးတော့ တန်းပြောတာဗျို့။

"အို…သေမင်းရဲ့ မယားနှစ်ယောက်စလုံးက စုန်းမတွေဖြစ်နေပါရောလား"

"ရွှေမှုံတို့ စိန်ကြည်တို့က စုန်းမတွေ ဖြစ်နေတာကိုး၊ လေးပင်ကလူတွေကတော့ ပြောသား၊ ရွှေမှုံရေ့မှာ မထေမဲ့မြင်မလုပ်နဲ့၊ လုပ်ရင် လူးလိမ့်ပြီး အော်သွားရမယ်တဲ့၊ ကျုပ်ကရွှေမှုံ စုန်းမဖြစ်သွားတယ်ဆိုတာကို မယုံတာ ကိုထွေးမောင်ရေ"

"ဆရာကြီး ဘယ်လိုလုပ်ကြမတုံး"

လေးလေးထွေးမောင်က ပြောတာဗျ။ ဘိုးလူပေကသက်ဝါးလေးကာပြပြီး ပြောတယ်ဗျ။

"ဘာမှမပူနဲ့ ထွေးမောင်၊ ကျုပ်တို့ထွက်မယ့် လမ်းတစ်လျှောက်မှာ စုန်းတွေရဲ့စက်တွေ ဖြန့်နေတာကွဲ့၊ စုန်းမတွေရဲ့ထက်လောက်ကတော့ ကျုပ်တောင် လုပ်စရာမလိုပါဘူးကွာ၊ မင်းလုပ်တာနဲ့တင် ပြီးပါတယ်၊ မင်းက ဒီလိုပွဲမျိုး တစ်ခါမှ မတိုးဘူး

လို့ပါ။ စက်ဖြတ်ဂါထာ ရတယ်မို့လား၊ အဲဒါရွတ်ပြီး လက်နဲ့ယမ်း လိုက်ရင် စုန်းမတွေရဲ့စက်တွေ ပြတ်တောက်သွားလိမ့်မယ် ထွေး မောင်ရဲ့၊ အသာနေပါကွယ်၊ သေမင်း ဒေါ်သူပုန်ထနေပါပြီ။ ကျုပ်တို့ အလာကိုတောင် သူစောင့်မှာမဟုတ်ပါဘူး၊ ဒီညပဲ သေမင်း ကျုပ်ဆီကို လာပါလိမ့်မယ်''

''ဒါဆိုရင် ဆရာကြီး ဒီရွာကပဲ စောင့်မှာပေါ့''

ကျုပ်က ဆရာကြီးကို မေးလိုက်တာဗျ။ ဆရာကြီးက ခေါင်းခါပြပြီး…

''ကျုပ် ဒီမှာနေရင် ဒီရွာ နာသွားမှာကွဲ့ မောင်တာတေ ရဲ့၊ လေးပင်ရွာထိပ်က ကျုပ်သွားစောင့်မှာပါ၊ ညမိုးချုပ်တာနဲ့ ကျုပ်တို့ သွားကြမယ်''

ညစာကို ကျုပ်တို့ စောစောစားထားကြတယ်ဗျ။ မိုးချုပ် တာနဲ့ ဆေးလွယ်အိတ်တွေ တစ်ယောက်တစ်လုံးလွယ်ပြီး ဘိုးလူပေ ရယ်၊ လေးလေးထွေးမောင်ရယ်၊ ကျုပ်ရယ် ထန်းပင်ကုန်းက ထွက်ခဲ့တယ်။ လေးပင်ရွာထိပ်က ကညင်ပင်ကြီးလေးပင် ရှိတဲ့ နေရာကနေ ကျုပ်တို့ စောင့်နေတယ်။

လေးပင်ရွာထဲက တစ်ချက် တစ်ချက် ခွေးဟောင်သံတွေ ကြားနေရတယ်။ တခြားတော့ ဘာမှမထူးခြားသေးဘူးဗျ။ ည

ရှစ်နာရီကျော်လောက်ရှိတော့ လေးပင်ရွာရဲ့ အနောက်ဘက် သချိုင်းကုန်းထဲကနေ မီးလုံးကြီးနှစ်လုံး ပျံတက်လာတယ်ဗျို့။ ကျုပ်တို့ရှိတဲ့ ကညင်လေးပင်ကို တန်းပြီးပျံလာတာဗျ။ ဒါပေမဲ့ ကျုပ်တို့နား မရောက်ခင် ဘေးကိုကွေ့ပြီး ပျံသွားတယ်။ လေးပင် ကုန်းလို့ ခေါ်တဲ့ ကညင်ပင်ကြီးတွေရှိတဲ့ကုန်းကို ပတ်ပြီးဝဲနေတာ ဗျို့။

"ဝွ" "ဝွ" "ဝွ" "ဝွ"

"အဲဒါ သေမင်းရဲ့ မယားနှစ်ယောက်ပဲကွဲ့၊ ကျုပ်တို့ ရောက်နေမှန်းသိလို့ လာပြီးထောက်လှမ်းတာကွဲ့၊ ခဏနေရင် သူတို့လင် သေမင်း ရောက်လာလိမ့်မယ်"

စုန်းမီးလုံးကြီးနှစ်လုံးက လေးပင်ကုန်းကို ပတ်ပြီးဝဲနေ တုန်းပဲဗျ။ ဒီတုန်းမှာပဲ လေးပင်ရွာရဲ့ မြောက်ဘက်က ထွက်လာ တဲ့ မည်းမည်းအရိပ်တစ်ခုကို ကျုပ်တွေ့လိုက်တယ်။

"ဆရာကြီး ရွာမြောက်ဘက်က လာနေတာ သေမင်း ထင်တယ်ဗျ"

"သိပ်ဟုတ်တာပေါ့ မောင်တာတေ၊ ကဲ ထွေးမောင် ဟောဒီအင်းချပ်ကို ယူထား၊ မောင်တာတေက ဟောဒီအင်းချပ်ကို ယူထား၊ အဲဒါ မှော်ဝင်ကြီးအင်းလို့ ခေါ်တယ်ကွဲ့၊ မင်းတို့

နှစ်ယောက် ဘယ်နှဲညာက ညှပ်ပြီး ပစ်ကြပေတော့၊ ကျုပ်က အချက်ပေးမှ ပစ်နော်၊ ပစ်ပြီးတာနဲ့ နောက်ကို မြန်မြန်ဆုတ်၊ ဝါးတစ်ပြန်လောက်ဆုတ်လိုက် ကြားကြလား''

ဘိုးလူပေက လေးလေးထွေးမောင်နဲ့ ကျုပ်ကို မော်ဝင်ကြီး အင်း တစ်ချပ်စီ အပ်လိုက်ပြီးတော့ သိပ်မကြာလိုက်ဘူးဗျ၊ သေမင်းလို့ခေါ်တဲ့ လူသတ်သမား အောက်လမ်းမော်ဝိဇ္ဇာက လေးပင်ကုန်းနားကို ရောက်လာတယ်။

ဘိုးလူပေက ပထမံပုဂ္ဂိုလ်ကြီးတွေကို တိုင်တည် အကြောင်းကြားလိုက်တယ်။ ပြီးတာနဲ့ သေမင်းရှိတဲ့ဆီကို တစ်လှမ်းချင်း ထွက်သွားတယ်ဗျ။

''ဝွ'' ''ဝွ'' ''ဝွ'' ''ဝွ''

ကောင်းကင်မှာ ဝဲနေတဲ့ စုန်းမီးလုံးကြီး နှစ်လုံးကလည်း မြေပြင်ပေါ်ကို ထိုးဆင်းလာတယ်ဗျို့။ သေမင်းရဲ့ တစ်ဖက် တစ်ချက်စီမှာ မိန်းမနှစ်ယောက်ပုံစံ ဘွားကနဲ ပေါ်လာတယ်ဗျို့။ စုန်းမီးလုံးကြီးတွေကနေ စုန်းမတွေ ဖြစ်သွားတာပေါ့ဗျာ။

ဆံပင်ဖားလျားချထားတဲ့ စုန်းမနှစ်ယောက်က သေမင်းရဲ့ ရှေ့ကို ထွက်လာတယ်ဗျ။

''မိုက်လိုက်တဲ့ ကလေးမတွေ၊ အဝီစိသွားရမယ့် ပညာ

ယုတ်တွေကို ဘာလို့များ သင်ကြရတာတုံးကွယ်"

"ဟဲ့ မသာကောင်၊ အပိုစကားတွေ ပြောမနေနဲ့၊ ဟောဒီမှာ ငါတို့စက်၊ ခံနိုင်ရင် ခံကြည့်လိုက်"

ဟာ စုန်းမတွေ စက်လွှတ်ပြီဗျို့။ အရောင်လေးတွေ တလက်လက်နဲ့ ဘိုးလူပေဆီကို စုန်းမနှစ်ယောက်ရဲ့စက်တွေ ပြေးလာတယ်။

ဘိုးလူပေက လက်ဝါးနှစ်ဖက်ဖြန့်ပြီး ပြေးလာတဲ့စက်တွေကို တွန်းထုတ်သလို လုပ်လိုက်တယ်ဗျို့။

"ဝုန်း" "ဝုန်း"

ပြေးလာတဲ့စက်တွေက စုန်းမတွေဆီကို ဟန်ပြန်ပြီး ဝုန်းကနဲ မြည်သံနဲ့အတူတူ မီးခိုးလုံးကြီးနှစ်လုံး ထသွားတယ်ဗျို့။

မီးခိုးလုံးတွေ ပြယ်သွားတော့ မြေကြီးပေါ်မှာ ခွေခွေလေး လဲနေတဲ့ စုန်းမနှစ်ယောက်က ဆန့်ငင် ဆန့်ငင် ဖြစ်နေကြတာဗျို့။

"မသာမတွေ သေတာတောင် နည်းသေးတယ်၊ ရန်သူကို လျှော့တွက်တာကိုး၊ နင်တို့နှစ်ယောက်စက်တွေကိုပေါင်းပြီး တိုက်ရတယ်ဟဲ့"

သေမင်းက သူ့မယားနှစ်ယောက်ကို ဒေါသတကြီး အော်ဟစ်နေတာဗျ။ ဒါပေမဲ့ စုန်းမနှစ်ယောက်ကတော့ မြေကြီးပေါ်က

နေပြီး ထကိုမလာနိုင်တော့ဘူးဗျ။

သေမင်းက ရှေ့ကို ပြေးထွက်လာပြီး ဘိုးလူပေကို မြွေတွေနဲ့ ပစ်တယ်ဗျ။ သူ့လက်နှစ်ဖက်ကို လေထဲတစ်ချက် ဝှေ့လိုက်ရင် မြွေတစ်ကောင် ပါလာတာဗျ။ အဲဒီမြွေနဲ့ ဘိုးလူပေကို ပစ်တာဗျို့။ ဘိုးလူပေက လက်နဲ့ပဲယမ်းလိုက်တော့ သေမင်းပစ်တဲ့ မြွေက ဘိုးလူပေဆီကို တစ်ကောင်မှ ရောက်မလာဘဲ လမ်းမှာတင် ပြုတ်ကျပြီး ကြိုးပိုင်းတွေ ဖြစ်သွားတယ်ဗျ။

ခဏနေတော့ သေမင်းက အပေါ်ကို ခုန်လိုက်တာ စွန်ရဲကြီး ဖြစ်သွားပြီး ကောင်းကင်မှာ ပျံနေရောဗျို့။ ကျုပ်မြင်ဖူးသမျှ အောက်လမ်းထဲမှာတော့ ဒီလူ အစွမ်းအထက်ဆုံးပဲဗျ။

ကျုပ်စိတ်ထင်တော့ ကောင်းကင်ကနေ တစ်ရှိန်ထိုး ထိုးဆင်းလာပြီး ဘိုးလူပေကို ဓီဝိန်ချွေဖို့ ကြံတာဖြစ်မယ်ဗျ။ ကောင်းကင်မှာ လလေးက တစ်ခြမ်းသာနေတော့ စွန်ရဲရဲ့အရိပ်က မြေကြီးမှာ ကျနေတာပေါ့ဗျာ။ ဘိုးလူပေက အဲဒီအရိပ်ကို ပြေးပြီး ဖနောင့်နဲ့ ပေါက်ချလိုက်တော့ လေထဲမှာ ဝဲနေတဲ့ စွန်ရဲကြီး တလိမ့်ခေါက်ကွေး ပြုတ်ကျလာရောဗျို့။

"ဘုန်း"

မြေကြီးပေါ်ကိုကျတော့ အောက်လမ်းမော်ဝိဇ္ဇာ သေမင်း

ဆိုတဲ့လူ လူးလိမ့်နေရောဗျို့။

"ထွေးမောင်နဲ့ မောင်ဂျာတော အင်းပစ်တော့"

လေးလေးထွေးမောင်က တစ်ဖက်၊ ကျုပ်က တစ်ဖက် ကျုပ်တို့လက်ထဲမှာ ကျစ်နေအောင် ဆုပ်ထားတဲ့ မှော်ဝင်ကြီးအင်းတွေနဲ့ ပြိုင်တူပစ်ချလိုက်ရောဗျို့။

"ဝုန်း" "ဝုန်း"

အင်းတွေနဲ့လည်း ပစ်လိုက်ရော မီးခိုးလုံးကြီးတွေထပြီး ဘာမှမမြင်ရတော့ဘူးဗျို့။

မီးခိုးတွေ ပြယ်သွားတော့ သေမင်းက မြေကြီးပေါ်မှာ ့တ်တုတ်ကြီး ထိုင်နေတာဗျို့။

ဘိုးလူပေက ဒီအခွင့်အရေးကို လက်လွှတ်ဘယ်ခံမှာ ာ့န်းဗျာ။ လက်ထဲမှာ အသင့်ကိုင်ထားတဲ့ ကဝေပိုက်နဲ့ ပစ်လိုက် ာယ်။ လရောက်အောက်မှာ ဖြာထွက်သွားတဲ့ ပိုက်ကွန်ဖြူဖြူ လေးက မှော်ဝိဇ္ဇာကို အုပ်မိသွားတယ်ဗျို့။

သေမင်းက ဒေါသတကြီးနဲ့ အော်တယ်ဗျ။

"ဟေ့ကောင်၊ မင်း ငါ့ကို သတ်လိုက်၊ ငါက သေရမှာ ကြောက်တဲ့ကောင် မဟုတ်ဘူးကွ၊ ငါ သတ်ခဲ့တဲ့လူတွေ ရေတောင် ခရနိုင်တော့ဘူးကွ၊ ငါက သတ်လည်း သတ်ရဲတယ်၊ သေလည်း

သေရဲတယ်ကွ"

"သေမင်း နားထောင်၊ မင်း လူသတ်တဲ့အလုပ်ကို စွန့်လွှတ်မယ်လို့ ကတိပေးပါ၊ ငါ မင်းအသက်ကို ချမ်းသာပေးမယ်"

"ဟေ့ကောင်၊ အခု သတ်ပစ်လိုက်၊ မင်းကို ငါ ဘာ ကတိမှ မပေးနိုင်ဘူး၊ ငါ့ဟာငါ လူသတ်ချင် သတ်မယ်၊ မင်းနဲ့ ဘာဆိုင်လို့တုံး"

ဘိုးလူပေက ဆွဲထားတဲ့ ပိုက်ကွန်ကနေ စက်တွေလွှတ်လိုက်တယ်။ ဘိုးလူပေ လွှတ်လိုက်တဲ့ စက်တွေက အရောင်လက်ကနဲ လက်ကနဲဖြစ်ပြီး မှော်ဝိဇ္ဇာကို အုပ်ထားတဲ့ ပိုက်ကွန်တစ်ခုလုံးကို ပြန့်သွားတယ်ဗျို့။

"အောင်မယ်လေးဗျာ၊ ပူလှချေရဲ့ဗျာ"

"ဟေ့ကောင် သေမင်း၊ မင်းရဲ့ ပညာတွေကို စွန့်ပစ်ပါ့မယ်လို့ ကတိပေးရင် မင်းကို ငါ အသက်ချမ်းသာပေးမယ်"

"ဟား၊ ဟား၊ ဟား၊ ဟား၊ လူတွေရဲ့ အသက်ဇီဝိန်ကို ချွေတဲ့ သေမင်းဆိုတဲ့ကောင်က ဘယ်သူ့ဆီမှာမှ အရှုံးမပေးဘူးကွ၊ ဒီပညာတွေကို သံသရာတစ်လျှောက်လုံး ငါ ယူသွားမှာကွ နားလည်လား"

ဘိုးလူပေ ခေါင်းခါလိုက်တယ်ဗျ။

ခဏာနေတော့ သူ့လက်ဝါးတစ်ဖက်ကို ထောင်လိုက်ပြီး လက်ဝါးအလယ်က အလင်းစက်ကလေးတစ်စက် ထွက်သွားပြီး ပိုက်ကွန်အောက်မှာ မိနေတဲ့ အောက်လမ်းမှော်ဝိဇ္ဇာ သေမင်းဆီကို ပြေးထွက်သွားတယ်ဗျ။

"အား၊ အား၊ အား"

အောက်လမ်းမှော်ဝိဇ္ဇာရဲ့ အသံနက်ကြီးနဲ့ အော်တဲ့အသံက ညအမှောင်ထဲကို သိသိသာသာကြီးကို ပြန့်သွားတာပေါ့ဗျာ။ ဘိုးလူပေက ကဝေပိုက်ကွန်ကို ချက်ချင်းဆွဲပြီး သိမ်းလိုက်တယ်။ သေမင်းက မြေကြီးပေါ်မှာ လူးပုံပြီး အော်နေတာပေါ့ဗျာ။ ခဏာနေတော့ သေမင်းရဲ့ကိုယ်က မီးခိုးတွေ ထွက်လာရောဗျို့။

"ဝုန်း"

ဟာ မီးတောက်ကြီး ထတောက်ပြီဗျို့။

"အား"

အသံနက်ကြီးနဲ့ သေမင်းက တစ်ချက် ကြုံးအော်လိုက်ပြီး တဖြည်းဖြည်း ငြိမ်သွားရောဗျို့။

"ဝုန်း"

ဟာ မီးတောက်ကြီး ထပ်တောက်ပြန်ပြီဗျို့။ အပူရှိန်က တော်တော်မြင့်လာတာဗျ။

"မောင်တာတေရော ထွေးမောင်ရော နောက်မြန်မြန် ဆုတ်ကြ၊ ဒါ ငရဲမီးတောက် ထတာကွ"

ကျုပ်ရော လေးလေးထွေးမောင်ရော ဘိုးလူပေရော နောက်ကို ဝါးတစ်ပြန်လောက် ဆုတ်လိုက်ကြတယ်။

မီးတောက်ကြီးက အပေါ်ကို ဆယ်ပေလောက်အထိ တက်သွားပြီး သေမင်းကို လောင်မြိုင်သွားရောဗျာ။ သိပ်မကြာဘူး ဗျ။ မီးတောက်ကြီးက မြေကြီးထဲကို ဝုန်းကနဲ ပြန်ဝင်သွားတယ် ဗျ။ စောစောက သေမင်း လောင်မြိုက်သွားတဲ့ နေရာမှာ ပြာ တောင်မကျန်ခဲ့ဘူးဗျ။

ကျုပ်ကတော့ ကစေတွေ၊ အောက်လမ်းကြီးတွေသေရင် အဝီစိက ငရဲမီးတောက် တက်ပြီးလောင်တာကို ဆရာကြီး ဒေါက်တာမင်းအောင်နဲ့ လိုက်ခဲ့စဉ်ကလည်း တွေ့ဖူးခဲ့တာပေါ့ဗျာ။

ဘိုးလူပေက သတိလစ်နေတဲ့ စုန်းမနှစ်ယောက်ကို သတိ ရအောင် လုပ်ပေးပြီး သူတို့လင် သေမင်း ဘာဖြစ်သွားတယ်ဆို တာ ပြောပြတယ်။ အဝီစိကို ရောက်သွားပြီ ဆိုတာကို စုန်းမတွေ ကြောက်လာအောင် ပြောပြတယ်။

စုန်းမနှစ်ယောက်လည်း တော်တော်ကို ကြောက်သွားပုံ ရတယ်ဗျ။

"ဆရာကြီးရယ်၊ ကျွန်မက ဒီပညာတွေကို နဂိုတည်းက မယူချင်ပါဘူးရှင်၊ ကိုတင်ဖေက ရိုက်ပုတ်ပြီး အတင်းယူခိုင်းလို့ ယူခဲ့ရတာပါရှင်"

"ကျွန်မလည်း ဒီလိုပါပဲ ဆရာကြီးရယ်၊ ကျွန်မတို့ကို ကယ်ပါဦး ဆရာကြီးရယ်"

မရွှေမှုံရော မစိန်ကြည်ရောက ငိုပြီးပြောတာဗျ။ သူတို့ လင် သေသွားတာကို နည်းနည်းမှ ဝမ်းနည်းပုံမပေါ်ဘူးဗျ။ အခုမှ ဝဋ်ကျွတ်ပြီဆိုပြီး ဝမ်းသာနေပုံပဲဗျ။

"မရွှေမှုံ၊ ခင်ဗျားက ရွာကလူတွေကို ပြုစားတယ်ဆို"

လေးလေးထွေးမောင်က ဝင်ပြီးမေးတာဗျ။

"အဲဒါတွေအားလုံးဟာ ကိုတင်ဖေ လုပ်ခိုင်းလို့ ကျွန်မ လုပ်ခဲ့ရတာပါရှင်၊ ကျွန်မ လုပ်ချင်လို့ လုပ်ခဲ့တာတွေ မဟုတ်ပါဘူးရှင်"

နောက်ဆုံးတော့ ဘိုးလူပေနောက်ကို လိုက်ခဲ့ကြပြီး လေးလေးထွေးမောင်တို့အိမ်က ဘုရားစင်ရှေ့မှာပဲ ပညာတွေ စွန့်လိုက်ကြတယ်။ အောက်လမ်းမှော်ဝိဇ္ဇာ သွင်းထားတဲ့ ပညာဘူးတွေကို ဘိုးလူပေ့ရှေ့မှာပဲ အန်ထုတ်လိုက်ကြတယ်ဗျို့။

အသက်ထက်ဆုံး ရဟန္တာသုံးပါးကို ကိုးကွယ်ဆည်းကပ်

ပါမယ်လို့ သရဏဂုံ ပြန်ပြီးတည်ဆောက်ကြတယ်။ နောက်ရက်မှာ သေမင်းနေတဲ့အိမ်တွေကို ဘိုးလူပေ ကြွသွားပြီး အောက်လမ်းစက်တွေ၊ ပညာတွေကို အားလုံးဖျက်ဆီးပစ်လိုက်တယ်ဗျ။

လေးပင်ရော၊ သီးမင်ကုန်းကလူတွေရော ဘိုးလူပေကို လာပြီး ကန်တော့ကြတယ်ဗျ။ သူတို့ရွာတွေမှာ မော့မကြည့်ရဲလောက်အောင် မင်းမူနေတဲ့ လူသတ်အောက်လမ်းမော်ဝိဇ္ဇာကြီး မရှိတော့လို့ အားလုံး ပျော်နေကြတာပေါ့ဗျာ။


ဘိုးလူပေကလည်း အားလုံးကို သရဏဂုံတည်ကြဖို့၊ ငါးပါးသီလ လုံအောင်ထိန်းကြဖို့၊ တစ်ဆင့်တက်ပြီး ဝိပဿနာအားထုတ်ကြဖို့ ဟောပြောခဲ့တယ်ဗျ။

ဘိုးလူပေနဲ့ ကျုပ် ပြန်တော့ လှည်းနဲ့လိုက်ပို့ကြတယ်။ ကားလမ်းရှိတဲ့နေရာရောက်တော့ ကျုပ်တို့ ဆရာတပည့် ကားစီးပြီး ပြန်ခဲ့ကြတယ်။ မြို့ရောက်တော့ ဘိုးလူပေက မန္တလေးဘက်ကို ထွက်သွားပြီး ကျုပ်က ရွာကားစီးပြီး ရွာပြန်ခဲ့တယ်။

ထနောင်းကုန်းကို ကျုပ်ပြန်ရောက်တော့ ကျုပ်ကို မျှော်နေတဲ့ အဘနဲ့ အမေကို သေမင်းအကြောင်း ပြောပြလိုက်ရတာပေါ့ဗျာ။

**တာတေ**






# တစ္ဆေကျောင်းတဲ့နွား

**နွေ**ခေါင်ခေါင်မှာ မိုးတွေရွာလို့ဗျာ။

တကယ့်ကို ဖြစ်တောင့်ဖြစ်ခဲပဲဗျို့။ ကျုပ်တို့အညာမှာ မိုးတွင်းတောင် မိုးသိပ်ရွာတာမဟုတ်ဘူးဗျ။ အခုလို နွေခေါင်ခေါင်



# တစ္ဆေကျောင်းတဲ့နွား

**နွေ**ခေါင်ခေါင်မှာ မိုးတွေရွာလို့ဗျာ။

တကယ့်ကို ဖြစ်တောင့်ဖြစ်ခဲပဲဗျို့။ ကျုပ်တို့အညာမှာ မိုးတွင်းတောင် မိုးသိပ်ရွာတာမဟုတ်ဘူးဗျ။ အခုလို နွေခေါင်ခေါင်

ကြီးမှာ မိုးတွေ သဲကြီးမဲကြီး ရွာချတော့ အားလုံး အံ့အားသင့်နေကြတာပေါ့ဗျာ။

ကျုပ်က နွားစာကျွေးရင်းနဲ့ မိုးတွေသဲကြီးမဲကြီး ရွာချနေတဲ့ ကောင်းကင်မဲမဲကြီးကို မော့ကြည့်နေမိတယ်။ ကောင်းကင်ကြီးကို မော့ကြည့်နေရင်းကနေ ကျုပ်သူငယ်ချင်းတစ်ယောက်ကို ချက်ချင်းသတိရသွားတယ်ဗျာ။

ဒီကောင့်နာမည်က နွေမိုးတဲ့ဗျ။ အခုလို နွေခေါင်ခေါင်မှာ မိုးတွေ သဲကြီးမဲကြီး ရွာချတဲ့နေ့မှာ ဒီကောင့်ကို မွေးတာတဲ့ဗျ။ ဒါကြောင့် သူ့အမေက သူ့ကို နွေမိုးလို့ နာမည်ပေးလိုက်တာတဲ့ဗျို့။

ကျုပ်တို့ကတော့ ဒီကောင့်ကို နွေမိုးလို့ မခေါ်ကြပါဘူးဗျာ။ ငမိုးလို့ပဲ ခေါ်ကြတာဗျ။ အသက်က ကျုပ်နဲ့ အတူတူပဲ။ ဉာဏ်ကလည်း လွတ်ကောင်းတဲ့ကောင်ပါဗျာ။ လေးတန်းအထိ ရွာကျောင်းမှာ အတူတူတက်ခဲ့ကြတာ။ ဒီကောင်က ကျုပ်ထက်ပိုပြီး စာတော်တယ်ဗျ။

သင်္ချာများ တွက်ခိုင်းလို့ကတော့ ငမိုးတို့ ရှေ့ဆုံးက ပြီးပြီးသားပဲဗျ။ ကျုပ် မတွက်တတ်တဲ့ သင်္ချာတွေကို ဒီကောင်က ပြန်ပြပေးတာဗျ။ ဒါပေမဲ့ လေးတန်းအောင်တော့ ကျုပ်က မြို့

ကျောင်းသွားတက်တယ်။ မြို့မှာက ကျုပ်ဘကြီး ရှိတယ်လေဗျာ။

မိုးတို့မိဘတွေက လယ်ပိုင်ယာပိုင် မရှိဘဲ ရွာထဲမှာ ဘောက်လုပ်စားနေကြရတော့ ဆင်းရဲတယ်ဗျ။ မိုးကို မြို့ပို့ပြီး ကျောင်းဆက်မထားနိုင်ကြဘူး။

ဒီမှာတင် ကျုပ်သူငယ်ချင်း မိုးက ကျောင်းထွက်ပြီး ပိုက်ဆံရတဲ့အလုပ်မှန်သမျှ အကုန်လုပ်ရတော့တာပေါ့ဗျာ။ ယာထဲမှာ ပေါင်းနှုတ်လိုက်ရတယ်။ ဟိုရွာ ဒီရွာကို လှည်းနဲ့သွားတဲ့လူရှိရင် လှည်းမောင်းပြီး လိုက်ပို့ရတယ်။ သူ့ကို လှည်းမောင်းခ ပိုက်ဆံပေးတာပေါ့ဗျာ။ သူများအိမ်က နွားတွေကို တောစပ်က နွားစားကျက်မှာ သွားကျောင်းပေးရတယ်။ နွားကျောင်းခ ရတာပေါ့ဗျာ။

ကျုပ် မြို့ကျောင်းပိတ်လို့ အိမ်ပြန်လာတဲ့ရက်တွေဆိုရင် ကျုပ်နဲ့လည်း လာပြီးဆော့တတ်တယ်ဗျ။ ပဲနှုတ်၊ နှမ်းနှုတ်တဲ့ အချိန်ဆိုရင် ပဲနှုတ်၊ နှမ်းနှုတ် လိုက်ရတယ်။ ညဘက် သူများ ယာမှာ နှမ်းထောင် စောင့်ပေးရတယ်ဗျ။ ဒီလိုနဲ့ မိုးလည်း မအားလပ်တော့ပါဘူးဗျာ။ တစ်ခါတလေ ကျုပ် မြို့ကို ပြန်ခဲ့တာ တောင်မှ ရွာမှာ မိုးနဲ့ တစ်ခါမှ မတွေ့ခဲ့ရဘူးဗျ။

ကျုပ် ခုနစ်တန်းတက်တဲ့နှစ်မှာ ကျုပ်သူငယ်ချင်း မိုး

တစ်ယောက် ပိုးထိပြီး ဆုံးသွားပါရောလားဗျာ။ မြို့ကို အမှီပို့ကြပေမယ့် မြွေဆိပ်က တစ်ကိုယ်လုံးပြန့်နေပြီဆိုတော့ ငမိုးရဲ့အသက်ကို မကယ်နိုင်ခဲ့ကြဘူးတဲ့ဗျ။

ကျုပ်အိမ်ပြန်မရောက်ခင် မြို့မှာတည်းက ဒီသတင်းကို ကျုပ်ကြားတယ်။ ကျုပ်ဖြင့် စိတ်မကောင်းလွန်းလို့ မျက်ရည်ပေါက်ပေါက်ကျခဲ့ရတာပေါ့ဗျာ။ ကျုပ်သိပ်ခင်တဲ့ သူငယ်ချင်း ငမိုး သေတာတောင် ကျုပ်မှာ အသုဘ မပို့နိုင်ခဲ့ပါဘူးဗျာ။

ကျုပ်တို့တစ်ရွာလုံးကလည်း ငမိုးကို လွတ်ချစ်ကြတာဗျ။ ငမိုး သေတော့ တစ်ရွာလုံး စိတ်မကောင်းကြဘူး။ အထူးသဖြင့် ကျုပ်ကို တွေ့တိုင်း ငမိုးကို သတိရကြတယ်ပေါ့ဗျာ။ ကျုပ်နဲ့ ငမိုးက ကစားဘက်တွေဆိုတော့ တပူးတွဲတွဲ နေကြတာလေ။

ဒါပေမဲ့ ငမိုးက သေသာသေတာ ရွာမှာ ရှိနေတုန်းဗျ။ သူ့မိဘတွေကို လုပ်ကျွေးနေတုန်းတဲ့ဗျို့။

သူကျောင်းနေကျ ရွာထဲကနွားတွေကို မနက်စောစော ကြိုးဖြုတ်ပြီး ရွာပြင်ကို မောင်းထွက်သွားတာတဲ့ဗျ။ ပြီးရင် သူကျောင်း နေကျ စားကျက်မှာပဲ နွားတွေသွားကျောင်းရောတဲ့ဗျို့။ ညနေ စောင်းရင် နွားတွေမောင်းပြီး ပြန်လာတာတဲ့။ သူ့ခြံနဲ့သူ မမှား အောင်ကို ပြန်ပို့တာတဲ့ဗျ။

ရွာထဲကလူတွေ လန့်သွားကြတာပေါ့ဗျာ။ နွားရှင်တွေက လည်း စိုးရိမ်ပြီး ငမိုး နင့်ကို ငါတို့ နွားကျောင်းမအပ်တော့ဘူးလို့ ပြောကြတယ်။ အဲဒီလိုပြောရင် ငမိုးက အဲဒီနွားတွေကို မကျောင်း တော့ဘူးတဲ့ဗျ။

ဒါပေမဲ့ ဘိုးညီလေးတို့အိမ်ကတော့ ငမိုးကို သနားလို့ နွားတွေမကျောင်းနဲ့တော့လို့ မပြောရက်ကြဘူးတဲ့ဗျာ။ ငမိုးက လည်း ဘိုးညီလေးတို့အိမ်က နွားတွေကို မနက်မောင်းသွား ညနေ ပြန်ပို့ ဆက်လုပ်နေတာတဲ့ဗျ။ ဘိုးညီလေးတို့ကလည်း ငမိုးရဲ့ နွားကျောင်းခကို သူ့အမေ အဖေကို အမြဲပေးသတဲ့။ သူ့မိဘတွေ ကလည်း ငမိုး သူကျောင်းတဲ့နွားတွေကို စွဲလန်းပြီး တစ္ဆေဖြစ်နေ မှန်းသိတော့ ဘိုးညီလေးတို့ပေးတဲ့ နွားကျောင်းခတွေကိုစုပြီး ငမိုးအတွက် အလှူအတန်းလုပ်ပေးပြီး အမျှအတန်း ဝေကြတယ် တဲ့။ ဒါပေမဲ့ ငမိုးကတော့ နွားတွေကျောင်းမြဲ ကျောင်းနေတာပဲ တဲ့ဗျ။ ဒီတော့ ငမိုး မကျွတ်သေးဘူးပေါ့ဗျာ။

ဘိုးညီလေးတို့အိမ်က နွားတွေဆိုတာ ငမိုးက စားကျက် ကောင်းကောင်းမှာ သွားသွားပြီးကျောင်းပေးတော့ ဝဖီးနေတာတဲ့ ဗျာ။

ရွာကလူတွေကတောင် ပြောကြသတဲ့။ တစ္ဆေကျောင်းတဲ့

နွားလောက်ကောင် မင်းတို့ကျောင်းတဲ့ နွားတွေက မဝပါလားကွ လို့။ တခြားနွားကျောင်းသားတွေကို အပြစ်တင်ကြဆိုပဲဗျ။

ကျုပ်ကတော့ ကျုပ်သူငယ်ချင်း တစ္ဆေဖြစ်နေတယ်ဆိုတာ ကြားတော့ စိတ်မကောင်းဘူးပေါ့ဗျာ။ ယာထဲမှာ ပေါင်းနုတ်၊ ပဲနုတ်၊ နှမ်းနုတ် လုပ်ရင်လည်း ငမိုးက ဝိုင်းကူလုပ်ပေးတာတဲ့ဗျ။

ညတည်းက ပဲတွေနုတ်ထား၊ နှမ်းတွေနုတ်ထားတာတဲ့ဗျ။ ဒီတော့လည်း ရွာသားတွေက ထမင်းစားချိန်ရောက်ရင် ငှက်ပျောဖက်ကလေးနဲ့ ထမင်းဟင်းတွေ ထည့်ပြီး ငမိုးကို ကျွေးကြသတဲ့ဗျို့။

ပထမတော့ ကျုပ်သူငယ်ချင်း တစ္ဆေငမိုးကို ကြောက်ကြတာပေါ့ဗျာ။ လူဆိုတာ တစ္ဆေကြောက်တဲ့သဘာဝ ရှိတယ်မို့လား။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ မကြောက်ကြတော့ဘဲ ငမိုးကို ကျွေးကြမွေးကြတာဗျ။ အလှူအတန်းလုပ်ရင်လည်း ငမိုးကို တစ်နေရာမှာ သွားပြီး ခေါ်ကျွေးကြတယ်။ ပြီးရင် ကုသိုလ်ကို ငမိုးနာမည်ခေါ်ပြီး အမျှပေးကြတယ်ဗျ။ ဒါပေမဲ့လည်း ကျုပ်သူငယ်ချင်းက ခုထိ မကျွတ်လွတ်နိုင်တာ ဘာကြောင့်မှန်းကို မသိပါဘူးဗျာ။

တစ်ခါတော့ ကျုပ်တို့ ထနောင်းကုန်းမှာ ဟူးတိုးဆန်းဆန်း ဖြစ်တယ်ဗျို့။ ငမိုး ကျောင်းနေတဲ့ နွားတွေထဲက တစ်ကောင်

ကို ဘိုးညီလေးက တခြားရွာကလူကို ရောင်းလိုက်တယ်။ ဒါကို ငမိုးက မကြိုက်ဘူးဗျ။ မကြိုက်ရုံတင် မဟုတ်ဘူး။ စိတ်တော်တော်ဆိုးသွားတာဗျ။ ဘိုးညီလေးတို့အိမ်က ရေခွက်တွေကို တွန်းချတယ်။ ရေပုံးတွေကို တွန်းလှဲပစ်တယ်။

"ငမိုးရယ်၊ တင်းကုတ်ထဲမှာ နွားတွေများနေတော့ ကျပ်ညပ်နေလို့ ဘိုးက ရောင်းလိုက်တာပါကွာ"

လို့ ဘိုးညီလေးက ငမိုး စိတ်ဆိုးမှန်းသိလို့ ချော့မော့ပြောတယ်ဗျ။ ညရောက်တော့ ငမိုးက နွားဝယ်သွားတဲ့ရွာကို လိုက်သွားပြီး သူ့နွားကို ပြန်ဆွဲလာတယ်ဗျ။ မနက်ကျတော့ ဟိုရွာက လူက နွားပျောက်တော့တာပေါ့ဗျာ။ ဒါနဲ့ ဘိုးညီလေးဆီကို လာကြည့်တော့ နွားက တင်းကုတ်ထဲ ပြန်ရောက်နေတယ်။ ဟိုလူက တစ်ခါ နွားကို ပြန်ဆွဲသွားတာပေါ့ဗျာ။ ညရောက်တော့ ငမိုးက သူ့နွားကို ပြန်ဆွဲလာတာပဲဗျ။ ဒီလိုနဲ့ သုံးလေးခါဖြစ်တော့ နွားဝယ်တဲ့လူက ပြောသတဲ့။

"ဘိုးညီလေးရယ်၊ ကျုပ်လည်း ညဆိုရင် နွားကို သေသေချာချာ ချည်ထားတာပါပဲဗျာ၊ ကြိုးက ဘယ်လိုဖြစ်လို့ ပြုတ်သွားတယ် မသိပါဘူး၊ တစ်ယောက်ယောက်များ လာပြီးဆွဲသွားသလားလို့တောင် ထင်ရတယ်ဗျို့"

ဒီတော့ ဘိုးညီလေးက အဲဒီလူကို ပြောရတာပေါ့ဗျာ။

"ကဲ…ရင်မောင်ရေ၊ ဒီနွားက ဒီလောက်ဖြစ်နေတာ မင်းလည်း ပင်ပန်းလှပြီ၊ ဒီတော့ မင်းပေးထားတဲ့ နွားဖိုးကိုသာ ပြန်ပြီးယူသွားပါတော့ကွာ"

လို့ ပြောပြီး နွားဖိုးကို ပြန်ပေးလိုက်ရတယ်တဲ့ဗျို့။

အဲဒီကတည်းက ဘိုးညီလေးလည်း နွားမရောင်းရဲတော့ဘူးတဲ့ဗျို့။ ဒီတော့မှ ကျုပ်တွေးမိသွားတာဗျ။ ဒီကောင် ငမိုး၊ တစ္ဆေဖြစ်နေတာ နွားတွေကို သံယောဇဉ် ဖြစ်နေလို့ဆိုတာ။ ဒီကောင်က ငယ်ငယ်လေးကတည်းက နွားကို လွတ်ချစ်တာဗျ။ ကျုပ်နဲ့ ကစားရင် နွားတွေအကြောင်း ခဏခဏ ပြောတတ်တယ်။ ဘယ်သူ့အိမ်ကနွားက ဘယ်လိုကောင်းတာ၊ ဘယ်အိမ်ကနွားက ဘာဖွေပါတာ၊ ဖွေဦးပါရင် ဖြစ်တတ်တဲ့ နွားရဲ့အကျင့်၊ ဖွေကောင်းပါရင် ဖြစ်တတ်တဲ့ နွားရဲ့အကျင့်။ ဒါတွေကို ဒီကောင်က ငယ်ငယ်ကတည်းက သိနေတာဗျ။ သူက နွားချစ်တဲ့ အကောင်ဆိုတော့ လူကြီးတွေ ပြောတာကို အမြဲမှတ်ထားတာပေါ့ဗျာ။

နောက်တစ်ခုက ငမိုးတို့မိဘတွေက လက်လုပ်လက်စားတွေဆိုတော့ နွားမရှိကြဘူးလေဗျာ။ ဒီတော့ ငမိုးက သူများနွားတွေကိုပဲ ချစ်နေရတာဗျ။ ဒါကြောင့် နွားကျောင်းရတဲ့ အလုပ်ကို

ငမိုးက သိပ်ကြိုက်တာ။ နွားတွေနဲ့ သွားလာနေရရင် ဒီကောင် ပျော်နေတာဗျ။

တိရစ္ဆာန်ဆိုတာလည်း အသိရှိတာပဲဗျ။ ငမိုးက သူတို့ကို ချစ်မှန်းသိတော့ သူတို့ကလည်း ငမိုးကို ချစ်ကြတယ်ဗျ။ ရွာထဲက နွားတင်းကုတ်တွေထဲကို ငမိုး ဝင်လာရင် နွားတွေအကုန်လုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ပြီး ဒီကောင့်ကို ခေါင်းကြီးတွေငုံ့ပေးပြီး ငမိုးရဲ့ အပွတ်အသပ်ကို ခံကြတာ။

ပြီးတော့ ငမိုးက ငယ်ငယ်လေးကတည်းက အမဲသား မစားဘူးဗျ။ သူ့မိဘက ဘယ်လိုကျွေးကျွေး လုံးဝကို မစားတာ။

နွားတွေ လွတ်ချစ်တတ်တဲ့ ငမိုး။ နွားသား လုံးဝမစားတဲ့ ငမိုး။ သေတဲ့အခါကျတော့ သူကျောင်းရတဲ့ နွားတွေကို စွဲလန်းတဲ့ စိတ်နဲ့ တစ္ဆေဖြစ်သွားတာပေါ့ဗျာ။ ကျုပ်လည်း စိတ်မကောင်းရုံက လွဲလို့ ဘာမှမလုပ်တတ်ဘူးပေါ့ဗျာ။

ငမိုးကျောင်းတဲ့ နွားတွေဆိုတာ အစာဝတော့ ဝဖီးနေတာ ပေါ့ဗျာ။ ငမိုးက တစ္ဆေဆိုတော့ ဘယ်နားမှာ မြက်နုတွေရှိတယ် ဆိုတာ သိနေမှာပေါ့လေ။ သူ့နွားတွေကို မြက်နုတွေ အမြဲကျွေး တော့ နွားတွေက ဝတော့တာပေါ့ဗျာ။ သူကျောင်းတဲ့ နွားတွေက တော့ သူ့ကို မြင်ကြပုံပဲဗျ။ သူပြောတာလည်း ကြားတဲ့ပုံပဲ။

အံ့တော့ အံ့ဩစရာပေါ့ဗျာ။ တစ္ဆေဖြစ်တာတောင် မိဘကို နွားကျောင်းကျွေးတဲ့ကောင်ဗျ။ ဒီလိုလူမျိုး လောကမှာ ကျုပ်သူငယ်ချင်း ငမိုးတစ်ယောက်ပဲ ရှိတယ်ထင်ပါတယ်ဗျာ။

နောက်တော့ ကျုပ်က ဆရာကြီးတွေနဲ့တွေ့ပြီး သူတို့ကိစ္စတွေကူလုပ်၊ ခိုင်းတာမှန်သမျှ မညည်းမညူ လုပ်ပေးဆိုတော့ ဆရာကြီးတွေက ကျုပ်ကို ဆေးတွေဝါးတွေ ချီးမြှင့်ကြတယ်။ မျက်ကွင်းဆေးလည်း ပါတာပေါ့လေ။ မျက်ကွင်းဆေး ရပြီးတဲ့နောက်မှာ ကျုပ် နာနာဘာဝတွေကို မြင်နိုင်တာပေါ့ဗျာ။ ဒါတွေအားလုံး ခင်ဗျားလည်း သိပြီးသားတွေပါ။

ကျုပ်ဆိုတဲ့ကောင်ကလည်း နေရာတကာ လွှတ်စပ်စုတဲ့ကောင်လေဗျာ။ မျက်ကွင်းဆေး ရတာနဲ့ ကျုပ်က ကျုပ်သူငယ်ချင်း ငမိုးကို ရှာတော့တာပေါ့ဗျာ။

မနက်စောစော ဘိုးညီလေးရဲ့ နွားတွေကို ငမိုးထုတ်ပြီး စားကျက်ကို သွားတယ်။ သူသွားတဲ့ စားကျက်ကို ကျုပ်နောက်က လိုက်သွားတယ်။

ပထမတော့ ကျုပ် သူ့ကို မြင်နေတာကို ငမိုး မသိဘူးဗျ။ ကျုပ်လိုက်လာတာကို လှည့်ကြည့် လှည့်ကြည့် လုပ်ရင်းနဲ့ နွားတွေ မောင်းသွားတယ်။ နွားတွေကို စားကျက်ထဲ လွှတ်ပြီးတော့

ကတက်ပင်ကြီးအောက်မှာ သွားထိုင်နေတယ်ဗျ။

ငမိုး သေတုန်းက သူမှုတ်နေကျ ကြေးပုလွေလေးက ကျုပ်အိမ်မှာ ကျန်ခဲ့တာဗျ။ ကျုပ်က ငမိုးနောက်ကို လိုက်ဖို့ ကြံကတည်းက ပုလွေလေးကို ခါးမှာထိုးလာခဲ့တာ။ ငမိုးထိုင်နေတဲ့ ကတက်ပင်ကြီးနဲ့ မလှမ်းမကမ်းက ဝါးရုံအောက်မှာ ကျုပ်က ဝင်ထိုင်လိုက်ပြီး ကြေးပုလွေလေးကို ထုတ်လိုက်တယ်။ ငမိုးကို ကျုပ်က မသိမသာ ကြည့်နေတာပေါ့ဗျာ။ ဒါပေမဲ့ သူ့ကို မမြင်တဲ့ ပုံနဲ့ နေရတာဗျို့။

ငမိုး မှုတ်နေကျ ကျွန်တော့်မမပုသိမ်သူဆိုတဲ့ သီချင်းကို ကျုပ်က ပုလွေနဲ့ မှုတ်လိုက်တယ်။ ငမိုး ကျုပ်ကို စိုက်ကြည့်နေတယ်ဗျို့။ သိပ်မကြာဘူးဗျ။ ဒီကောင် ကတက်ပင်အောက်က ထလာပြီး ကျုပ်နားမှာ လာရပ်တယ်။ ကျုပ်ကိုလည်း စိုက်ကြည့်နေတယ်။

ဒီတော့မှ ကျုပ်က ပုလွေမှုတ်တာကို ရပ်လိုက်ပြီး သူ့ကို ပြန်ပြီးကြည့်လိုက်တယ်။ ဒီတော့မှ ငမိုး သဘောပေါက်သွားတာ ဗျို့။ ကျုပ် သူ့ကို မြင်မှန်း သူသိသွားတာ။

ငမိုးက အရမ်းကို အံ့သြသွားပြီး ကျုပ်ကို ကြည့်နေတယ်ဗျ။ ဘာစွဲဆိုပေမယ့် အကုသိုလ်ကြောင့် ဖြစ်တာမဟုတ်ဘဲ နွားတွေကို

စွဲလန်းတဲ့စိတ်ကြောင့် ဖြစ်တာဆိုတော့ ငမိုးက ပုံပျက်ပန်းပျက် မဟုတ်ဘူးဗျ။ နဂိုပုံစံအတိုင်းပါပဲ။ အဝတ်အစားကလည်း သူဝတ်နေကျ ပုဆိုးအကျႌလေး ဝတ်လို့ပဲဗျ။

"တာတေ၊ မင်း ငါ့ကို မြင်ရတယ်ဟုတ်လား" .

ကျုပ်က ဘာမှပြန်မပြောဘဲ ခေါင်းပဲညိတ်ပြလိုက်တယ်။

"ဟာ…ငါ အံ့သြလိုက်တာကွာ"

"မအံ့သြနဲ့ ငမိုး၊ ငါ ဒီအတိုင်းမြင်ရတာ မဟုတ်ဘူး၊ ဆရာကြီးတွေ ပေးထားတဲ့ မျက်ကွင်းဆေးကြောင့် မြင်ရတာကွ"

"ဘာ မျက်ကွင်းဆေး ဟုတ်လား တာတေ"

"အေး ဟုတ်တယ်၊ သွေးပြီးတော့ မျက်စိကို ကွင်းရင် အားလုံးမြင်ရတယ်၊ နားမှာလိမ်းပြီး ဂါထာရွတ်ရင် နားကပါ ကြားရတယ်"

"ဟေ…ဟုတ်လား၊ အခု ငါပြောတာတွေ မင်းကြား တယ်ပေါ့ ဟုတ်လား"

"ဟကောင် ငမိုးရဲ့၊ ငါကြားလို့ မင်းကို ပြန်ပြောနေတာ ပေါ့ကွ"

"ဝမ်းသာလိုက်တာကွာ၊ ငါသေပြီးကတည်းက ဘယ်မှ မသွားဘဲ ရွာမှာနေတာကွ၊ မင်း မြို့ကပြန်လာရင် မင်းဆီကိုလည်း

ငါ အမြဲလာပါတယ်၊ မင်းက ငါ့ကို မမြင်ဘူးလေ"

"အဲဒီတုန်းက ငါ့မှာ မျက်ကွင်းဆေး မရှိသေးဘူးလေ ကွာ၊ အခုမှ မျက်ကွင်းဆေး ရလာတာကွ ငမိုးရဲ့"

"မင်းဆေးက တော်တော်ကိုစွမ်းတာပဲ တာတေ"

"အေး၊ ဆရာကြီးတွေ ချီးမြှင့်ထားတာကိုး သူငယ်ချင်း ရဲ့၊ စွမ်းတာပေါ့ကွာ၊ မင်းကိုတော့ ငါ ချီးကျူးပါတယ် ငမိုးရာ"

"ဟေ..ဘာဖြစ်လို့တုံးကွ တာတေရ"

"မင်းက သေပြီးတာတောင် မိဘကို နွားကျောင်းပြီး ကျွေးတဲ့ကောင်လေကွာ၊ ပြီးတော့ ရွာသားတွေကို နှမ်းတွေ ပဲတွေ ကူနှုတ်ပေးတော့ သူတို့က ကျေးဇူးတင်ပြီး ဆုံသားရတဲ့အခါဆိုရင် မင်းတို့အိမ်အတွက် ပို့ပေးကြတာကွ"

ကျုပ်ပြောတာကို ငမိုးက ဘာမှပြန်မပြောဘဲ ငြိမ်ပြီး နားထောင်နေတယ်ဗျ။

"ဒါထက် ငါ မသိလို့ မေးပါဦးမယ် ငမိုးရဲ့"

"ဟေ..ဘာတုံးကွ တာတေရ"

"ရွာကလူတွေ အလှူအတန်းလုပ်တိုင်း မင်းနာမည်တပ် ပြီး အမျှဝေကြတာ မင်း သာဓု မခေါ်နိုင်ဘူးလား"

"ငါ သာဓု မခေါ်နိုင်ခဲ့ဘူး တာတေ၊ သူတို့ အဲဒီလို

အချစ်ပေမယ့် ငါ တစ်ခါမှ မကြားရဘူးကွ၊ ငါ့မှာ အကုသိုလ်တွေ ရှိနေသေးလို့ ဖြစ်မှာပေါ့ကွာ"

"အော်…ဖြစ်မှ ဖြစ်ရလေ သူငယ်ချင်းရာ၊ ဒါထက်နေပါဦး ငမိုးရဲ့၊ မင်းမှာ တခြေသူငယ်ချင်းတွေ ဘာတွေရော မရှိဘူးလားကွ"

"ဟာ ရှိတာပေါ့ကွ၊ ရွာနောက်ဘက်က သင်္ချိုင်းကုန်းသွားတဲ့လမ်းမှာ သရက်ပင်ကြီးတစ်ပင် ရှိတယ်မို့လား၊ အဲဒီအပင်မှာ ငါ့ကို နေရာပေးထားတာကွ"

"ဟော…ဘယ်သူက မင်းကို နေရာပေးတာတုံး"

"ဒီလိုကွ၊ ငါ ပိုးထိပြီးသေတော့ ငါ့ကိုယ်ငါ သေမှန်းမသိဘူး၊ ငါယာထဲမှာ အိပ်ပျော်နေတာ၊ ငါ့ကို တစ်ယောက်ယောက်က လာနှိုးသလိုထင်လို့ မျက်လုံးဖွင့်ကြည့်တော့ ဝတ်ဖြူစင်ကြယ်နဲ့ ဘိုးဘိုးတစ်ယောက်ကွ၊ အဲဒီဘိုးဘိုးက ငါ့ကို 'လူလေး ငမိုးထတော့ကွဲ့၊ မင်း နေရမယ့်နေရာကို ဘိုးဘိုး လိုက်ပို့မယ်' ဆိုပြီး အဲဒီသရက်ပင်ကို ခေါ်သွားတယ်"

"နေပါဦး ငမိုးရဲ့၊ မင်းအိပ်ပျော်နေတာ ဘယ်လောက်တောင် ကြာသွားတာတုံး၊ ရွာမှာ မင်းအတွက် ဆွမ်းသွတ်တာတွေ အမျှဝေတာတွေ မင်း မသိဘူးလား"

“ဟော့အေး၊ ငါ ဘာမှမသိဘူးကွ၊ ငါ အိပ်ပျော်သွားတာ ဘယ်လောက်ကြာမှန်းလည်း မသိဘူး”

“အေး ပြောပါဦး၊ အဲဒီသရက်ပင်ကြီးကိုရောက်တော့ စောစောကပြောတဲ့ ဘိုးဘိုးက ဘာပြောတုံး”

“တောင်ဘက်ထွက်နေတဲ့ သရက်ကိုင်းအကြီးကြီးမှာ နေတဲ့ တစ္ဆေကြီးတစ်ကောင်ကိုခေါ်ပြီး ငါ့ကို အဲဒီသစ်ကိုင်းမှာ ခေါ်ထားဖို့၊ ငါ့ကို စောင့်ရှောက်ဖို့ ပြောတယ်။ အဲဒီတစ္ဆေကြီးက ငါ့ကို စောင့်ရှောက်တယ်ကွ တာတေရ၊ ငါက နေ့ခင်းဘက် သွားကျောင်းပြီး ညဘက်ဆိုရင် ဒီသရက်ပင်ကြီးမှာ နေရတာကွ”

“မင်း ဒီသစ်ကိုင်းကြီးမှာ အိပ်ရတာပေါ့ ဟုတ်လား ငမိုး၊ သစ်ကိုင်းပေါ်မှာ မင်းအိပ်လို့ရလို့လား”

“တာတေ၊ ငါတို့တစ္ဆေတွေမှာ အိပ်တယ်လို့ မရှိဘူးကွ၊ ဘာမှမတွေးဘဲ ငြိမ်နေလိုက်ရင် အိပ်လိုက်သလို ဖြစ်သွားတာပဲကွ”

“ဒါဆိုရင် ညတိုင်း မင်း ဒီသရက်ပင်ကြီးကို ဖက်တက် နေရတာပေါ့ ဟုတ်လား ငမိုး”

“ဟာ၊ ဒီကောင်တာတေနှယ်၊ တစ္ဆေပါဆိုမှ သရက်ပင် ကို ဖက်တက်နေရဦးမှာလားကွ၊ စိတ်ညွှတ်လိုက်တာနဲ့ သစ်ကိုင်း ပေါ်ကို ရောက်သွားတာပေါ့ကွ”

"ဟေ··ဟုတ်လား"

"မင်း မယုံရင် ဒီမှာကြည့်၊ ငါလုပ်ပြမယ်"

ငမိုးက ဖျတ်ကနဲ ပျောက်သွားတယ်ဗျ။ ကျုပ်က ဟိုကြည့် ဒီကြည့် ကြည့်နေတုန်းပဲ ရှိသေးတယ်။

"တာတေ၊ ငါ ဒီပေါ်မှာကွ"

ငမိုးအသံကြားလို့ မော့ကြည့်လိုက်တော့ ဒီကောင် ငမိုး ကတက်ပင်ကြီးရဲ့ သစ်ကိုင်းတစ်ကိုင်းမှာ ထိုင်လို့ဗျ။ ကျုပ် လှမ်းကြည့်လိုက်တဲ့အချိန်မှာပဲ ဖျတ်ကနဲ ပျောက်သွားရောဗျို့။ ကျုပ်လည်း ဟိုကြည့်ဒီကြည့် လုပ်တုန်းရှိသေးတယ်။

"တာတေ ငါ ဒီမှာ"

ငမိုးက ကျုပ်နောက်ဘက်မှာ ရပ်လို့ဗျ။ ကျုပ် ဒီကောင့် လက်ကို လှမ်းဆွဲလိုက်တယ်။ ဘာကိုမှ မဆွဲမိဘူးဗျ။ လေကိုပဲ ကိုင်မိတာ။

"ဟာ တာတေ၊ ငါတို့ကို ကိုင်လို့ ဘယ်ရမလဲကွ"

ကျုပ်နဲ့ ဒီကောင်နဲ့ ပြောနေကြတုန်းမှာ ငမိုးမျက်နှာ ပျက်သွားတယ်ဗျ။

"ဟေ့ကောင် ငမိုး ဘာဖြစ်လို့တုံး"

"နွားကားကြီးကွ၊ ဘန့်ဘွေးပင်ကြီးမှာနေတဲ့ အကောင်၊

ဒီကောင်ကြီးက တစ်ခါ တစ်ခါ တို့ဘက်ကို ကျူးကျော်ပြီး ရောက်လာတတ်တယ်ကွ၊ ရောက်လာရင် တွေ့သမျှ တစ္ဆေ သရဲတွေကို အကုန်လုံး ထုရိုက်ပြီး နှိပ်စက်သွားတာကွ"

ကျူပ် ငမိုးပြောတဲ့ နားကားကြီးဆိုတဲ့ သရဲကြီးကို လှမ်းကြည့်လိုက်တော့ အကောင်ကြီးက အကြီးကြီးဗျ။ နားရွက်ကြီးနှစ်ဖက်က ဖျာကြီးနှစ်ချပ်ကိုပဲ ဘေးကိုကားထွက်နေတာဗျ။ ဆင်ကြီးတွေရဲ့ နားရွက်ကို တဖျပ်ဖျပ် ခတ်နေတယ်။ ခေါင်းကြီးက အကြီးကြီးမှာ ပါးစပ်ပေါက်က သေးသေးလေးဗျ။ တစ်ကိုယ်လုံး အမွေးမည်းမည်းကြီးတွေ ဖုံးနေတယ်။ မျက်လုံးကြီးနှစ်လုံးက ပန်းကန်လုံးကြီးတွေလို ပြူးပြီးထွက်နေတာဗျို့။

"ဒီကောင် အစာစားတော့ ဘယ်လိုစားတုံးကွ ငမိုးရဲ့"

"ငှက်ပျောဖက်ကိုလိပ်ပြီး ကန်တော့လို လုပ်ရတယ်ကွ၊ ပြီးတော့မှ အဲဒီငှက်ပျောဖက်ကန်တော့ထဲကနေ အစာတွေကို ထည့်ပြီး ဖြည်းဖြည်းလေး စုပ်စားရတာ"

ခဏနေတော့ နားကားကြီးက ကျူပ်နဲ့ စကားပြောနေတဲ့ ငမိုးကို မြင်သွားပြီး ရပ်ကြည့်နေတယ်ဗျ။ ခဏနေတော့ သူ့လက်ဝါးအကြီးကြီးနဲ့ ငမိုးကို လက်ယပ်ခေါ်တယ်။

"ဟာ ငါ့ကို ခေါ်နေပြီ တာတေရေ၊ အဲဒါ ငါသွားရင်

ငါ့ကို ထုထောင်းရိုက်ပုတ် လုပ်တော့မှာကွ”

“ဟော၊ မသွားရင်ရောကွာ”

“မသွားရင် ဒေါသတွေဖြစ်ပြီး ငါ့ကို အတင်းလိုက်ဖမ်းပြီး ရိုက်တာကွ”

“သြော်…ဒီလိုလား၊ မင်း မကြောက်နဲ့ ငမိုး၊ မင်းအစား ငါသွားလိုက်မယ်”

“ဟာ မလုပ်နဲ့ တာတေ၊ နားကားကြီးက တော်တော်ဆိုးတာနော်၊ မင်း အန္တရာယ်ဖြစ်သွားလိမ့်မယ်”

“ဘာမှမစိုးရိမ်နဲ့ ငမိုး၊ ငါ့မှာ သစ်စုန်းဆေးတော်ပါတယ်”

ကျုပ်က ပြောပြောဆိုဆိုနဲ့ လည်ပင်းမှာ ဆွဲထားတဲ့ ကတ္တီပါအိတ်ရှုံ့လေးထဲက သစ်စုန်းဆေးတောင့်ကို ထုတ်ယူလိုက်တယ်။

ဟာ ငမိုး လွင့်သွားပြီဗျို့။ ကျုပ်က သတိမထားမိဘဲ ဆေးတော်ကို ထုတ်လိုက်တာ။ ဆေးတော်ရဲ့အစွမ်းကို ငမိုး မခံနိုင်ဘဲ လွင့်သွားတာဗျို့။

ကျုပ်က ဆေးတော်ကို လက်မှာကိုင်ပြီး နားကားကြီးဆီကို တည့်တည့်သွားလိုက်တယ်။ နားကားကြီးကလည်း သူ့ကို

ကျုပ် မြင်နေရတာကို အံ့သြသွားတယ်ဗျ။ ဒါပေမဲ့ လက်သီးကြီး နှစ်ဖက်ဆုပ်ပြီး ကျုပ်ဆီကို ပြေးလာတာဗျို့။ ကျုပ်ကလည်း လက်ထဲက သစ်စုန်းဆေးတော်ကို ရှေ့ထုတ်ပြီး ပြလိုက်တော့ တစ်ရှိန်ထိုး ပြေးလာတဲ့ နားကားကြီး ဘုန်းကနဲ ဖင်ထိုင်လျက် လဲကျသွားတယ်ဗျ။

ကျုပ်က သစ်စုန်းဆေးတော်ကို ကိုင်ပြီး သူမြင်သာအောင် ပြလိုက်တော့ ဒီကောင်ကြီး မကြည့်ရဲဘူးဗျ။ မျက်စိတွေကို လက်နဲ့ အုပ်ထားတယ်။ ခဏနေတော့ ကုန်းကုန်းကြီး ထလာပြီး ကျုပ်ကို ကြည့်နေတယ်။

"ဟေ့ နားကားကြီး၊ ငါ့နာမည် တာတေကွ၊ ထနောင်းကုန်းမှာ နေတာ မင်း မှတ်ထား၊ ငါ့ဆရာကြီးတွေက အထက်ပုဂ္ဂိုလ်ကြီးတွေချည်းပဲကွ နားကားကြီးရဲ့၊ မင်းကို ဒီနယ်ပယ်ကနေ အပြီးနှင်ထုတ်လိုက်လို့ ရတယ်၊ ကြားလား နားကားကြီး"

နားကားကြီးက ခေါင်းညိတ်ပြတယ်ဗျ။

"ဟောဒီတစ္ဆေ ငမိုးက ငါ့သူငယ်ချင်းကွ၊ မင်း သူ့ကို အနိုင်ကျင့်ရင် မင်းကို နယ်နှင်ပစ်မယ် ကြားလား၊ ငါ့သူငယ်ချင်းကို နောက်ထပ် ဘယ်တော့မှ အနိုင်မကျင့်နဲ့၊ ကြားလား နားကားကြီး"

ကျုပ်က လက်ထဲက သစ်စုန်းဆေးတောင့်နဲ့ ပစ်မလို့ လုပ်လိုက်တော့ နွားကားကြီး နောက်လှည့်ပြီး ပြေးရောဗျို့။ ပြေးတာမှ ကျွဲကြီးတစ်ကောင် ကစုန်ပေါက်ပြီးပြေးသလိုကို ပြေးတာဗျို့။ ဒီတော့မှ ကျုပ်က သစ်စုန်းဆေးတော်ကို ကတ္တီပါအိတ်ထဲ ပြန်ထည့်လိုက်ပြီးတော့...

"ငမိုး သူငယ်ချင်း လာ၊ မင်းကောင်ကြီး ပြေးပြီကွ၊ လာ"

ကျုပ်က ခေါ်ပေမယ့် ငမိုးက ကျုပ်နားကို မကပ်ရဲတော့ဘူးဗျ။

"လာပါကွ၊ ငါ ဆေးတော်ကြီးကို အိပ်ထဲ ပြန်ထည့်လိုက်ပါပြီ"

ဒီတော့မှ ဒီကောင် ကျုပ်နားကို ကပ်လာတာဗျို့။ ကျုပ်နဲ့ ငမိုး အေးအေးဆေးဆေးထိုင်ပြီး စကားဆက်ပြောကြတယ်။

"ရွှေတောင်ဦးဘုရားပွဲရက်ဆိုရင် ငါတို့တစ္ဆေတွေ လွှ ဘ် ပျော်ကြတာကွ တာတေရ"

"ဟေ...ဟုတ်လား၊ ဘာကြောင့်တုံး ငမိုးရဲ့"

"ဆွမ်းတော်ကပ်တဲ့ ထမင်းဟင်းတွေ၊ မုန့်ပဲသရေစာတွေကို သင်ပုတ်ပေါ်မှာ လာတင်တာလေကွာ။ အဲဒါဆိုရင် ဂဇေ္ဆ

သရဲတွေက စားခွင့်ရှိကြတယ်ကွ၊ အဲဒီမှာ ဝမ်းသာအားရနဲ့ ပျော်ပျော်ပါးပါး စားကြရတာပေါ့ကွာ၊ ဒီနယ်ကတင်မကဘူးကွ၊ တခြားနယ်က တစ္ဆေတွေ၊ သရဲတွေပါ လာပြီး စားကြသောက်ကြတယ်ကွ။ စားသောက်တဲ့အခါမှာ ရန်မဖြစ်ရဘူးကွ၊ သရဲထိန်းတွေက ဆူးခက်တပ်ထားတဲ့ တင်းပုတ်ကြီးတွေထမ်းပြီး စောင့်ပေးရတယ်။ ရန်ဖြစ်တဲ့ သရဲတွေ တစ္ဆေတွေကို ဆူးခက်တင်းပုတ်ကြီးတွေနဲ့ ရိုက်ပုတ်ပြီး အပြီးမောင်းတုတ်လိုက်တာကွ။ ဘယ်တော့မှ ပြန်မလာရတော့ဘူး။ (သင်ပုတ်ဆိုတာ ဆွမ်းတော်စွန့်တဲ့အုတ်ခုံကို ခေါ်တာဗျ)

အဲဒါကို ကြောက်လို့ သရဲတွေ တစ္ဆေတွေက ရန်မဖြစ်ကြဘူးဟေ့။ အားလုံး သင့်သင့်မြတ်မြတ်နဲ့ မျှမျှတတ စားကြရတယ်။

တခြားရွာတွေမှာ ဘုရားပွဲတွေ၊ ဆွမ်းတော်ကြီးကပ်ပွဲတွေ ရှိရင်လည်း ငါတို့ သွားစားခွင့်ရှိတယ်ကွ။ ဒါပေမဲ့ ကိုယ့်ရွာက ဘုရားပွဲလောက်တော့ မပျော်ဘူးပေါ့ကွာ"

"ဪ...အဲဒီလိုဆိုရင် မင်းတို့ စားရသောက်ရတာပေါ့"

"ငါကတော့ ဘုရားပွဲ မရှိလည်း စားရတာပါပဲကွာ၊

ငါ့ရွာက လူတွေက ငါ့ကို အလှူအတန်းလုပ်တိုင်း ခေါ်ပြီး ကျွေးကြ မွေးကြတာလေကွာ။ ဒါပေမဲ့ တခြားတစ္ဆေတွေ သရဲတွေက မစားရရှာဘူးကွ။ အစားအသောက် အင်မတန် ရှားပါးကြတယ်။ ငါနဲ့အတူတူနေတဲ့ တစ္ဆေကြီးကိုတော့ ငါ့ကို ရွာက ကျွေးတာမွေးတာတွေကို ငါက ခေါ်ခေါ်ပြီး ကျွေးပါတယ်။ ဒါပေမဲ့ ငါတို့စားတဲ့ သောက်တဲ့အခါ ရွာကလူတွေက ခွေးတစ်ကောင် စားနေတယ်လို့ပဲ မြင်ကြတာကွ"

"ဟော…ခွေးလို့ မြင်တယ် ဟုတ်လား"

"ဟုတ်တယ် တာတေရဲ့၊ ခွေးကစ်ကောင် အစာစားနေတယ်လို့ပဲ မြင်တာကွ"

"ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်၊ မင်း ဒီဘဝက ကျွတ်အောင် လုပ်ပါကွာ ငမိုးရာ"

"ငါ အခုတလောတော့ တော်တော်လေး ပြောင်းလာပြီကွ တာတေရ၊ ငါ ဘုန်းကြီးကျောင်းတွေနား ဖြတ်သွားတဲ့အခါ ဘုန်းကြီးတွေ ဘုရားဝတ်တက်တဲ့ အသံတွေဘာတွေ ငါရပ်ပြီး နားထောင်လို့ ရလာပြီကွ။ တစ်ခါတလေ တရားဟောတာကို အစအဆုံး နာလို့ရလာတယ်။ ညဘက် သရက်ပင်ကြီးပေါ်မှာ ငြိမ်ထိုင်နေတုန်း အိပ်မက် မက်သလို ဖြစ်သွားပြီး ငါက အိမ်ကြီး

တစ်အိမ်မှာ ကလေးလေး ပြန်ဖြစ်နေတယ်တဲ့ကွ"

"ဟာ…ဒါဆိုရင် မင်း လူပြန်ဖြစ်ဖို့ နီးနေပြီထင်တယ်ကွ ငမိုးရ"

"အေးကွာ၊ လူပြန်ဖြစ်ရင်လည်း မင်းနဲ့ နီးနီးနားနား နေရအောင် ထနောင်းကုန်းမှာပဲ ပြန်ဖြစ်ချင်တယ်ကွာ"

"ဟာ…မင်း အဲဒီလိုတွေ စွဲလန်းမနေနဲ့ကွ ငမိုးရ၊ မင်းကံအတိုင်း ဖြစ်ပါစေကွာ၊ ပြီးတော့ ငါ မင်းကို တစ်ခုပြောချင်တယ်။ မင်း နွားတွေအပေါ်မှာလည်း သံယောဇဉ်တွယ်မနေနဲ့ကွ၊ မင်းတို့ ငါတို့တွေဟာ သဗ္ဗေသတ္တာ ကမ္မဿကာ ဆိုတဲ့အတိုင်း ကံစီမံရာကို ခံကြရတာလို့ ဆရာတော် ဟောခဲ့တာကို မင်းလည်း နာခဲ့ရတာပဲကွာ"

"ငါ အခု နွားတွေကို သံယောဇဉ် မတွယ်တော့ပါဘူးတာတောရာ"

"ဒါဆိုရင် ဒီလိုလုပ်ကွာ၊ မင်းအိမ်မှာ မင်းအတွက် ကုသိုလ်ကောင်းမှု လုပ်ပေးဖို့ ငါစီစဉ်လိုက်မယ်၊ အဲဒီနေ့ကျရင် ငါတို့ ဆရာတော် ဦးဂုဏကိုပင့်ပြီး တရားဟောပေးဖို့ ငါလျှောက်မယ်၊ မင်း လာပြီး တရားကို သေသေချာချာနာ ငမိုး၊ ပြီးတော့ သာဓုခေါ်ကွာ"

"ငါ သာမုလည်း ခေါ်နိုင်လောက်ပါပြီကွာ၊ ငါ ဆက်ဆက်လာပြီး တရားနာပါမယ်"

ကျုပ် ရွာပြန်ရောက်တော့ ဘိုးညီလေးကို အကြောင်းစုံ ပြောပြလိုက်တယ်။ ပြီးတော့ ကျုပ်အမေနဲ့ အဘကို ပြောပြတယ်။ အဘနဲ့ ဘိုးညီလေး တိုင်ပင်ပြီး အလှူလုပ်ဖို့ငွေ တစ်ယောက် တစ်ဝက် ထည့်ကြတယ်ဗျ။

ပြီးတာနဲ့ ကျုပ်က ရွာထဲကလူငယ်တွေစုပြီး ငမိုးအတွက် အလှူလုပ်ဖို့ ပြင်ဆင်ရတာပေါ့ဗျာ။ အဘကိုယ်တိုင် မြို့တက်ပြီး သင်္ကန်းပရိက္ခရာ ဝယ်ကယ်။ ဆရာတော်ကို ပရိက္ခရာအစုံလှူမှာဗျ။ ပြီးတော့ ရွာသားတွေကို ထမင်းကျွေးမယ်လေဗျာ။ ဒီသတင်း ကြားတော့ ရွာထဲက ငမိုးကို ချစ်တဲ့ အိမ်တွေက အလှူဝိုင်းထည့် ကြလို့ အလှူက အကြီးအကျယ်ကြီး ဖြစ်သွားရောဗျို့။ ဒါနဲ့ ငမိုးတို့အိမ်ဝိုင်းထဲမှာ အလှူမဏ္ဍပ်ထိုးပြီး သေသေချာချာ လုပ်ရတော့တာပေါ့ဗျာ။ လေးလေးချက်ကြီးတို့က ထမင်းဟင်းတွေ သေသေချာချာ ချက်ပေးကြတယ်ဗျ။

ဆရာတော်ကိုလည်း ကျုပ်က အကျိုးအကြောင်းအားလုံး လျှောက်ထားပြီး အလှူပင့်တယ်။ ငမိုးကိုလည်း အလှူအကြောင်း အသေးစိတ်ပြောပြပြီး ခေါ်ထားလိုက်တယ်။ ပြီးတော့ အလှူ

မဏ္ဍပ်ထဲမှာ စာကပ်ထားတယ်ဗျ။

**"ငမိုး(ခေါ်)မောင်နွေမိုးရဲ့ အလှူတော်"**

စည်လိုက်တဲ့ အလှူဗျာ။ ဆရာတော်နဲ့ သံဃာတော်တွေကို ဆွမ်းကပ်ပြီး ဆရာတော်က တရားဟော ရေစက်ချပေးတယ်ဗျ။

ကျုပ်က မျက်ကွင်းဆေး ကွင်းလာပြီး ငမိုးကို သေသေချာချာ ကြည့်ရတာပေါ့ဗျာ။

ငမိုးက အိမ်အတက်အဆင်းလေးမှာထိုင်ပြီး ဆရာတော်ဟောတဲ့ တရားကို သေသေချာချာ နာတယ်ဗျ။ ဆရာတော်ကလည်း အကြောင်းသိနေတာဆိုတော့ 'ဒကာလေး ငမိုး' လို့ ငမိုးရဲ့ နာမည်ကို တပ်ခေါ်ပြီး ငမိုးကို ရည်စူးဟောတော့တာပေါ့ဗျာ။

ရေစက်ခွက်ကို ငမိုးကိုယ်စား ငမိုးအမေက ကိုင်ပြီး ချပေးတယ်ဗျ။ တရားဆုံးလို့ အမျှဝေတော့ ကျုပ်သူငယ်ချင်း ငမိုးက သေသေချာချာကို သာဓုခေါ်တာဗျ။ ကျုပ် သေသေချာချာ မြင်ရတယ်။

တရားပွဲပြီးလို့ နောက်ဆုံးအကြိမ် သာဓု ခေါ်ပြီးတဲ့အခါ အဆင်သင့်ပြင်ထားတဲ့ ကြေးစည်ကို ထုလိုက်တာပေါ့ဗျာ။

"နောင်၊ ဝေ၊ ဝေ၊ ဝေ"

"နောင်၊ ဝေ၊ ဝေ၊ ဝေ"

ကျုပ် ကြည့်နေတယ်ဗျ။ ငမိုးက ထိုင်နေတဲ့နေရာက မထဘဲ ငြိမ်နေတယ်ဗျ။ ကျုပ်သိတယ်။ ကျုပ်သူငယ်ချင်း ဘဝကူးနေပြီဆိုတာ။ ဟော ပျောက်သွားပြီဗျို့။ ငမိုး ပျောက်သွားပြီ။

ဝမ်းသာလိုက်တာဗျာ။ ကျုပ်ဖြင့် ဝမ်းသာလို့ကို မဆုံးနိုင်အောင် ဖြစ်သွားတာဗျို့။

"တာတေ၊ မင်းသူငယ်ချင်း ဘယ်လိုတုံး"

ကျောင်းပြန်ကြွခါနီး ဆရာတော်က ကျုပ်ကို ကပ်မေးတယ်။ ကျုပ် မြင်နေမယ်ဆိုတာ ဆရာတော် သိတယ်လေဗျာ။

"ငမိုး ကျွတ်သွားပါပြီ ဆရာတော်ဘုရား"

"မင်း သေသေချာချာ တွေ့လိုက်ရဲ့လား"

"တွေ့လိုက်ပါတယ်ဘုရား"

"အေးကွယ်၊ သာဓု၊ သာဓု၊ သာဓု"

လို့ ဆရာတော်က သာဓု သုံးကြိမ်ခေါ်ပြီး ပီတိဖြစ်တဲ့ မျက်နှာနဲ့ ကျောင်းကို ပြန်ကြွသွားတယ်ဗျ။

ကျုပ်လည်း ဝမ်းသာပြီး အလှူမှာ လုပ်စရာတွေ ဆက်လုပ်ရတာပေါ့ဗျာ။

ကျုပ် အိမ်ပြန်ရောက်လို့ အဘနဲ့ အမေကို ပြောပြတော့ အဘတို့လည်း ဝမ်းသာကြတာပေါ့ဗျာ။

တာဝေ

□□□